# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ကဆုန်လပြည့် ၊ ဗုဒ္ဓဟူးနေ့ ၊ (3-5-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၀၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Qin Gang ကို လက်ခံတွေ့ဆုံ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Qin Gang ကို လက်ခံတွေ့ဆုံစဉ်။**

**နေပြည်တော် မေ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Qin Gang ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ညှော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး

**စာမျက်နှာ ၁၆ ကော်လံ ၅ ➪**




ရတနာပုံ

၂၀၂၃ ခုနှစ် မေ ၃ ရက်

အယ်ဒီတာ့အာဘော်

# လေးမြတ်ပူဇော် ကဆုန်လပြည့်ဗုဒ္ဓအခါတော်

ကဆုန်လသည် မြန်မာဆယ့်နှစ်လတွင် ဒုတိယမြောက်လဖြစ်သည်။ ကဆုန်လပြည့်နေ့ကို ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင် စံဝင်နိဗ္ဗာန်နန်းဟု အမှတ်အသားထားကြသည်။ ကဆုန်လပြည့်နေ့သည် ဘုရားရှင်အဆူဆူပွင့်တော်မူသောနေ့အဖြစ် ဗုဒ္ဓဘာသာဝင်တိုင်း အထွတ်အမြတ်ထားသောနေ့လည်းဖြစ်သည်။

ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဘဒ္ဒကမ္ဘာ၌ လေးဆူမြောက်သောဂေါတမအမည်ဖြင့် ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရားထံ နိယတဗျာဒိတ်ကို ကဆုန်လပြည့်နေ့တွင် ခံယူခဲ့သည်။ မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁ဝ၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကိုရရှိ၍ ဘုရားဖြစ်တော်မူခဲ့သည်။ သက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် အင်ကြင်းဥယျာဉ်၌ ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ ထိုသို့ ထူးခြားချက်လေးရပ်နှင့်ပြည့်စုံသဖြင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ကဆုန်လပြည့်နေ့ကို ဗုဒ္ဓအခါတော်နေ့ဟု ခေါ်ဆိုကြသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားဖြစ်တော်မူသော နေ့ထူးနေ့မြတ်ကို အာရုံပြု၍ ကဆုန်လပြည့်နေ့တွင် ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကို ရေသွန်းလောင်းလေ့ရှိကြသည်။ ဗောဓိဟူသောစကားသည် သစ္စာလေးပါးကိုသိသောဉာဏ်၊ သစ္စာလေးပါးကိုသိသောပုဂ္ဂိုလ်၊ ဘုရားပွင့်ရာသစ်ပင်ဟု အဓိပ္ပာယ်ရသည်။ ဗောဓိပင်သည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူရာဌာနဖြစ်ခြင်း၊ ဖွားဖက်တော်ခုနစ်ပါးတွင် စာရင်းဝင်ဖြစ်ခြင်းတို့ကြောင့် ထူးမြတ်သောသစ်ပင်တစ်မျိုးဖြစ်သည်။ မြတ်စွာဘုရားနှင့် တိုက်ရိုက်ဆက်စပ်၍ ဗောဓိပင်၌ ရေသွန်းလောင်းခြင်းအစဉ်အလာကို ခေတ်အဆက်ဆက်ပြုလုပ်ခဲ့ကြသည်။

မြန်မာ့ရိုးရာဆယ့်နှစ်ရာသီပွဲတော်များအနက် ကဆုန်လ၌ ညောင်ရေသွန်းပွဲတော်ကို ရိုးရာပွဲတော်အဖြစ် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ တောရောမြို့ပါ စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ ညောင်ရေသွန်းပွဲတော်ကျင်းပရာ ကဆုန်လသည် "ကဆုန်နယုန် ဆွေ့ဆွေ့ခုန်"ဟုဆိုရလောက်အောင် နေပူရှိန်ပြင်းထန်သောလလည်းဖြစ်သည်။ ထို့ကြောင့် ညောင်ရေသွန်းပွဲတော်ကို ပွင့်တော်မူရာဘုရားရှင်အားရည်မှန်း၍လည်းကောင်း၊ ပူပြင်းခြောက်သွေ့သောအချိန်တွင် ဗောဓိပင်ကို မညှိုးနွမ်းစေလို၍လည်းကောင်း ကျင်းပရခြင်းဖြစ်သည်။

ထို့ပြင် ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာသမိုင်းတွင် အလွန်ပင်ထူးခြားမွန်မြတ်သည့် နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ကျင်းပခဲ့သော အထွေထွေညီလာခံကြီး၌ ကဆုန်လပြည့်နေ့ကို နိုင်ငံတကာဝိသာခါ အခါတော်နေ့ဟု ဆုံးဖြတ်ချက်အမှတ် ၅၄/၁၁၅ ဖြင့် ထုတ်ပြန်ခဲ့သည်။

သို့ဖြစ်ရာ လေးမြတ်ပူဇော် ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင် ဘုရားရှင်၏အဆုံးအမတော်များကို ယုံကြည်လေးမြတ်ကြသော ဗုဒ္ဓဘာသာဝင်တိုင်းသည် ဗုဒ္ဓရုပ်ပွားဥဒ္ဒိဿစေတီတော်များကို အနေကဇာတင် ဗုဒ္ဓါဘိသေကမင်္ဂလာသဘင် ဆင်ယင်ကျင်းပ၍တစ်မျိုး ညောင်ရေသွန်းလောင်း၍ တစ်သွယ် ကျောင်းကန်ဘုရားများသို့သွား၍ ဒါန၊ သီလ၊ ဘာဝနာမှုပြု၍ ဗုဒ္ဓဘာသာ၏အနှစ်သာရများ အဓွန့်ရှည်စေရန် ဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းအမျိုးအမည် ၁၀၂၇ ခုကို ဓာတ်ခွဲစမ်းသပ်နိုင်ခဲ့



မန္တလေး မေ ၂

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်း အမျိုးအမည် ၁၀၂၇ ခုကို ဓာတ်ခွဲစမ်းသပ်နိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များက ထုတ်လုပ်ရောင်းချမည့် စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းအမျိုးအမည် ၆၁၅ ခုကို ဓာတ်ခွဲစမ်းသပ်ပေးရန် လျှောထားဆောင်ရွက်ခဲ့ရာ ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ပေးခြင်းဖြင့် စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်း အမျိုးအမည် ၅၁၇ ခုနှင့် အဏုဇီဝဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းအမည် ၅၁၀ စုစုပေါင်း ကုန်ပစ္စည်းအမျိုးအမည် ၁၀၂၇ ခုကို စမ်းသပ်မှုများ ပြုလုပ်ပေးနိုင်ခဲ့ပြီး လျှောထားချက်ထက်ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဘဏ္ဍာနှစ်အတွင်းမှာ လုပ်ငန်းရှင်တွေထုတ်လုပ်မဲ့ ထုတ်ကုန်ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်နည်းနှစ်မျိုးနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ လျှောထားချက်ထက် ကျော်လွန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဓာတ်ခွဲစမ်းသပ်ပေးရာမှာလဲ စည်းကမ်းသတ်မှတ်ချက်တွေနဲ့ ကိုက်ညီတဲ့ ထုတ်ကုန်ပစ္စည်းတွေကိုပဲ ခွင့်ပြုပေးခဲ့ပါတယ်။ ဘဏ္ဍာနှစ်အလိုက်လဲ လုပ်ငန်းရှင်တွေ ပေါ်ထွက်ရေးအတွက် ထုတ်ကုန်ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်ပေးတာတွေပြုလုပ်ပြီး ခွင့်ပြုပေးပါတယ်။ ထုတ်လုပ်ရောင်းချမဲ့ လုပ်ငန်းရှင်တွေက မိမိတို့ပြုလုပ်ပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမဲ့ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်မှု မဖြစ်မနေပြုလုပ်ရပါတယ်။ အိမ်တွင်းစက်မှုလုပ်ငန်းတွေ စားသောက်ကုန်၊ လူသုံးကုန်တွေကို အများပြည်သူတွေ အများဆုံးသုံးစွဲစားသုံးကြတာကြောင့် အန္တရာယ်ကင်းရှင်းစေဖို့ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်"ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

ထိုသို့ ဘဏ္ဍာနှစ်အလိုက် ဓာတ်ခွဲစမ်းသပ်ပေးနေခြင်းသည် လုပ်ငန်းရှင်များ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ၌ အန္တရာယ်ဖြစ်စေနိုင်သော ဓာတုဆေးဝါးများပါဝင်မှု မရှိစေရန်နှင့် ဈေးအတွင်း ဝင်ရောက်မှု မရှိစေရန်အတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

(၁၈၅)

## မန္တလေး စည်ပင်နယ်နိမိတ်အတွင်း အုတ်၊ ထုံး၊ သဲ၊ ကျောက် သယ်ဆောင်သည့်ကားများ စည်းကမ်းဖောက်ဖျက်မှုရှိ၊ မရှိ စစ်ဆေးမည်

မန္တလေး မေ ၂

မန္တလေး စည်ပင်သာယာနယ်နိမိတ် မြို့နယ်ခြောက်မြို့နယ်အတွင်း အုတ်၊ ထုံး၊ သဲ၊ ကျောက် သယ်ဆောင်သည့်ကားများကို စည်းကမ်းဖောက်ဖျက်မှုရှိ၊ မရှိ မေလအတွင်း ရှောင်တခင်စစ်ဆေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေး စည်ပင်သာယာနယ်နိမိတ် မြို့နယ်ခြောက်မြို့နယ်ဖြစ်သည့် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အမရပူရမြို့နယ်အတွင်း အုတ်၊ ထုံး၊ သဲ၊ ကျောက် သယ်ဆောင်သည့်ကားများ သွားလာရာတွင် လမ်းများပေါ် ကျကျန်မှုမရှိစေရေး၊ အမိုးအကာအုပ်၍ စနစ်တကျသယ်ဆောင်စေရေး၊ သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်စေရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ စည်ပင်သာယာရဲတပ်ဖွဲ့ စသည့် ပူးပေါင်းအဖွဲ့များဖြင့် မေလအတွင်း ရှောင်တခင်စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေး မြို့နယ်ခြောက်မြို့နယ်အတွင်းမှာ သွားလာနေတဲ့ အချို့အုတ်၊ ထုံး၊ သဲ၊ ကျောက် တင်ဆောင်တဲ့ကားတွေအနေနဲ့ စည်းကမ်းလိုက်နာမှုမရှိတာတွေရှိတယ်။ ဒါကြောင့် မေလထဲမှာ စည်းကမ်းဖောက်ဖျက်တဲ့ကားတွေကို ရှောင်တခင်စစ်ဆေးပြီး ဖမ်းဆီးအရေးယူသွားဖို့ရှိပါတယ်။ အချို့အုတ်၊ ထုံး၊ သဲ၊ ကျောက်သယ်တဲ့ကားတွေကျတော့ သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းတယ်။ သတ်မှတ်စည်းကမ်းချက်တွေဖြစ်တဲ့ အမိုးအကာကို လုံအောင်ဖုံးတာတွေကိုလဲ လိုက်ပါလုပ်ဆောင်ကြတယ်။ ဒါပေမဲ့ မရပ်ရတဲ့နေရာတွေမှာ ယာဉ်နှစ်ထပ်ရပ်တာတွေရှိတယ်။ ဒါတွေကိုကျတော့ မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့က ဆက်လက်အရေးယူ ဆောင်ရွက်သွားမှာပါ"ဟု ဦးရဲထွန်းက ပြောပြသည်။

ထိုသို့ စစ်ဆေးရာတွင် စည်းကမ်းဖောက်ဖျက်သည့်ကားများကို တွေ့ရှိပါက အနည်းဆုံးဒဏ်ကြေးငွေကျပ် ၁၀၀၀၀ မှ အများဆုံး ဒဏ်ကြေးငွေကျပ် ၁၀၀၀၀၀ ထိ ဒဏ်ရိုက်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၄)

## မန္တလေးတိုင်းဒေသကြီးအတွင်း သောက်သုံးရေရှားပါးသည့်ဒေသများကို ရေလှူဒါန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေ

မန္တလေး မေ ၂

ရာသီဥတုပူပြင်းလာသည့်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း သောက်သုံးရေရှားပါးသည့်ဒေသများကို ရေလှူဒါန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ကျေးရွာများ၌ သောက်သုံးရေရှားပါးမှုဖြစ်ပေါ်သဖြင့် အကူအညီတောင်းခံလာပါက သက်ဆိုင်ရာမြို့နယ်မီးသတ်စခန်းနှင့် နယ်မြေခံမီးသတ်စခန်းတို့က ရေလှူဒါန်းခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနေကြောင်း၊ မီးသတ်ဦးစီးဌာနအနေဖြင့် ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်တို့၌ ဇန်နဝါရီလတွင် နှစ်ကြိမ်၊ ဖေဖော်ဝါရီလတွင် သုံးကြိမ်၊ မတ်လတွင် ၁၁ ကြိမ်၊ ဧပြီလတွင် အကြိမ် ၄၀ စုစုပေါင်း ၅၆ ကြိမ်တွင် ရေဂါလန် ၈၉၆၀၀ ကို လှူဒါန်းပေးထားပြီးဖြစ်ကြောင်း သိရသည်။

"မီးသတ်ဦးစီးဌာနအနေနဲ့ သောက်သုံးရေရှားပါးတဲ့ ဒေသတွေကို မီးသတ်ယာဉ်တွေနဲ့ ရေလှူဒါန်းပေးနေပါတယ်။ ပြည်သူလူထုအနေနဲ့ကလဲ ကိုယ့်ဒေသမှာ သောက်သုံးရေရှားပါးပြတ်လပ်မှုရှိရင် သက်ဆိုင်ရာမြို့နယ် မီးသတ်စခန်းတွေကို အကူအညီတောင်းမယ်ဆိုရင် မီးသတ်ဦးစီးဌာနအနေနဲ့ နေရာအရောက် ရေလှူဒါန်းပေးနေပါတယ်။ မီးသတ်ဦးစီးဌာနအနေနဲ့ သီးခြားဆောင်ရွက်ပေးနေတာတွေရှိသလို အခြားလူမှုရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးတာတွေလဲ ရှိပါတယ်။ အများဆုံး ရေလှူဒါန်းရတာကတော့ ညောင်ဦးမြို့နယ်ပါ"ဟု ဦးဇော်ဝင်းထွန်းက ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဘားအံမြို့နယ် ကော့သံခါကျေးရွာ၌ ဆိုလာရေတင်စနစ်အသုံးပြုမှု စစ်ဆေး

**ဘားအံ မေ ၂**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့သံခါကျေးရွာ၌ ကျေးလက်နေပြည်သူများ ဆီထွက်သီးနှံစိုက်ပျိုးရာတွင် စိုက်ပျိုးရေအထောက်အကူပြု ဆိုလာရေတင်စနစ်ဖြင့် ရေလုံလောက်စွာရရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးမင်းဝေဖြိုးနှင့်ဝန်ထမ်းများက ရေရရှိရေးကော်မတီဝင်များနှင့်အတူ ကော့သံခါကျေးရွာ၌ ဆိုလာရေတင်စနစ်အသုံးပြု၍ ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ စိုက်ပျိုးရေအထောက်အကူပြု ဆိုလာရေတင်စနစ်ဖြင့် ရေလုံလောက်စွာရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးမင်းဝေဖြိုးက ဆိုလာရေတင်စနစ်ရေရှည်အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ဘားအံမြို့နယ် ကော့သံခါကျေးရွာ၌ စိုက်ပျိုးရေအထောက်အကူပြု ဆိုလာရေတင်စနစ်ဆောင်ရွက်ထားရှိသည့်အတွက် ကျေးရွာရှိ အိမ်ခြေ ၁၆၄ အိမ်၊ လူ ၇၆၄ ဦးတို့အတွက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေ လွယ်ကူစွာရရှိခြင်း၊ ဆိုလာစနစ်ဖြစ်သည့်အတွက် ဒီဇယ်ဖိုးသက်သာခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမှ ကာကွယ်နိုင်ခြင်း၊ ရာသီချိန်အလိုက် အချိန်မီရေသွင်းနိုင်သည့်အတွက် သီးနှံများအထွက်တိုးခြင်း၊ ရာသီပေါ်သီးနှံများ ပိုမိုစိုက်ပျိုးလာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ စွာရရှိကြောင်း ဘားအံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးမင်းဝေဖြိုးက ပြောပြ၍ သိရသည်။

**အထွေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၇၂ လမ်းနှင့် ၇၃ လမ်းကြား ၂၈ လမ်းနေ ဒေါ်မြမြ မိသားစုက ဦးစင်မောင်ထွေး၊ ဒေါ်သန်းနွဲ့၊ ဒေါ်နီနီသန့်နှင့် ဟိန်းမင်းထက်တို့အားရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၈၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာဦးတင်ဝင်းနှင့်တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၇၁၂၈ ဧက လျာထားစိုက်ပျိုးမည်



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၇၁၂၈ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက ဝါသီးနှံ ၁၅၆၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဝါသီးနှံ ၁၇၁၂၈ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"မနှစ်က မိုးသီးနှံစိုက်ပျိုးရာသီမှာ ဝါ ဧက ၁၅၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် စစ်ကိုင်းမြို့နယ်မှာ ဝါဧက ၁၇၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဝါသီးနှံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ရာမှာ မျိုးကောင်းမျိုးသန့်တွေ တောင်သူတွေအလွယ်တကူ စိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးပေးပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက စစ်ကိုင်းမြို့နယ်တွင် ဝါ ၁၅၃၅၇ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိစိုက်ပျိုးခဲ့ရာ ဝါသီးနှံရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါသီးနှံစိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် ကုန်ကျစရိတ် ငွေကျပ် ၃၅၀၀၀၀ ရှိပြီး ဝါတစ်ဧကလျှင် ပိဿာ ၁၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဝါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုနှင့် ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဝါသီးနှံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရန်၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများစိုက်ပျိုးကြရန်၊ နည်းပညာပေးလုပ်ငန်းများ၊ သဘာဝမြေဆွေးပြုလုပ်သုံးစွဲနည်းများဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်ရွှေမြို့နယ် ကြေးထက်ကျေးရွာ၌ သဲဖြူနှင်းလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ညောင်ရွှေ မေ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းပျိုးကျေးရွာအုပ်စု ကြေးထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် သဲဖြူနှင်းလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်မြမြမွေးနှင့်ဝန်ထမ်းများက ကြေးထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် သဲဖြူနှင်းလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ကြေးထက်ကျေးရွာ၌ လမ်းအရှည် ပေ ၁၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ငါးလက်မရှိ ကျေးရွာတွင်းသဲဖြူနှင်းလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၅၅ သိန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များကဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဧပြီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ပြောပြ၍ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# ငါန်းဇွန်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် VDP စီမံကိန်းကျေးရွာများရွေးချယ်ပွဲ ကျင်းပ

**ငါန်းဇွန် မေ ၂**


မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံကိန်းကျေးရွာများရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက ငါန်းဇွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငါန်းဇွန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က ကျေးရွာများတွင် ကျေးရွာတွင်းလမ်းများကောင်းမွန်စေရန်၊ သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာရရှိစေရန်နှင့် ကျေးလက်နေပြည်သူများ အသိပညာဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းကျေးရွာများရွေးချယ်ရာတွင် လိုက်နာရမည့်မူဝါဒများ၊ သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အမှန်တကယ်ဆောင်ရွက်လိုသည့် ကျေးရွာများကို ဦးစားပေးရွေးချယ်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ငါန်းဇွန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသိန်း၊ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်၊ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာတစ်ရွာနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် ကျေးရွာငါးရွာ စုစုပေါင်း ကျေးရွာခုနစ်ရွာတို့ကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



# သရေခေတ္တရာမှတွေ့ရှိခဲ့သည့် ကျောက်ဆစ်လက်ရာများ

မောင်သာ(ရှေးဟောင်းသုတေသန)

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းတစ်ခုဖြစ်သည့် သရေခေတ္တရာသည် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် မှော်ဇာကျေးရွာတွင် တည်ရှိသည်။

သရေခေတ္တရာ ပျူမြို့ဟောင်းမှ တူးဖော်ရရှိခဲ့သည့် ပျူယဉ်ကျေးမှုအထောက်အထားများတွင် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ကျောက်ဆစ်အနုပညာလက်ရာများဖြစ်ကြသည့် ထေရဝါဒဆိုင်ရာ ရုပ်တုများနှင့် မဟာယာနနှင့် ဗြာဟ္မဏ အယူဝါဒဆိုင်ရာ ရုပ်တုများ ပါဝင်ခဲ့သည်။

ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှုအထောက်အထားများတွင် ဗုဒ္ဓဆင်းတုတော်များ၊ စေတီများ၊ စေတီပုံနှင့် ဗုဒ္ဓဆင်းတုတော်ပုံများကို ထွင်းထုထားသည့် ကျောက်ချပ်များ၊ နတ်ရုပ်များ၊ ဗြဟ္မာရုပ်များ၊ လူရုပ်များပါရှိသည့် ပလ္လင်များ၊ ဗုဒ္ဓဘုရားရှင်၏ဖြစ်တော်စဉ်လာဇာတ်ကွက်များကို ထုလုပ်သည့် ကျောက်ဆစ်လက်ရာများလည်းပါဝင်ခဲ့သည်။

သရေခေတ္တရာမှ တွေ့ရှိခဲ့သည့် ကျောက်ဆစ်လက်ရာများကို အကြမ်းအားဖြင့် ဗုဒ္ဓဘာသာဆိုင်ရာ ရုပ်တုများ၊ ဟိန္ဒူဘာသာဆိုင်ရာရုပ်တုများ၊ ပရိဘောဂ အသုံးအဆောင်များနှင့် စိတ်ကူးယဉ်ရုပ်တုများဟု လေးမျိုးခွဲခြားနိုင်ကြောင်း သရေခေတ္တရာမြို့ဟောင်းကို တူးဖော်ခဲ့သူ ဦးစိန်မောင်ဦးက ရေးသားခဲ့သည်။

**ဌာပနာတိုက်ဖုံး ကျောက်ပြားနှစ်ချပ်**

သရေခေတ္တရာမြို့ဟောင်း တူးဖော်မှုများအနက် ၁၉၂၆-၁၉၂၇ ခုနှစ်တွင် ခင်ဘကုန်းတူးဖော်မှုမှရရှိခဲ့သည့် ဌာပနာတိုက်ဖုံးနှစ်ချပ်ကို သရေခေတ္တရာမြို့ဟောင်းရှိ သီရိခေတ္တရာပြတိုက်တွင် ပြသထားရာ ထေရဝါဒဆိုင်ရာ ထူးခြားသည့်ကျောက်ဆစ်လက်ရာများအဖြစ် လေ့လာနိုင်ကြသည်။

လေးပေ ကိုးလက်မမြင့်၍ လေးပေ ခြောက်လက်မကျယ်ကာ လေးလက်မထူသော ဌာပနာတိုက်ဖုံး သဲကျောက်ပြားပေါ်တွင် မှောက်ထားသည့် ပေါင်းချောင်ပုံသဏ္ဌာန် ဖောင်းကြွစေတီ၏ ဟာမိက (ဓာတ်တော်တိုက်)ကို ထင်ရှားစွာမြင်တွေ့ကြရသည်။ ဓာတ်တော်တိုက်ပေါ်တွင် အရွက်ငါးဆင့်ပါရှိသည့် ထီးကို စိုက်ထူထားကာ စေတီပုံအောက်ခြေ၌ မုခ်ပေါက် ငါးခုပါရှိပြီး မုခ်ပေါက်တစ်ခုစီ၌ ဈာနမုဒြာ လက်တော်ဟန်ဖြင့် သီတင်းသုံးနေသည့် ဆင်းတုတော် တစ်ဆူစီပါရှိသည်။ ၎င်းဆင်းတုတော် ငါးဆူသည် ဤကမ္ဘာပေါ်တွင် ပွင့်တော်မူပြီးသော ဘုရားရှင်လေးဆူနှင့် နောင်ပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင်ကို ရည်မှန်းထုလုပ်ထားခြင်းဖြစ်ပေသည်။

စေတီတော်၏ တစ်ဖက်စီ၌ ထီးမိုးပေးနေသည့် ဗြဟ္မာရုပ်တစ်ခုစီနှင့် တံခွန်များပါရှိပြီး စေတီ၏ ဝဲယာနှစ်ဖက်၌ နေနှင့်လကို ထုလုပ်ထားကာ စေတီအောက်ခြေ၌ ပလ္လင်ခုံဟု ယူဆရသည့်အရာက ပေါ်လွင်နေသည်။ ၎င်းဌာပနာတိုက်ဖုံးပေါ်တွင် ထုလုပ်ထားသည့် စေတီပုံသည် အိန္ဒိယနိုင်ငံ ဆာနတ်ရှိဆန်ချီစေတီနှင့် ပုံသဏ္ဌာန်တူညီနေသည်။

ဒုတိယ ဌာပနာတိုက်ဖုံးသည် ငါးပေ လေးလက်မမြင့်၍ လေးပေခုနစ်လက်မကျယ်ကာ ခြောက်လက်မထူပြီး ကျောက်ပြားပေါ်တွင် ထုလုပ်ထားသည့် ဖောင်းကြွရုပ်သည် ပထမအဖုံးအတိုင်းတွင်ပါရှိသည့် ဖောင်းကြွရုပ်နှင့်တူညီသည်။

**ဆင်းတုထုလုပ်ထားသည့် ကျောက်ချပ်များ**

၁၉၀၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည့် ပြင်သစ်ဗိုလ်ချုပ် လီယွန်ဒီဗဲလီယေ(Leon de Beylie)နှင့် မြန်မာနိုင်ငံ ကမ္ဘည်းဌာနမှ ကျောက်စာဝန်မစ္စတာတော်စိန်ခိုတို့သည် သရေခေတ္တရာမြို့ဟောင်းကို တူးဖော်ခဲ့ကြရာ မှော်ဇာကျေးရွာအနီးရှိ ကျောက်ကာသိမ်ဘုန်းကြီးကျောင်းဝင်းအတွင်းမှ ကျောက်စာတိုင်တစ်ခု၊ ကျောက်စာတစ်ချပ်နှင့် ကျောက်ရုပ်ကြွသုံးခုကို ရရှိခဲ့သည်။ ၎င်းတို့ကို ထိန်းသိမ်းထားရှိရန် အလျားပေ ၅၀၊ အနံ ပေ ၂၀ ရှိသည့် ကျောက်ကာသိမ်ပြတိုက်ကို တည်ဆောက်ခဲ့သည်။

ကျောက်စာတိုင်သည် အမြင့် နှစ်ပေ ခြောက်လက်မ၊ အကျယ် ၈ ဒသမ ၇ လက်မနှင့် ထု ၉ ဒသမ ၅ လက်မရှိကာ ကျောက်စာချပ်သည် သုံးပေ ကိုးလက်မမြင့်၍ အကျယ် သုံးပေ၊ အမြင့် ၁၁ လက်မရှိသည်။ ကျောက်စာပေါ်တွင် ရေးထိုးထားခဲ့ဖွယ်ရှိသည့် စာများနှင့် အရုပ်များကား မမြင်ရတော့ချေ။

ကျောက်ရုပ်ကြွသုံးချပ်အနက် ပထမအချပ်သည် အမြင့် ရှစ်ပေ နှစ်လက်မ၊ အကျယ် ခြောက်ပေ ခြောက်လက်မ၊ ထု တစ်ပေ ခြောက်လက်မရှိ၍ ဒုတိယအချပ်သည် သုံးပေ ၁၀ လက်မမြင့်၍ အကျယ် ငါးပေ နှစ်လက်မ၊ ထု တစ်ပေ ၁၁ လက်မရှိပြီး တတိယအချပ်သည် လေးပေ ခုနစ်လက်မမြင့်၍ အကျယ် ငါးပေ နှစ်လက်မ၊ ထု တစ်ပေ ခြောက်လက်မရှိသည်။



ရွှေညောင်ပင်ကုန်းမှတူးဖော်ရရှိခဲ့သည့် ဆင်းတုတော်ကိုတွေ့ရစဉ်။

ရုပ်ကြွကျောက်ချပ်များ၏ အလယ်၌ ဘူမိဖဿမုဒြာ(လက်တော်မြေထိဟန်) တင်ပျဉ်ခွေထိုင်တော်မူ ဗုဒ္ဓဆင်းတုတော်ကို ထုလုပ်ထားကာ ဘေးတစ်ဖက်စီ၌ တင်ပျဉ်ခွေထိုင်ကာ လက်အုပ်ချီထားသော သာဝက တစ်ပါးစီကို မြင်ကြရသည်။ ထို့အတူ မှော်ဇာအရှေ့ကျောင်းတွင် ထိန်းသိမ်းထားသည့် ကျောက်ချပ်သုံးချပ်တွင်လည်း ထိုင်တော်မူဆင်းတုတော်ကို သာဝကတစ်ပါးစီက လက်အုပ်ချီထားဟန်ကိုမြင်တွေ့ကြရပေသည်။

ဘောဘောကြီးစေတီအနီးမှ ၁၉၀၆ ခုနှစ်တွင်ရရှိခဲ့သည့် ကျောက်ချပ်ပေါ်၌ တင်ပျဉ်ခွေထိုင်တော်မူ ဆင်းတုတော်၏ လက်ဟန်သည် ဈာနမုဒြာဖြစ်သည်။ ဆင်းတုတော်၏ လက်ပေါ်၌ သပိတ်တင်ထားပြီး ယာဘက်တွင် သာဝကတစ်ဦးက တင်ပျဉ်ခွေထိုင်နေပုံ ထုလုပ်ထားသည်။ သို့သော် ၎င်းသာဝကသည် ဘုရားရှင်ကို ရှိခိုးနေဟန်ထုလုပ်မထားခြင်းသည် ထူးခြားနေသည်။ မူလက ဘယ်ဘက်တွင်လည်း သာဝက တစ်ပါးပုံ ထုလုပ်ထားဟန်ရှိခဲ့ကာ ၎င်းရုပ်ကြွကိုကား မမြင်တွေ့ရတော့ချေ။

ဘဲဘဲဂူအတွင်းရှိ ရှစ်ပေ နှစ်လက်မမြင့်၍ ခြောက်ပေ သုံးလက်မကျယ်ကာ တစ်ပေ သုံးလက်မထူသည့် ကျောက်ချပ်ပေါ်မှ ဆင်းတုတော်သည် နှစ်ထပ် ကြာပလ္လင်ပေါ်တွင် ခြေတော်ထပ်လျက်ထိုင်နေတော်မူကာ လက်တော်ဘယ်ချဟန်ထုလုပ်ထားသည်။ ၎င်းကျောက်ချပ်တွင်လည်း အခြားကျောက်ချပ်များကဲ့သို့ပင် ဝဲယာနှစ်ဖက်၌ တင်ပျဉ်ခွေထိုင်ကာ ရှိခိုးနေသောသာဝက တစ်ပါးစီပါရှိသည်။ ပြင်သစ်ဗိုလ်ချုပ် လီယွန်ဒီဗဲလီယေက ၎င်းကျောက်ချပ်ပေါ်ရှိ ဘုရားရှင်နှင့် သာဝက နှစ်ပါး၏ မျက်နှာတော်များသည် မွန်ဂိုလွိုက် အနွယ်ဝင်တို့နှင့်တူညီကြောင်းနှင့် ကျောက်ချပ်၏အောက်ခြေတွင် အမည်မသိသော ဘာသာစကားဖြင့် ရေးသားထားသည့်စာများကိုတွေ့ရှိရကြောင်း အိန္ဒိယ ရှေးဟောင်းသုတေသန အစီရင်ခံစာ (ASI Annual Report 1909-10)တွင် ရေးသားခဲ့သည်။ (၎င်းဘာသာစကားကို နောင်အခါတွင် ပျူဘာသာစကားဟု အမည်ပေးခဲ့သည်။)

**ဓမ္မစကြာတရားဦးဟောခန်းရုပ်ကြွများ**

၎င်းအစီရင်ခံစာ၌ပင် အရှေ့ဈေးဂူအတွင်းရှိ နှစ်ပေ ရှစ်လက်မမြင့်၍ တစ်ပေ ခြောက်လက်မကျယ်ကာ ခြောက်လက်မထူသည့် ကျောက်ချပ်အကြောင်းကို ဖော်ပြထားသည်။ ကျောက်ချပ်၏ အပေါ်ကန့်တွင် ခြေနှစ်ဖက်ကိုထပ်၍ တင်ပျဉ်ခွေထိုင်နေသည့် ဆင်းတုတော်ကို တွေ့ရှိရသည်။ ဆင်းတုတော်၏ လက်ဝဲလက်သည် လက်ဝဲဒူးပေါ်တွင် တင်ထား၍ လက်ယာလက်မှာမူ တံတောင်ဆစ်ထိသာရှိပြီး မူလက အထက်သို့ မြှောက်ထားဟန်ရှိနိုင်မည်ဟု ယူဆခဲ့သည်။

ရုပ်ပွားတော်၏ ဝဲယာနှစ်ဖက်တွင် ရပ်နေသည့် ရုပ်တုနှစ်ခုသည် မကိုဋ်ဆောင်းထားကြသဖြင့် ဗောဓိသတ္တဟု ယူဆခဲ့ကြသည်။ ကျောက်ချပ်၏ အောက်အကန့်တွင် စကြာပုံတစ်ခုရှိ၍ ဝဲယာနှစ်ဖက်၌ ဝပ်နေသည့် သမင်တစ်ကောင်စီပါရှိသည်။ သမင်တစ်ကောင်စီ၏ဘေးတွင် တင်ပျဉ်ခွေထိုင်ကာ လက်အုပ်ချီထားသော လူနှစ်ဦးစီရှိရာ ညာဘက်မှ လူနှစ်ဦးသည် ခေါင်းတုံးများဖြစ်ကြသဖြင့် သံဃာတော်များဟု ယူဆကြသည်။ ဝဲဘက်မှ နှစ်ဦး၏ ဦးခေါင်းပေါ်၌ သျှောင်ထုံးနှင့်တူသည့်အရာများပါရှိသဖြင့် လူပုဂ္ဂိုလ်များဖြစ်ကြသည်။ ထို့ကြောင့် ၎င်းကျောက်ချပ်တွင် ထုလုပ်ထားသည့်ရုပ်ကြွများသည် မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီငါးပါးကို ဘုရားရှင်က ဓမ္မစကြာတရားဦးဟောတော်မူခန်းဟုယုံကြည်ရကြောင်း ဦးစိန်မောင်ဦးက ရေးသားခဲ့သည်။

ဓမ္မစကြာတရားဦးဟောခန်းကို ပုံဖော်ထားသည့် ရုပ်ကြွချပ်တစ်ခုကို သရေခေတ္တရာမြို့ဟောင်း သောင်းပြည်ကုန်းအနီး ရွှေညောင်ပင်ကုန်းမှ ၁၉၃၉ ခုနှစ်တွင် တူးဖော်ရရှိခဲ့သည်။ ထုံးကျောက်ဖြင့် ပြုလုပ်ထားသည့် ၎င်းကျောက်ချပ်တွင် အကန့်နှစ်ကန့်ပါရှိ၍ အပေါ်ကန့်တွင် ကြာပလ္လင်ပေါ်၌ ဓမ္မစကြမုဒြာဟန် ဘုရားရှင် ရုပ်ပွားတော်ကို ထုလုပ်ထားသည်။ ဆင်းတုတော်သည် လည်ပင်းအထက်ပိုင်းမှစ၍ ပျက်စီးနေပြီး ဘေးနှစ်ဖက်၌ လက်အုပ်ချီထားသည့် ရဟန်းနှစ်ပါးပုံကို ထုထားသည်။ အောက်အကန့်တွင် သမင်တစ်ကောင်စီခြံရံထားသည့်စကြာပုံရှိ၍ လက်ယာဘက်တွင် သိကြားမင်းပုံနှင့် လက်ဝဲဘက်တွင် ဦးခေါင်းသုံးလုံးနှင့် ဗြဟ္မာရုပ်က ဘုရားရှင်ကို ရှိခိုးနေပုံပါရှိသည်။

ဓမ္မစကြာတရားဦးဟောခန်း နောက်တစ်ချပ်ကို သောင်းပြည်ကုန်း အရှေ့ဘက်နှင့် ခင်ဘကုန်း၏ အနောက်ဘက်ရှိ ညောင်နီပင်ကုန်းမှ ၁၉၇၇-၁၉၇၈ ခုနှစ်က တူးဖော်ရရှိခဲ့သည်။ ကျောက်ချပ်၏ ဘယ်ဘက်ထိပ်ပိုင်းသည် ကျိုးပဲ့နေကာ အပေါ်ပိုင်းအလယ်တွင် ကွမ်းတောင်ပေါက်ထားသည့် စေတီပုံမုခ်ကပ်ပါရှိသည်။ ကွမ်းတောင်၏ တစ်ဖက်တစ်ချက်တွင် နတ်ဗြဟ္မာရုပ်များ ထုလုပ်ထားပြီး မုခ်ကပ်အတွင်းတွင် ကြာပလ္လင်ထက်၌ တင်ပျဉ်ခွေထိုင်နေသည့် ဘုရားရှင်ကို ဓမ္မစကြမုဒြာဟန်ထုလုပ်ထားသည်။ ဘုရားရှင်၏ ဘေးနှစ်ဖက်တွင် ဒူးတုပ်ထိုင်နေသော ရဟန်းနှစ်ပါးပုံပါရှိပြီး ရုပ်ပွားတော်၏ အောက်တွင် ဓမ္မစကြာတရားဦးဟောခန်းကို ဖော်ညွှန်းသည့် ဓမ္မစကြာလှည်းဘီးနှင့် သမင်နှစ်ကောင်ကို ထည့်သွင်းထုလုပ်ထားသည်။

**အခြားရုပ်ကြွများ**

ဘုရားရှင်ကို ဘုရားလောင်းများက ခြံရံနေပုံကို လေးမျက်နှာဘုရားတောင်ဘက်မုခ်၏ ဇဟိုမဏ္ဍိုင်နံရံတွင် မြင်တွေ့နိုင်သည်။ ၎င်းကျောက်ချပ်တွင် ဘုရားရှင်သည် ခြေတော်ကိုထပ်၍ တင်ပျဉ်ခွေထိုင်တော်မူနေကာ လက်ဝဲဘက်လက်ကို လက်ဝဲဘက် ဒူးပေါ်တွင်တင်ထားသည်။ လက်ယာဘက်လက်ကိုမူ ထပ်ထားသည့် ခြေနှစ်ဖက်ပေါ်တွင် ထားရှိသည်။

၎င်းကျောက်ချပ်သည် အထက်ပိုင်းပဲ့နေသဖြင့် ဘုရားရှင်၏ မဏိတော်နှင့် လက်ဝဲဘက်ရှိ ရုပ်တု တစ်ခြမ်းမရှိတော့ချေ။ လက်ဝဲဘက်ရှိရုပ်တုသည် ဘုရားလောင်းဖြစ်၍ လက်ယာဘက်မှ ရုပ်တုသည် အမျိုးသမီးတစ်ဦး၏ ဟန်နှင့်တူညီနေကာ မာရ်နတ်၏ သမီးဖြစ်နိုင်ကြောင်း (ASI Annual Report 1909-10) တွင် ဖော်ပြထားသည်။

လေးမျက်နှာ ဘုရားအနောက်ဘက်မျက်နှာရှိ ကျောက်ချပ်ပေါ်တွင် ထုလုပ်ထားသည့်ဘုရားရှင်ပုံတော်သည် တောင်ဘက်နံရံရှိ ဆင်းတုတော်နှင့် တစ်ပုံစံတည်းဖြစ်သော်လည်း ခြေနှစ်ဖက်ကို ထပ်မထားဘဲ လက်ယာဘက် ခြေဖဝါးကို လက်ဝဲဘက် ခြေဖမိုးနှင့် ထိကပ်ထားသည်။ ၎င်းကျောက်ချပ်၏ ထူးခြားချက်မှာ ဘုရားရှင်၏ တစ်ဖက်တစ်ချက်စီ၌ ဘောဘောကြီး၊ ဘုရားမာတို့နှင့်တူသည့် ပျူခေတ်ဟန် စေတီတော် တစ်ဆူစီ ရံနေခြင်းဖြစ်သည်။

အခြားထူးခြားသော ကျောက်ချပ်သည် ဖိုးခေါင်ကန်ကျောက်ချပ်ဖြစ်သည်။ အလျား ကိုးပေ၊ အကျယ် ခြောက်ပေ၊ အထု တစ်ပေရှိသည့် သဲကျောက်ပြားပေါ်တွင် မကိုဋ်ဆောင်းထားပြီး လက်အုပ်ချီထားသည့် နတ်သား နှစ်ပါးက ဘုရားရှင်၏ လက်ယာဘက်တွင်လည်းကောင်း၊ မတ်တတ်ရပ်၍ လက်အုပ်ချီထားသူ သုံးဦးက ဘုရားရှင်၏ လက်ဝဲဘက်တွင်လည်းကောင်း ရှိနေကြသည်။ လီယွန်ဒီဗဲလီယေက ၎င်းပုဂ္ဂိုလ် သုံးဦးအနက် ဘယ်ဘက်မှ နှစ်ယောက်ကို ဣန္ဒာနှင့် ဝဇီရာပါဏိ(Indra or Vajrapani)ဖြစ်နိုင်ကြောင်း အစီရင်ခံစာတွင်ရေးသားခဲ့သည်။ ကျောက်ချပ်၏ လက်ယာဘက်ထိပ်ပိုင်းတွင်ရှိနေသည့် ဒေဝစ္ဆရာဟုယူဆသည့် ရုပ်တုသည်ပျက်စီးနေပြီဖြစ်သည်။

**ဗုဒ္ဓဆင်းတုတော်များ**

သရေခေတ္တရာမြို့ဟောင်းမှ ဘုရားရှင်ရုပ်တုပါရှိသည့် ကျောက်ချပ်များအပြင် ဘုရားဆင်းတုရုပ်ပွားတော်များကိုလည်း တွေ့ရှိခဲ့သည်။

ဉာဏ်တော် သုံးပေ ခြောက်လက်မရှိသည့် ဈာန်ဝင်စားနေဟန် ဆင်းတုတော် တစ်ဆူကို ဘောဘောကြီးဘုရား၏ အရှေ့မြောက်ဘက် ညောင်နီပင်ကုန်းမှ ၁၉၀၆ ခုနှစ်တွင်လည်းကောင်း၊ ဉာဏ်တော် တစ်ပေ ၁၀ လက်မရှိသည့် ဈာနမုဒြာဆင်းတုတော်ကို ကျောက်ကာသိမ် ဘုန်းကြီးကျောင်းအတွင်းမှ ၁၉၂၆ ခုနှစ်တွင်လည်းကောင်း တူးဖော်ရရှိခဲ့သည်။

ထို့အတူ ဘူမိဖဿမုဒြာ ဆင်းတုတော်များကို ကျောက်ကာသိမ် ဘုန်းကြီးကျောင်းဝင်းအတွင်းမှ ၁၉၀၆ ခုနှစ်နှင့် ၁၉၅၉ ခုနှစ်တို့တွင် တူးဖော်တွေ့ရှိခဲ့သည်။ ကျောက်ကာသိမ်ဘုန်းကြီးကျောင်းဝင်းအတွင်းမှပင် ဘူမိဖဿဆင်းတုတော် လေးဆူတွဲကို ၁၉၂၈ ခုနှစ်တွင်လည်းကောင်း၊ သပိတ်ပိုက်ထားသည့်ဆင်းတုတော်များကို ၁၉၅၉ ခုနှစ်ကလည်းကောင်း တူးဖော်ရရှိခဲ့သည်။ ခြေတွဲလဲချထားသည့် ဆင်းတုတော်၊ မတ်ရပ်ဆင်းတုတော် နှစ်ဆူတွဲကိုလည်း ရရှိခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ငပုတောမြို့နယ်တွင် နွေစပါး ၇၆၀၇ ဧက ရိတ်သိမ်းပြီးစီး

**ငပုတော မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ်နွေစပါးစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်နွေစပါး ၇၆၀၇ ဧကကို ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ်နွေစပါးစိုက်ပျိုးရာသီက နွေစပါး ၇၆၀၇ ဧကကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ဧကများကို ယခုနှစ် ဧပြီလပထမပတ်က ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ရိတ်သိမ်းခဲ့သည့်နွေစပါးစိုက်ဧကများမှာ တစ်ဧကလျှင် ပျမ်းမျှတင်း ၉၀ ထိထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် ငပုတောမြို့နယ်မှာ နွေစပါး ၇၆၀၇ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ နွေစပါးတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေဖြစ်တဲ့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတွေက ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ နွေစပါးလျာထားဧကအားလုံး အခု ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ဒီနှစ်နွေစပါးစိုက်ပျိုးရာသီမှာလဲ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ အခက်အခဲမရှိစိုက်ပျိုးနိုင်စေဖို့အတွက် လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့တာကြောင့် ရိတ်သိမ်းတဲ့အခါမှာလဲ အထွက်နှုန်းကောင်းပြီး အရည်အသွေးကောင်းစပါးတွေ ထွက်ရှိခဲ့ပါတယ်"ဟု ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်၌ ယခုနှစ်နွေစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နွေစပါးများ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်သည့်လုပ်ငန်းများ ကွင်းဆင်းသရုပ်ပြခြင်း၊ ရေစိမ့်ထွက်ပေါက်များ ရှာဖွေခြင်း၊ စပါးအထွက်နှုန်း ကောင်းစေရန် နည်းပညာများပို့ချပေးခြင်း စသည့်လုပ်ငန်းများကို ကြိုတင်စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



➤ စာမျက်နှာ ၄ မှအဆက်

၁၉၃၈-၁၉၃၉ ခုနှစ်တွင် သရေခေတ္တရာမြို့ဟောင်းမှရရှိခဲ့သည့်ကျောက်ချပ်တစ်ခုတွင် နာဋာဂီရိဆင် အောင်တော်မူခန်းကို ထုလုပ်ထားရာ ဘုရားရှင်သည် ရဟန်းတော် နှစ်ပါးခြံရံလျက်(ရာဇဂြိုဟ်ပြည်အတွင်းသို့)ဆွမ်းခံကြွနေပုံကို မြင်တွေ့ကြရသည်။ ဘုရားရှင်၏ လက်ဝဲဘက်အောက်ခြေတွင် ဝပ်နေသော(နာဋာဂီရိ)ဆင်ပြောင်ကြီးသည် နှာမောင်းကို မြှောက်လျက် ဘုရားရှင်ကို ဦးညွှတ်နေပုံ ထုလုပ်ထားသည်။

ဖွားတော်မူခန်းကို ထုလုပ်ထားသည့် ကျောက်ချပ်တွင် မတ်တတ်ရပ်နေသော မယ်တော်မာယာဒေဝီသည် ညာလက်ဖြင့် အင်ကြင်းကိုင်းကို ကိုင်ထားကာ ဘယ်လက်ဖြင့် ညီမတော် ပဇာပတိဂေါတမီကို ဖက်ထားပုံကို တွေ့ရှိရပေသည်။ မယ်တော်မာယာ၏ ညာဘက်ဘေးတွင် ဘုရားလောင်းရပ်နေပုံကိုပါ ထည့်သွင်းထုလုပ်ထားသည်။

၁၉၃၉-၁၉၄၀ ပြည့်နှစ်တွင် တွေ့ရှိခဲ့သည့် ကျောက်ပြားချပ်တွင်လည်း ကြာနှစ်ထပ်ပလ္လင်ပေါ်တွင် ထိုင်နေတော်မူသော ဘုရားရှင်သည် ဓမ္မစကြမုဒြာလက်တော်ဟန်ဖြင့် တရားဟောနေပုံကို ထုလုပ်ထားသည်။ ဘုရားရှင်၏ ဝဲယာနှစ်ဖက်တွင် ပဥ္စဝဂ္ဂီငါးပါးပုံပါရှိကာ ညာဘက်အစွန်၌ သိကြားမင်းက ဘုရားရှင်ကိုလက်အုပ်ချီလျက် တရားနာနေပုံကိုမြင်တွေ့ရပြီး ဘယ်ဘက်အစွန်၌ ဦးခေါင်းသုံးလုံးပါရှိသည့် ဗြဟ္မာကြီးသည် လက်အုပ်ချီလျက် တရားနာနေပုံကို ထုလုပ်ထားသည်။

သရေခေတ္တရာတွင်တွေ့ရှိရသည့် ဗုဒ္ဓဘာသာနှင့် နှီးနွယ်နေသော ကျောက်ဆစ်လက်ရာများသည် တစ်ခုနှင့်တစ်ခု ပုံဟန်နှင့် အဆင်အပြင်များ မတူညီကြချေ။ သို့သော် ၎င်းကျောက်ချပ်များကို ပုဂံခေတ်ဗုဒ္ဓဝင်ကျောက်ချပ်များ၏ ရှေ့ပြေးဟုခေါ်ဆိုသင့်ကြောင်း ပညာရှင်များက သုံးသပ်ခဲ့ကြသည်။

သရေခေတ္တရာမှ တွေ့ရှိခဲ့ရသည့် ကျောက်ဆစ်လက်ရာများတွင် ထေရဝါဒဆိုင်ရာ ဗုဒ္ဓရုပ်ပွားတော်များအပြင် မဟာယာနဂိုဏ်းဆိုင်ရာ ဗောဓိသတ္တဘုရားလောင်းရုပ်တုများနှင့် နတ်သမီးရုပ်တစ်ခုလည်း ပါဝင်ခဲ့သည်။ ထို့အတူ ဟိန္ဒူဘာသာဆိုင်ရာ ရုပ်တုများဖြစ်သည့် ဗိဿနိုးနတ်မင်းရုပ်တုများကို သရေခေတ္တရာမြို့ဟောင်းတူးဖော်မှုများမှရရှိခဲ့သည်။

ပရိဘောဂအသုံးအဆောင်များအဖြစ် တွေ့ရှိခဲ့ရသည့် ကျောက်အရိုးအိုးများ၊ ကျောက်ပလ္လင်များ၊ ဌာပနာတိုက်ဖုံးများ၊ တိုင်ဖုံးကျောက်ချွန်များကို သီရိခေတ္တရာပြတိုက်တွင် ပြသထားပြီး ဒွါရာရီရုပ်တုများအဖြစ် တင်းပုတ်ကိုင်ထားသော ဘီလူးရုပ်၊ မနုသီဟခြင်္သေ့ရုပ် စသည်တို့ကို တူးဖော်မှုများမှ ရရှိခဲ့သည်။

သရေခေတ္တရာမှ တူးဖော်တွေ့ရှိခဲ့သည့် ကျောက်ဆစ်လက်ရာအများစုသည် သဲကျောက်များဖြစ်ကြပြီး ဗုဒ္ဓဘာသာဆိုင်ရာ ရုပ်ကြွများထုလုပ်ထားသည့် ကျောက်ချပ်များကို အများဆုံးတွေ့ရှိရသည်။ သရေခေတ္တရာ ကျောက်ဆစ်လက်ရာများက သရေခေတ္တရာ၌ ဗုဒ္ဓဘာသာသည် အေဒီလေးရာစုတွင် ထွန်းကားနေခဲ့ကြောင်း ယူဆနိုင်ပေသည်။ ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် သရေခေတ္တရာတွင် ဗုဒ္ဓဘာသာနှင့်အတူ အခြားသော ယုံကြည်ကိုးကွယ်မှုများရှိခဲ့သော်လည်း ထေရဝါဒ ဗုဒ္ဓဘာသာက ပိုမိုထွန်းကားစည်ပင်ခဲ့ကြောင်း တူးဖော်ရရှိခဲ့သည့် ကျောက်ဆစ်လက်ရာများက သက်သေပြလျက်ရှိနေပေသည်။

**ကိုးကား**

- **ASI Annual Report (1909-10)**
- **သရေခေတ္တရာမြို့ဟောင်း(ဦးစိန်မောင်ဦး)**
- **သရေခေတ္တရာရှိ ဗုဒ္ဓဘာသာဆိုင်ရာ ကျောက်ဆစ်အနုပညာလက်ရာများကိုလေ့လာခြင်း(ဒေါက်တာသန်းသန်းဆီသိန်း)**

# ကဆုန်ညောင်ရေ ဘယ်မမေ့ ဗုဒ္ဓအခါတော်နေ့

- ကဆုန်လပြည့် သည်အခါ
  ရောက်၍လာချိန်မှာ၊
  ထိုအခါ တို့တစ်တွေက
  သွန်းကြညောင်ရေစ။

- သွန်းရပေတဲ့ ထိမ်းမှတ်ကို
  ဤနေ့ဤခါချိန်ဆို၊
  ဗောဓိပင်ကို အမှီထား
  ဘုရားပွင့်ခဲ့သား။

- ဗျာဖွားပွင့်စံ ဤလေးတန်
  ကဆုန်လပြည့်အမှန်၊
  ထိုမှန်သည့်နေ့ ဤလပြည့်
  သွန်းလောင်းကြပါပေ့။

- မမေ့ကြဖို့ ချိန်ခါပေ
  လောင်းကြသည်ညောင်ရေ၊
  ကဆုန်နွေခါ ပူပြင်းလှ
  ဆွေ့ဆွေ့ခုန်ခါပြ။

- ဗောဓိပင်လှ အသက်ရှည်
  ဘုရားပွင့်ရာနေရာပေ၊
  ထိုညောင်တွေကို ရေစင်ဖျန်း
  မမေ့ကြဖို့လမ်း။

- ညောင်ရေသွန်းကြ ပျော်ရွှင်ပေ
  မြတ်စွသာသနာ့မွေ၊
  ပရိဘောဂ စေတီအား
  ဦးခိုက်ရေစင်ပွား။

- ဘုရားပွင့်တဲ့ ဗောဓိပင်
  စဉ်သာဦးထိပ်တင်၊
  ဆင်ခြင်ကာလေ ပွားကာများ
  မြတ်ဗုဒ္ဓရဲ့တရား။

- တရားပေးလို့ လမ်းပြနေ
  ကြိုးစားပါစို့လေ၊
  ထွေလီကာလီ ဘေးဖယ်ရှင်း
  တရားအစဉ်လင်း။

- လမ်းထင်းပေမဲ့ မမြင်ပေ
  လမ်းပေါ်မှာပဲ လမ်းပျောက်နေ၊
  အဖြေကတော့ ခန္ဓာထဲ
  ရှာဖို့လိုရင်းပဲ။

- သည်နှစ်ခါလည်း သွန်းညောင်ရေ
  မပျက်စဉ်လာပေ၊
  မြတ်သည့်အမွေ ရွက်ဆောင်ပေ့
  ဗုဒ္ဓအခါတော်နေ့၊
  ကဆုန်ညောင်ရေမမေ့
  သွန်းကြနွဲ့ပျော်ဓလေ့။ ။

**ပြေအေးသက်**

## နိုင်ငံတကာ သတင်းများ

# အာရပ်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးတို့ ဂျော်ဒန်နိုင်ငံ၌ တွေ့ဆုံ




**အမ္မန် မေ ၂**

ဂျော်ဒန်၊ အီရတ်တို့နှင့် ထိစပ်နေသောဆီးရီးယားနယ်စပ် တစ်လျှောက် မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းများ ပပျောက်ရေးအတွက် အကူအညီပေးရန် ဆီးရီးယားနိုင်ငံကသဘောတူထားကြောင်းရိုက်တာသတင်းဌာနက မေ ၁ ရက်တွင် ဖော်ပြခဲ့သည်။

ဆီးရီးယား၊ အီဂျစ်၊ အီရတ်၊ ဆော်ဒီအာရေဗျနှင့် ဂျော်ဒန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် ဂျော်ဒန်နိုင်ငံအမ္မန်မြို့၌ မေ ၁ ရက်တွင် ထိပ်သီးဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့ကြသည်။

ဆီးရီးယားပြည်တွင်းစစ်အတွက် နိုင်ငံရေးအရ အဖြေရှာရေး အစီအစဉ်အရ ဆီးရီးယားနိုင်ငံနှင့် ပုံမှန်ဆက်ဆံရေးမည်သို့ထားရှိနိုင်မည်ကို ဆွေးနွေးရန် အာရပ်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက အဆိုပါဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် အဆိုပါဆွေးနွေးပွဲသည် ဆီးရီးယားနိုင်ငံကို ၂၀၁၁ ခုနှစ်တွင် အာရပ်အဖွဲ့ချုပ်မှထုတ်ပယ်ခဲ့ပြီးနောက် ဆီးရီးယားအစိုးရနှင့် အာရပ်နိုင်ငံ အုပ်စုတစ်စုတို့ကြား ပထမဆုံးကျင်းပနိုင်ခဲ့သော ဆွေးနွေးပွဲလည်းဖြစ်သည်။

အီရတ်၊ ဂျော်ဒန်နိုင်ငံတို့နှင့် ထိစပ်နေသော ဆီးရီးယားနယ်စပ်တစ်လျှောက်၌ မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းများ ပပျောက်ရေးအတွက် ကူညီရန် ဆီးရီးယားနိုင်ငံက သဘောတူထားသည်ဟု အဆိုပါထိပ်သီးဆွေးနွေးပွဲ ပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။

လက်ရှိအချိန်တွင် အာရပ်နိုင်ငံအချို့သည် ဆီးရီးယားနိုင်ငံကို အာရပ်အဖွဲ့ချုပ်၌ အဖွဲ့ဝင်အဖြစ် ပြန်လည် ထည့်သွင်းရေးအတွက် ကြိုးစားလျက်ရှိသည်။ KKO

# ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် အဂျေးဘန်ဒါကိုရွေးချယ်ရန် ဘဏ်အလုပ်အမှုဆောင်ဘုတ်အဖွဲ့ မဲခွဲဆုံးဖြတ်မည်

**ဝါရှင်တန် မေ ၂**

အမေရိကန်နိုင်ငံက အမည်စာရင်းတင်သွင်းထားသော မာစတာကတ် ကုမ္ပဏီအမှုဆောင်အရာရှိချုပ်ဟောင်း အဂျေးဘန်ဒါကို ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ်ခန့်အပ်ရန် သင့်၊ မသင့်နှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ် အလုပ်အမှုဆောင်ဘုတ်အဖွဲ့က မေ ၃ ရက်တွင် မဲခွဲဆုံးဖြတ်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကမ္ဘာ့ဘဏ်အလုပ်အမှုဆောင်ဘုတ်အဖွဲ့သည် အဂျေးဘန်ဒါကို မေ ၁ ရက်တွင် လေးနာရီကြာတွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့ပြီးနောက် ၎င်းကို ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ်ခန့်အပ်ရေးအတွက် မဲခွဲအတည်ပြုရန် စီစဉ်ထားခြင်းဖြစ်သည်။

ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ရွေးချယ်ပွဲတွင် တစ်ဦးတည်းသော ပါဝင်သူဖြစ်သည့် အဂျေးဘန်ဒါအနေဖြင့် အဖွဲ့ဝင် ၂၅ ဦးပါ ကမ္ဘာ့ဘဏ် အလုပ်အမှုဆောင် ဘုတ်အဖွဲ့၏ ထောက်ခံမှုကို အခက်အခဲမရှိရယူနိုင်ဖွယ်ရှိသည်။

အသက် ၆၃ နှစ်ရှိ အိန္ဒိယနွယ်ဖွား အမေရိကန်နိုင်ငံသားဖြစ်သည့် အဂျေးဘန်ဒါကို ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌသစ်အဖြစ် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယခုနှစ် ဖေဖော်ဝါရီလတွင် အမည်စာရင်းတင်သွင်းခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဘဏ်အလုပ်အမှုဆောင်ဘုတ်အဖွဲ့၏ အတည်ပြုချက်ရရှိခဲ့ပါက အဂျေးဘန်ဒါသည် လက်ရှိကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဒေးဗစ်ဖဲလ်ပက်စ်၏ နေရာ၌ ယခုနှစ်ဇွန်လအတွင်း အစားထိုး ဝင်ရောက်ရမည်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်တွင် စတင်တည်ထောင်ခဲ့သော ကမ္ဘာ့ဘဏ်ကို တည်ထောင်ပြီးချိန်မှစ၍ အမေရိကန် နိုင်ငံသားများကသာ ဥက္ကဋ္ဌအဖြစ် ဦးဆောင်ခဲ့ကြောင်း သိရသည်။

KKO

# အလုပ်သမားနေ့ဆန္ဒပြပွဲများအတွင်း ပြင်သစ်ရဲတပ်ဖွဲ့နှင့် မင်းမဲ့ဝါဒီဆန္ဒပြသမားများကြား ပဋိပက္ခဖြစ်ပွား

**ပဲရစ် မေ ၂**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့နှင့် အခြားမြို့ကြီးများ၌ မေ ၁ ရက် အလုပ်သမားနေ့ဆန္ဒပြပွဲများဖြစ်ပွားခဲ့စဉ် ပြင်သစ်ရဲတပ်ဖွဲ့ဝင်များနှင့် မင်းမဲ့ဝါဒီများကြား ပဋိပက္ခများ ဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။




ပဲရစ်မြို့တွင် မင်းမဲ့ဝါဒီဆန္ဒပြသမားများသည် ရဲတပ်ဖွဲ့ဝင်များကို ဓာတ်ဆီဗုံးများ၊ မီးကျည်များဖြင့် ပစ်ခတ်ခဲ့ပြီး ဘဏ်စကားမှတ်တိုင်များကို ဖျက်ဆီးခဲ့ရာ ရဲတပ်ဖွဲ့ဝင်များနှင့် ပဋိပက္ခများဖြစ်ပွားခဲ့သည်။

ထို့အတူ လိုင်ယွန်မြို့နှင့်နန့်တက်စ်မြို့များတွင်လည်း မင်းမဲ့ဝါဒီဆန္ဒပြသမားများနှင့် ရဲတပ်ဖွဲ့ဝင်များကြား ပဋိပက္ခများဖြစ်ပွားခဲ့သည်။

မေ ၁ ရက် ပဋိပက္ခများအတွင်း ပြင်သစ်ရဲတပ်ဖွဲ့ဝင် ဦးရေ ၁၀၀ ကျော် ဒဏ်ရာများရခဲ့ပြီး မင်းမဲ့ဝါဒီဆန္ဒပြသမား ဦးရေ ၂၀၀ ကျော် ဖမ်းဆီးခံခဲ့ရသည်။

မေ ၁ ရက် အလုပ်သမားနေ့ဆန္ဒပြပွဲများတွင် ပြင်သစ်နိုင်ငံတစ်ဝန်းလုံး၌ အလုပ်သမား ဦးရေ ၈၀၀၀၀၀ နီးပါးတို့က သမ္မတ မက်ခရွန်၏ အငြိမ်းစားရယူနိုင်သည့် အသက်အရွယ်မြှင့်တင်ရေး အစီအစဉ်ကို ဆန္ဒပြကန့်ကွက်ခဲ့ကြသည်။

ပြင်သစ်သမ္မတ မက်ခရွန်သည် အလုပ်သမားများ အငြိမ်းစားယူနိုင်သည့် အသက်အရွယ်ကို ပြီးခဲ့သည့်လက ၆၄ နှစ်ထိ မြှင့်တင်ခဲ့ရာ ၎င်းရရှိထားသော လူထုထောက်ခံမှုနှုန်းမှာလည်း စံချိန်တင်ကျဆင်းခဲ့ရကြောင်း သိရသည်။ KKO

# မလေးရှားကမ်းလွန်၌ ရေနံတင်သင်္ဘော မီးလောင် သင်္ဘောသားသုံးဦး ပျောက်ဆုံးနေ

**ကွာလာလမ်ပူ မေ ၂**

မလေးရှားနိုင်ငံ တောင်ပိုင်းကမ်းရိုးတန်းကမ်းလွန်၌ မေ ၁ ရက်က ရေနံတင်သင်္ဘောတစ်စီး မီးလောင်ကျွမ်းခဲ့ရာ သင်္ဘောသားသုံးဦး ပျောက်ဆုံးနေကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မလေးရှားပင်လယ်ရေကြောင်းအာဏာပိုင်အဖွဲ့သည် အဆိုပါ ရေနံတင်သင်္ဘော မီးလောင်မှုကြောင့် ပျောက်ဆုံးနေသည့် သင်္ဘောသား သုံးဦးကို ယနေ့ထိ ရှာဖွေနေဆဲဖြစ်သည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သော ရေနံတင်သင်္ဘောမှာ ဂါဘွန်နိုင်ငံမှတ်ပုံတင်သင်္ဘောဖြစ်ပြီး သက်တမ်းအားဖြင့် ၂၉ နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။

ပတ်ဘလိုအမည်ရှိ အဆိုပါ ရေနံတင်သင်္ဘောသည် ရေနံစိမ်းသယ်ယူရေးအတွက် တရုတ်နိုင်ငံမှ စင်ကာပူနိုင်ငံသို့ ခုတ်မောင်းနေစဉ် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရခြင်း ဖြစ်သည်။

မီးလောင်မှု ဖြစ်ပွားချိန်တွင် ပတ်ဘလိုရေနံတင်သင်္ဘောပေါ်၌ မည်သည့် ကုန်စည်မျှ တင်ဆောင်ထားခြင်းမရှိသလို မီးလောင်ကျွမ်းမှုကြောင့် လောင်စာဆီယိုစိမ့်မှုမရှိခဲ့ကြောင်း သိရသည်။

ပျောက်ဆုံးနေသော သင်္ဘောသားများဖြစ်သည့် အိန္ဒိယနိုင်ငံသားနှစ်ဦးနှင့် ယူကရိန်းနိုင်ငံသားတစ်ဦးတို့မှာ ပတ်ဘလိုရေနံတင်သင်္ဘောပေါ်မှာပင် ဆက်ရှိနေနိုင်ကြောင်း မလေးရှားတာဝန်ရှိသူများက ယူဆထားသည်။ KKO



# အာရှတိုက်၏ ယခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ ပြင်ဆင်သတ်မှတ်

**ဝါရှင်တန် မေ ၂**

အာရှတိုက်၏ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်း မျှော်မှန်းချက်ရာနှုန်းကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ယနေ့တွင် ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အာရှ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ၄ ဒသမ ၆ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း အိုင်အမ်အက်ဖ်က ပြင်ဆင်ခန့်မှန်းထားသည်။

ပြီးခဲ့သည့်နှစ်အောက်တိုဘာလအတွင်းထုတ်ပြန်ခဲ့သော ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု မျှော်မှန်းချက်အစီရင်ခံစာတွင်အာရှ၏စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၄ ဒသမ ၃ ရာခိုင်နှုန်းအဖြစ် အိုင်အမ်အက်ဖ်က ခန့်မှန်းခဲ့သည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် ယခုနှစ် အာရှစီးပွားရေးဖွံ့ဖြိုးမှုနှုန်း၏ အဓိကတွန်းအားများဖြစ်ကြပြီး တရုတ်နိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၅ ဒသမ ၂ ရာခိုင်နှုန်းနှင့် အိန္ဒိယ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၅ ဒသမ၉ ရာခိုင်နှုန်းထိ ရှိလာနိုင်ကြောင်း အိုင်အမ်အက်ဖ်က တွက်ချက်ထားသည်။

သို့သော် ငွေကြေးတန်ဖိုးဖောင်းပွမှုပြဿနာနှင့် အနောက်အုပ်စုဘဏ်လုပ်ငန်းများ ပြဿနာနှင့်အတူ ကမ္ဘာ့ဈေးကွက်မတည်ငြိမ်မှုပြဿနာတို့သည် အာရှ၏ယခုနှစ် စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းအပေါ် အကျိုးသက်ရောက်မှုရှိလာနိုင်သည်ဟု နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)က သတိပေးထားကြောင်း သိရသည်။

အာရှနှင့် ပစိဖိတ်ဒေသများသည် ယခုနှစ်အတွင်း ကမ္ဘာ့အဓိကဒေသကြီးများအနက် စီးပွားရေးလှုပ်ရှားမှုများအား အကောင်းဆုံးဒေသများ ဖြစ်လာလိမ့်မည်ဟု အိုင်အမ်အက်ဖ်က သုံးသပ်ထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ပေတူဂြိုဟ်တုလမ်းညွှန်နေရာပြစနစ်ကွန်ရက်အတွက် ပေတူအုပ်စုဝင်ဂြိုဟ်တု တစ်စင်းမှ သုံးစင်းထိ ယခုနှစ်အတွင်းလွှတ်တင်ရန် တရုတ်နိုင်ငံ စီစဉ်ထား



**ပေကျင်း မေ ၂**

ပေတူဂြိုဟ်တု လမ်းညွှန်နေရာပြစနစ် ကွန်ရက်အတွက် အရန်ဂြိုဟ်တုများအဖြစ် ပေတူအုပ်စုဝင် ဂြိုဟ်တုတစ်စင်းမှသုံးစင်းထိ ယခုနှစ်အတွင်း လွှတ်တင်ရန် တရုတ်နိုင်ငံက စီစဉ်ထားကြောင်း ဆင်ဟွာသတင်းဌာနက မေ ၁ ရက်တွင် ရေးသားတင်ပြထားသည်။

ပေတူဂြိုဟ်တု လမ်းညွှန်နေရာပြစနစ်ကွန်ရက် တည်ငြိမ်ရေးနှင့် ခိုင်မာရေးအတွက် ပေတူအုပ်စုဝင် ဂြိုဟ်တုများကို အရန်ဂြိုဟ်တုများအဖြစ် လွှတ်တင်ရန်စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ပေတူဂြိုဟ်တုလမ်းညွှန်နေရာပြစနစ်သည် တရုတ်နိုင်ငံ၏ကိုယ်ပိုင် နိုင်ငံတကာဂြိုဟ်တုလမ်းညွှန်နေရာပြစနစ်ဖြစ်သည်။

အဆိုပါဂြိုဟ်တုကွန်ရက်ကို လက်ရှိအချိန်တွင် ပေတူ-၂ အုပ်စုဝင် ဂြိုဟ်တု ၁၅ စင်း၊ ပေတူ-၃ အုပ်စုဂြိုဟ်တု အစင်း ၃၀ တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။

တရုတ်နိုင်ငံသည် ပေတူဂြိုဟ်တုလမ်းညွှန်နေရာပြစနစ်ကို ၁၉၉၄ ခုနှစ်ကပင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် သီးခြားဂြိုဟ်တု လမ်းညွှန်နေရာပြစနစ်ကွန်ရက်ပိုင်ဆိုင်ထားသည့် တတိယမြောက် ကမ္ဘာ့နိုင်ငံဖြစ်ကြောင်း သိရသည်။

KKO

## နာဆာ၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က စူပါနိုဗာကြယ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ကြယ်စုနယ်မြေတစ်ခုကို အသေးစိတ်လေ့လာနိုင်ခဲ့

**ဝါရှင်တန် မေ ၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်သည် စူပါနိုဗာကြယ်ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ကြယ်စုနယ်မြေတစ်ခုကို အသေးစိတ်အကျဆုံး လေ့လာနိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၁ ရက်တွင် ရေးသားတင်ပြထားသည်။

ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ် ဓာတ်ပုံရိုက်ကူးခဲ့သော စူပါနိုဗာကြယ်ပေါက်ကွဲမှုနယ်မြေမှာ UGC 678 အမည်ရှိ ကြယ်စုတစ်ခုအတွင်း တည်ရှိကြောင်း သိရသည်။

လွန်ခဲ့သည့် သုံးနှစ်ခန့်က UGC 678 ကြယ်စုအတွင်း၌ စူပါနိုဗာကြယ်ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ ၎င်းကြယ်ပေါက်ကွဲမှုမှာ နိုင်ငံ



တကာ သိပ္ပံပညာရှင်များ အထူးစိတ်ဝင်စားသည့် အာကာသဖြစ်စဉ်ဖြစ်ခဲ့ရသည်။

အဆိုပါကြယ်ပေါက်ကွဲမှုသည် ကြယ်စုဗဟိုချက်အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၎င်းကြယ်ပေါက်ကွဲမှုဖြစ်ပွားရာနေရာကို ဟက်ဘယ်အာကာသ ရေဒီယိုတယ်လီစကုပ်က အသေးစိတ် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

UGC 678 ကြယ်စုသည် နေအဖွဲ့အစည်းနှင့် အလင်းနှစ် ၂၀၆ သန်း အကွာတွင်တည်ရှိပြီး နဂါးငွေ့တန်းကြယ်စုကဲ့သို့ ခရုပတ်ခွေကြယ်စုမျိုးဖြစ်သည်။

အဆိုပါကြယ်စုသည် ပစ်ဆက်နက္ခတ်တာရာ နယ်မြေအတွင်း တည်ရှိသည်ဟု နာဆာသိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

KKO

## ကားလမ်းပေါ်တွင် မောင်းနှင်နေရင်းနှင့် စွမ်းအင်ဖြည့်တင်းနိုင်မည့် ကမ္ဘာ့ပထမဆုံးလျှပ်စစ်ကားလမ်းကို ဆွီဒင်နိုင်ငံက တည်ဆောက်နေ

**စတော့ဟုမ်း မေ ၂**

လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များအနေဖြင့် လျှပ်စစ်ကားလမ်းပေါ်တွင် မောင်းနှင်နေရင်းနှင့်ပင် စွမ်းအင်ကို ဖြည့်တင်းနိုင်မည့် ကမ္ဘာ့ပထမဆုံး လျှပ်စစ်ကားလမ်းကို ဆွီဒင်နိုင်ငံက တည်ဆောက်နေကြောင်း The Daily Mail သတင်းစာက မေ ၁ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ လျှပ်စစ်ကားလမ်းကို E 20 ဥရောပဖြတ် အဝေးပြေးလမ်း၏ ၁၃ မိုင်အရှည်ရှိ လမ်းပိုင်းတစ်ခု၌ တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလျှပ်စစ်ကားလမ်းပေါ်၌ အသုံးပြုမည့်လျှပ်စစ်စွမ်းအင်ဖြည့်ဆည်းမှုစနစ်ကို ဆွီဒင်တာဝန်ရှိသူများက ဆုံးဖြတ်ရသေးခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် ဆွီဒင်နိုင်ငံသည် E 20 လမ်းကြောပေါ်ရှိ လျှပ်စစ်ကားလမ်းပိုင်းကို ၂၀၂၅ ခုနှစ်တွင် အပြီးသတ်တည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

ဆွီဒင်နိုင်ငံသည် ၂၀၁၈ ခုနှစ်ကလည်း လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များအတွက်ကမ္ဘာ့ပထမဆုံးစွမ်းအင်ဖြည့် သံလမ်းစနစ်ကို စမ်းသပ်ခဲ့ဖူးသည်။

၂၀၃၅ ခုနှစ်၌ ရောင်းချသမျှ မော်တော်ယာဉ်မှန်သမျှမှာ ကာဗွန်ထုတ်လွှတ်မှုမရှိသည့် ကားများသာ ဖြစ်ရမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂက ပြီးခဲ့သည့်လအတွင်း ဥပဒေတစ်ရပ်ပြဋ္ဌာန်းခဲ့ပြီးနောက် လျှပ်စစ်ကားလမ်းစနစ်ကို ဆွီဒင်နိုင်ငံက တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ဓာတ်စာပုံစံတစ်မျိုးက နှလုံးသွေးကြောရောဂါလူနာများ၌ နှလုံးရပ်တရက်ဖောက်နိုင်ခြေ ကျဆင်းနိုင်

**အော့တဝါ မေ ၂**

အနီရောင် အသားများနှင့် ပြုပြင်စီရင်ထားသော အသားများ ပါဝင်မှုနည်းပါးသည့် ဓာတ်စာပုံစံတစ်မျိုးသည် နှလုံးသွေးကြောရောဂါ လူနာများ၌ နှလုံးရပ်တရက်ဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေတို့ ကျဆင်းနိုင်မှုနှင့် ဆက်စပ်နေကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က မေ ၁ ရက်တွင် ရေးသားတင်ပြထားသည်။

ကနေဒါနိုင်ငံ မက်မာစတာ တက္ကသိုလ်မှ သုတေသနပညာရှင်များသည် နှလုံးရပ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေများ မြင့်မားသည့် နှလုံးသွေးကြောရောဂါလူနာ ၂၇၀၀၀ ကျော်တို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ အနီရောင်အသားနှင့် ပြုပြင်စီရင်ထားသည့် အသားများပါဝင်မှုနည်းပါးသည့် ဓာတ်စာပုံစံသည် နှလုံးသွေးကြောရောဂါ လူနာများ၌ လေဖြတ်နိုင်ခြေ သို့မဟုတ် နှလုံးဖောက်နိုင်ခြေတို့ကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အရည်အသွေးညံ့ဖျင်းသည့် ဓာတ်စာပုံစံများ စားသုံးသူများတွင် နှလုံးသွေးကြောဆိုင်ရာရောဂါများကြောင့် နှလုံးရပ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေ မြင့်မားနေတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အရည်အသွေး ညံ့ဖျင်းသည့် ဓာတ်စာပုံစံ စားသုံးသူများသည် အရည်အသွေးမြင့်မားသော ဓာတ်စာပုံစံစားသူများနှင့် နှိုင်းယှဉ်ပါက လေဖြတ်နိုင်ခြေနှင့်နှလုံးဖောက်နိုင်ခြေ ၂၇ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

## ဘယ်ရီသီးတစ်မျိုးက ဆီးလမ်းကြောင်းကူးစက်ရောဂါ ကာကွယ်ရာတွင် အထောက်အကူပြုနိုင်

**ဆစ်ဒနီ မေ ၂**

ခရန်းဘယ်ရီ (Cranberry) ခေါ် ဘယ်ရီသီးတစ်မျိုးသည် ဆီးလမ်းကြောင်းကူးစက်ရောဂါ (UT-IS) များကို ကာကွယ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က မေ ၁ ရက်က ရေးသားတင်ပြထားသည်။

အသက် ၁၈ နှစ် အထက် အမျိုးသမီး ၆၀ ရာခိုင်နှုန်းခန့်မှာ ၎င်းတို့၏ဘဝတစ်ချိန်ချိန်တွင် ဆီးလမ်းကြောင်း ကူးစက်ရောဂါများကို တစ်ခုမဟုတ် တစ်ခုထက်ပို၍ ခံစားရတတ်သည်။

ထို့ပြင် အမျိုးသမီး ၃၀ ရာခိုင်နှုန်းမှာ တစ်နှစ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်ထိ UTIS ရောဂါများ တစ်ကျော့ပြန် ပေါ်ထွက်မှုကို ရင်ဆိုင်ရတတ်ကြောင်း သိရသည်။

သို့ရာတွင် ခရန်းဘယ်ရီသီးကို စားသုံးခြင်းဖြင့် အမျိုးသမီးများ၌ UTIS ရောဂါများ တစ်ကျော့ပြန် ပေါ်ထွက်မှုကို ၂၅ ရာခိုင်နှုန်းကျော်ထိ လျှော့ချပေးနိုင်ကြောင်း သြစတြေးလျနိုင်ငံ မလန်းဒါးတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ကလေးများတွင်မူ ခရန်းဘယ်ရီစားသောက်ကုန်များသည် UTIS ရောဂါများ ကူးစက်ခံရမှုကို ၅၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သြစတြေးလျသုတေသနပညာရှင်များသည် ခရန်းဘယ်ရီ စားသောက်ကုန်များနှင့်ပတ်သက်သည့် လေ့လာစမ်းသပ်မှု ၅၀ ကိုပြန်လည်စိစစ်လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

KKO



# နိုင်ငံတကာ အားကစားသတင်းများ

## (၃၂) ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက တီမောလက်စ်တေအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ




**ရန်ကုန် မေ ၂**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်းပြိုင်ပွဲ) အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က) အုပ်စုပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲက မြန်မာအသင်းနှင့်တီမောလက်စ်တေအသင်းတို့ ကစားခဲ့ရာ မြန်မာအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲစကတည်းက မြန်မာအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ အပိုင်ဂိုးသွင်းခွင့်အချို့ ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းလိုအပ်ချက်များကြောင့် ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ဘဲ ပွဲချိန် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် တီမောလက်စ်တေအသင်း၏ ပြန်လည်ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး အပြန်အလှန်တိုက်စစ်ဆင်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၇၂ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဟိန်းထက်အောင်၏ဖန်တီးပေးမှုကို သက်ဟိန်းစိုးက အပိုင်ပိတ်သွင်းပြီး မြန်မာအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။

တီမောလက်စ်တေ အသင်းကလည်း ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက် ပိုမိုတိုက်စစ်ဆင်ဖိအားပေးမှုပြုလုပ်ခဲ့သည့်အတွက် မြန်မာအသင်း ခံစစ်ပိုင်းက ခက်ခက်ခဲခဲထိန်းချုပ်ခဲ့ရသကဲ့သို့ ဂိုးသမား ပြည့်ဖြိုးသူက အမှားအယွင်းမရှိ လက်စွမ်းပြကာကွယ်မှုများ ပြုလုပ်နိုင်ခဲ့သည့်အတွက် ပွဲစဉ်အပြီးတွင် မြန်မာအသင်းက သက်ဟိန်းစိုး၏ သွင်းဂိုးဖြင့်သာအနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

## လိဒ်အသင်းက နည်းပြဂါစီယာ၏နေရာတွင် ဆမ်အလာဒိုက်နှင့်အစားထိုးရန် ပြင်ဆင်

**လန်ဒန် မေ ၂**

လိဒ်အသင်းသည် တန်းဆင်းဇုန်မှ လွတ်မြောက်ရန် ရုန်းကန်နေရသဖြင့် ရလဒ်ပိုင်း ဆိုးရွားနေသည့် နည်းပြဂါစီယာကို ရာထူးမှ ထုတ်ပယ်၍ ဆမ်အလာဒိုက်နှင့် အစားထိုးရန် ပြင်ဆင်လျက်ရှိကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လိဒ်အသင်း တာဝန်ရှိသူများက နည်းပြဂါစီယာကို ပြီးခဲ့သည့် ဖေဖော်ဝါရီလက စတင်ခန့်အပ်ခဲ့သော်လည်း အမှတ်ပေးပြိုင်ပွဲတွင် သုံးပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်အပြင် ပြီးခဲ့သည့် တနင်္ဂနွေနေ့က ဘွန်းမောက်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အမှတ်ပေးပြိုင်ပွဲ ၃၄ ပွဲကစားအပြီးတွင် ခုနစ်ပွဲနိုင်၊ ကိုးပွဲသရေ၊ ၁၈ ပွဲ ရှုံးရလဒ်ဖြင့် ရမှတ် ၃၀ သာရရှိခဲ့ပြီး တန်းဆင်းဇုန်မှ နော်တင်ဟမ်အသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့် (၁၇) နေရာတွင်သာ ရပ်တည်နိုင်ခဲ့သည်။

ထို့ကြောင့် လိဒ်အသင်းပိုင်ရှင် ရာဒရီဇာနီက တန်းဆင်းဇုန်မှ လွတ်မြောက်နိုင်ရန်အတွက် နည်းပြအပြောင်းအလဲပြုလုပ်ရန် စီစဉ်နေပြီး လက်ကျန်လေးပွဲအလိုတွင် နည်းပြဂါစီယာကို ထုတ်ပယ်ကာ ဆမ်အလာဒိုက်နှင့် အစားထိုးရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

လက်ရှိတွင် လိဒ်အသင်းပိုင်ရှင်က ၂၀၂၁ ခုနှစ်တွင် ဝက်စ်ဘရွန်းအသင်းကို တန်းဆင်းဇုန်မှ လွတ်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြ ဆမ်အလာဒိုက်ကို လာမည့် စနေနေ့တွင် မန်စီးတီးအသင်းနှင့် ကစားရမည့် ပွဲစဉ်အမီ ခေါ်ယူရန် ဆွေးနွေးနေသကဲ့သို့ လက်ကျန်ပွဲစဉ်များဖြစ်သည့် နယူးကာဆယ်အသင်း၊ ဝက်စ်ဟမ်းအသင်းနှင့် စပါးအသင်းတို့၏ ပွဲစဉ်ကို တာဝန်ပေးသွားရန် ဆန္ဒရှိနေကာ အသင်းအား ပရီးမီးယားလိဂ်တွင် ဆက်လက်ကစားခွင့်ရရှိအောင် ကြိုးပမ်းလျက်ရှိသည်။ ML



## တိုက်စစ်မှူး အန်ဆုဖာတီအနေဖြင့် ဘာစီလိုနာမှ ထွက်ခွာနိုင်ဟု အေးဂျင့်ဖြစ်သူ ဂျော့မန်ဒက်ပြောကြား

**ဘာစီလိုနာ မေ ၂**

ဘာစီလိုနာအသင်းတွင် ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်နေရသည့် လူငယ်ကစားသမား အန်ဆုဖာတီအနေဖြင့် လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာနိုင်ဖွယ်ရှိကြောင်း အေးဂျင့်ဖြစ်သူ ဂျော့မန်ဒက်က ထုတ်ဖော် ပြောကြားခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အန်ဆုဖာတီသည် ဘာစီလိုနာလူငယ်အသင်းမှ ထွက်ပေါ်လာသည့် ကစားသမားတစ်ဦးဖြစ်သော်လည်း နည်းပြဇာဗီ၏ ကစားကွက်တွင် ကိုက်ညီမှုမရှိသောကြောင့် လာမည့် အပြောင်းအရွှေ့ကာလတွင် အရောင်းစာရင်းတင်သွင်းထားပြီး အသင်းအနေဖြင့်လည်း ဘဏ္ဍာရေး လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် အန်ဆုဖာတီကို ရောင်းချလိုသောကြောင့် အေးဂျင့်ဖြစ်သူ ဂျော့မန်ဒက်က ၎င်း၏ ကစားသမားအတွက် အသင်းသစ် ရှာဖွေလျက်ရှိကြောင်း သိရသည်။

ဘာစီလိုနာ အသင်းသည် အန်ဆုဖာတီအတွက် ပြောင်းရွှေ့ကြေးယူရိုသန်း ၇၀ ထိအလိုရှိနေပြီး ကမ်းလှမ်းလာမည့် အသင်းများကို စောင့်မျှော်နေသကဲ့သို့ ကစားသမား၏ အေးဂျင့်ဖြစ်သူ ဂျော့မန်ဒက်ကလည်း ဘာစီလိုနာဘုတ်အဖွဲ့က အလိုရှိနေသည့် ပြောင်းရွှေ့ကြေး ပမာဏသည် ပရီးမီးယားလိဂ်အသင်းများက ပေးချေနိုင်မည်ဖြစ်သောကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများနှင့် ချိတ်ဆက်ပေးလျက်ရှိသည်။

အန်ဆုဖာတီသည် ၂၀၁၈ ခုနှစ်က ဘာစီလိုနာလူငယ်အသင်းနှင့် စတင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့ပြီးနောက် အသင်းကြီးတွင် ပါဝင်ကစားခွင့်ရရှိခဲ့ရာ ပြိုင်ပွဲစုံ ၁၀၃ ပွဲတွင် သွင်းဂိုး ၂၆ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီ နည်းပြဇာဗီလက်ထက်တွင် ဒဏ်ရာပြဿနာများဖြင့် ရုန်းကန်နေရသည့်အပြင် နည်းပြ၏ ကစားကွက်နှင့် ကိုက်ညီမှုမရှိသည့်အတွက် နွေရာသီ အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် သေချာလျက်ရှိကြောင်း သိရသည်။

ML

## ဘရိုက်တန်အသင်းက ဝက်ဖို့ဒ်တိုက်စစ်မှူး ဂျာအိုပက်ထရိုကို စတာလင်ပေါင် သန်း ၃၀ ဖြင့် ခေါ်ယူနိုင်ခဲ့ဟုဆို

**လန်ဒန် မေ ၂**

ဘရိုက်တန် အသင်းသည် လာမည့်နှစ် ဘောလုံးရာသီတွင် တိုက်စစ်ပိုင်း ဖြည့်တင်းရန်အတွက် ဝက်ဖို့ဒ်အသင်း တိုက်စစ်မှူး ဂျာအိုပက်ထရိုကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း Tribalfootball.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် ဘရိုက်တန်အသင်းနှင့် ဝက်ဖို့ဒ်အသင်းတို့ကြား ကစားသမားနှင့်ပတ်သက်၍ သဘောတူညီမှုရရှိခဲ့ပြီး ဂျာအိုပက်ထရိုသည် ဘရိုက်တန်အသင်းနှင့် ဆေးစစ်မှုခံယူခဲ့ရာ အောင်မြင်ခဲ့သောကြောင့် ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၃၀ ဖြင့် စာချုပ်ချုပ်ဆိုကာ လာမည့် ဇူလိုင် ၁ ရက်တွင် ဘရိုက်တန်အသင်းနှင့် ပူးပေါင်းမည်ဖြစ်ပြီး ကစားသမားနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာကလပ်အသင်းများက တရားဝင်ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ တိုက်စစ်မှူး ဂျာအိုပက်ထရိုသည် ယခုနှစ်ဘောလုံးရာသီတွင် ဝက်ဖို့ဒ်အသင်း၌ ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် နယူးကာဆယ်အသင်းနှင့် အေစီမီလန်အသင်းတို့အပါအဝင် ဥရောပကလပ်အသင်းများက ၎င်းကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသော်လည်း ကစားသမားအနေဖြင့် နည်းပြဒီဇာဗီ၏ ဘရိုက်တန်အသင်းသို့သာ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သည်။

ဂျာအိုပက်ထရိုသည် ၂၀၂၀ ပြည့်နှစ်က ဘရာဇီးကလပ် ဖလူမိနန်စီအသင်းမှ ဝက်ဖို့ဒ်အသင်းသို့ ပြောင်းရွှေ့ ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၀၉ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ကာ သွင်းဂိုး ၂၄ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင်လည်း ချန်ပီယံရှစ်ပြိုင်ပွဲတွင် ၃၅ ပွဲပါဝင်ခဲ့ရာတွင် သွင်းဂိုး ၁၁ ဂိုးနှင့် ဂိုးဖန်တီးမှု လေးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် ဝက်ဖို့ဒ်အသင်း၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။




ML

### အားကစားသတင်း အတိုအထွာများ

- နည်းပြအယ်လီဂရီနှင့် ဆက်ဆံရေး တင်းမာနေသည့် ကွင်းလယ်ကစားသမား ချီဆာက အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေပြီး ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက အသက် ၁၅ နှစ်ရှိ လူငယ်ကစားသမား ယာမယ်ကို လာမည့် ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- မန်စီးတီးအသင်းက ခြေစွမ်းပြသနေသည့် တိုက်စစ်မှူး ဟာလန်းကို သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့သော်လည်း ကစားသမားအနေဖြင့် စာချုပ်သစ်ကို ငြင်းပယ်ခဲ့ကြောင်း သိရသည်။
- အမျိုးသမီးချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် အာဆင်နယ်အသင်းက ဝုဖ်ဘတ်အသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် ရှုံးနိမ့်၍ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

ML

# ဂိုးသမား ဟန်ဒါဆန် ပေါင်ဒဏ်ရာခွဲစိတ်ကုသရမည့်အတွက် ဩဂုတ်လထိအနားယူရမည်



**လန်ဒန် မေ ၂**

နော်တင်ဟမ်အသင်း လူငယ်ဂိုးသမား ဟန်ဒါဆန်သည် ပေါင်ဒဏ်ရာခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သည့်အတွက် ယခုနှစ် ဘောလုံးရာသီပွဲစဉ်များအားလုံးကို လွဲချော်မည်ဖြစ်ကာ ဩဂုတ်လထိအနားယူရဖွယ်ရှိနေသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၆ နှစ်ရှိ ဟန်ဒါဆန်သည် ပြီးခဲ့သည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ နော်တင်ဟမ်အသင်းထံ တစ်နှစ်အငှားစာချုပ်ဖြင့် ကစားနေသူဖြစ်ပြီး အစောပိုင်းက အသင်းတွင် အဓိက ဂိုးသမားအဖြစ် ပါဝင်ခဲ့သော်လည်း ပြီးခဲ့သည့် ဇန်နဝါရီလက ပေါင်ဒဏ်ရာရရှိခဲ့ပြီးနောက် ကာလရှည်အနားယူနေရသူဖြစ်သည်။

ဟန်ဒါဆန်သည် အစောပိုင်းက ဒဏ်ရာကို ဆေးကုသမှုခံယူနေသော်လည်း သက်သာခြင်းမရှိခဲ့ဘဲ ကြန့်ကြာနေသည့်အတွက် ခွဲစိတ်ကုသမှုခံယူရန် လိုအပ်သောကြောင့် မကြာမီခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ပြီး အနည်းဆုံး လေးလခန့်ထိ အနားယူရမည့် အခြေအနေများကြောင့် ယခုနှစ်ဘောလုံးရာသီ ပွဲစဉ်များအပြင် လာမည့်ဘောလုံးရာသီအစပိုင်း ပွဲစဉ်များကိုလည်း လွဲချော်ရဖွယ်ရှိနေခြင်းဖြစ်သည်။

အစောပိုင်းက နော်တင်ဟမ်အသင်းက ဂိုးသမား ဟန်ဒါဆန်ကို ယခုနှစ် ဘောလုံးရာသီအကုန်တွင် အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူရန် ပြင်ဆင်ထားသော်လည်း ယခုအခါ ကာလရှည်ဒဏ်ရာကြောင့် အနားယူရမည့် အခြေအနေများကြောင့် နော်တင်ဟမ်အသင်းက အပြီးသတ်ဝယ်ယူရန် စဉ်းစားလာခဲ့ပြီး ရာသီအကုန်တွင် မန်ယူအသင်းထံ ပြန်လည်လက်လွှတ်ဖွယ်ရှိနေသည်။

သို့သော် မန်ယူအသင်းအနေဖြင့်လည်း ဟန်ဒါဆန်ကို ပြန်လည်ခေါ်ယူမည်မဟုတ်ဘဲ အပြီးသတ်ရောင်းချရန် ဆုံးဖြတ်ထားသည့်အတွက် ၎င်းအနေဖြင့် အခြားအသင်း တစ်သင်းသို့သာပြောင်းရွှေ့ကစားရဖွယ် ရှိနေကြောင်း သိရသည်။

STA

# RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဆုကိုကာကွယ်သွားမည်ဖြစ်ကြောင်း မက်အီလ်ရွိုင်းပြောကြား


**အွန်တာရီယို မေ ၂**

ကနေဒါနိုင်ငံ အွန်တာရီယိုပြည်နယ်တွင် ကျင်းပသွားမည့် RBC Canadian Openဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်သူ မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းက ချန်ပီယံဆုကို ကာကွယ်လိုသည့်အတွက် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု The Globe and Mail သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မက်အီလ်ရွိုင်းသည် လက်ရှိချန်ပီယံဆုအား ထိန်းသိမ်းနိုင်ရေးအတွက် ပစ်မှတ်ထားနေသော်လည်း နာမည်ကြီး ပြိုင်ပွဲဝင်တချို့လည်း ပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်သည့်အတွက်ကြောင့် ၎င်းအတွက် လက်ရှိ ချန်ပီယံကာကွယ်ရေးမှာ ခက်ခဲဖွယ်ရှိနေသည်။

ကမ္ဘာ့အဆင့် (၆) နေရာတွင် ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဖစ်ပက်ထရစ်သည်လည်း RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည့်အတွက်ကြောင့် ဖစ်ပက်ထရစ်သည် မက်အီလ်ရွိုင်း၏ ရည်မှန်းချက်ကို ဟန့်တားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။

မက်အီလ်ရွိုင်းအနေဖြင့် ၂၀၁၉ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၂၂ ခုနှစ်တွင်တစ်ကြိမ် RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်ပြီး ယခုနှစ်တွင် ချန်ပီယံဆုကို ထပ်မံဆွတ်ခူးနိုင်မည်ဆိုပါက RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲသမိုင်းတစ်လျှောက် ချန်ပီယံဆုကို သုံးကြိမ်ဆွတ်ခူးနိုင်ခဲ့ဖူးသည့် လေးယောက်မြောက် ကစားသမားအဖြစ် မှတ်တမ်းဝင်သွားမည်ဖြစ်သည်။



မက်အီလ်ရွိုင်းက "RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲဟာ ကျွန်တော့်အတွက် အမှတ်တရကောင်းတွေရှိတဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ ဒီနှစ်အတွင်း စွမ်းဆောင်ရည်ပိုင်းကျဆင်းနေတယ်လို့ ခံစားနေရပေမဲ့လဲ ကျွန်တော့်အနေနဲ့ RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ အောင်မြင်မှုဆွတ်ခူးနိုင်မယ်လို့ ယုံကြည်တယ်။ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့မယ်ဆိုရင်တော့ ကျွန်တော့်အတွက် ကောင်းမွန်တဲ့ မှတ်တမ်းကောင်းတစ်ခုကိုလဲ ရေးထိုးနိုင်မှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# တိုက်စစ်မှူးမက်ဆီ ဆော်ဒီကလပ်အသင်းသို့ပြောင်းရွှေ့ကစားဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်

**ပဲရစ် မေ ၂**

ပီအက်စ်ဂျီအသင်း တိုက်စစ်ကစားသမား မက်ဆီသည် ပီအက်စ်ဂျီအသင်းနှင့် လိုရီယန့်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်အပြီးတွင် ၎င်း၏ မိသားစုနှင့်အတူ ဆော်ဒီအာရေဗျနိုင်ငံသို့ အလည်အပတ် သွားရောက်ခဲ့ပြီးနောက် ဆော်ဒီနိုင်ငံမှ ကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားဖွယ်ရှိနေကြောင်း သတင်းများထွက်ပေါ်ခဲ့သည်ဟု Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

မက်ဆီသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်းသို့ နှစ်နှစ်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ကာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ကာ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြန်လည်ထွက်ခွာခွင့်ရရှိမည်ဖြစ်သည်။

ပီအက်စ်ဂျီအသင်းက အစောပိုင်းက မက်ဆီကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကာလရှည်ကြိုးပမ်းခဲ့သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှစောစောစီးစီး ထွက်ခွာခဲ့ရသည့်အတွက် အသင်းကို ယခုနှစ်ဘောလုံးရာသီအကုန်တွင် အပြောင်းအလဲကြီးကြီးမားမား ပြုလုပ်ရန် ပြင်ဆင်နေပြီး မက်ဆီနှင့်အတူ နေမာကိုပါ လက်လွှတ်သွားဖွယ်ရှိနေသည်။

တိုက်စစ်မှူး မက်ဆီကိုယ်တိုင်ကလည်း ပီအက်စ်ဂျီအသင်း ပရိသတ်များက ၎င်းကို လှောင်ပြောင်မှုများပြုလုပ်ခဲ့သည့်အတွက် ဘောလုံးရာသီအကုန်တွင် ပီအက်စ်ဂျီအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန် ပြင်ဆင်နေပြီး အသင်းဟောင်း ဘာစီလိုနာအသင်းသို့ ပြန်လည်ပြောင်းရွှေ့လိုနေသော်လည်း ဘာစီလိုနာအသင်းအနေဖြင့် အသင်းဘဏ္ဍာရေးအကျပ်အတည်းကြုံတွေ့နေရသည့်အတွက် မက်ဆီကို ခေါ်ယူရန် ခက်ခဲနေခြင်းဖြစ်ကြောင်း သိရသည်။

အစောပိုင်းကတည်းက ဆော်ဒီထိပ်တန်းကလပ် အသင်းတစ်သင်းဖြစ်သည့် အယ်ဟိုင်လယ်အသင်းက မက်ဆီကို ကမ္ဘာ့စံချိန်တင်လုပ်ခလစာဖြင့် ခေါ်ယူရန်တရားဝင်ကမ်းလှမ်းမှုများ ပြုလုပ်ထားပြီး ယခုအခါ မက်ဆီကိုယ်တိုင်က ဆော်ဒီနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည့်အတွက် အခြားအသင်းများထက် ဆော်ဒီမှအသင်းတစ်သင်းသို့သာ ပြောင်းရွှေ့ကစားဖွယ်ရှိနေကြောင်း သိရသည်။

STA

# နည်းပြဖြစ်သူဂျိုးဂိုဆန်နှင့် လမ်းခွဲလိုက်ကြောင်း အမေရိကန်လက်ဝှေ့သမား ရိုင်ယန်ဂါစီယာ ထုတ်ပြန်

**ဝါရှင်တန် မေ ၂**

WBC ယာယီလိုက်ဝိတ်တန်းချန်ပီယံအမေရိကန်လက်ဝှေ့သမား ရိုင်ယန်ဂါစီယာသည် ပြီးခဲ့သည့် ဧပြီ ၂၂ ရက်က အမေရိကန်လက်ဝှေ့သမား ဂါဗွန်တာနှင့် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်တွင် ထိုးသတ်ခဲ့ရာ အလဲထိုးရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ထိုပွဲစဉ်တွင် ရိုင်ယန်ဂါစီယာ၏ ရှုံးပွဲမရှိစံချိန်တစ်ရပ်ကျိုးပျက်ခဲ့ရပြီးယင်းပွဲစဉ်တွင် ကြိုးဝိုင်းထောင့်မှ နည်းစနစ်ပိုင်းညွှန်ကြားခဲ့သူ နည်းပြဂျိုးဂိုဆန်၏ညွှန်ကြားချက်များ အားနည်းချက်ကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ကြောင်း ရိုင်ယန်ဂါစီယာက ဝေဖန်သွားခဲ့သည်။

ဝေဖန်မှုပြုလုပ်ခဲ့ပြီးနောက် မေ ၁ ရက်တွင် နည်းပြဖြစ်သူ ဂျိုးဂိုဆန်နှင့်ဆက်လက်၍ လက်တွဲအလုပ်လုပ်တော့မည်မဟုတ်ဘဲလမ်းခွဲရန်ဆုံးဖြတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Boxing News24 သတင်းဌာနက ဖော်ပြခဲ့သည်။

ရိုင်ယန်ဂါစီယာသည် နည်းပြသစ် တစ်ဦးငှားရမ်းသွားရန် စီစဉ်နေပြီး ရိုင်ယန်ဂါစီယာ၏နည်းပြဖြစ်လာနိုင်သူ ခြောက်ဦးစာရင်းတွင် အမေရိကန်ဂန္တဝင်လက်ဝှေ့သမား မေဝယ်သာလည်းပါဝင်လာခဲ့သည်။

သို့သော်လည်း မေဝယ်သာသည် ရိုင်ယန်ဂါစီယာကို အလဲထိုးရလဒ်ဖြင့် အနိုင်ရခဲ့သော ဂါဗွန်တာအား ကူညီပေးနေသူဖြစ်ပြီး ဂါဗွန်တာ၏ ပွဲစဉ်များတွင်လည်း လိုက်လံအားပေးကာ အကြံပေးမှုများ ပြုလုပ်နေသူဖြစ်သည်။

ရိုင်ယန်ဂါစီယာ အနေဖြင့် နည်းပြသစ် ခန့်အပ်ရန်အတွက် မေဝယ်သာကို သဘောကျနေသလို နည်းပြဟောင်းဖြစ်သူ ရေးနိုဆိုနှင့်လည်း ပြန်လည်လက်တွဲအလုပ်လုပ်ရန် စိတ်ဝင်စားနေသည်ဟု ရိုင်ယန်ဂါစီယာဖြင့် နီးစပ်သော အသိုင်းအဝိုင်းက သတင်းများ ထွက်ပေါ်လာခဲ့ကြောင်း သိရသည်။

AZL

# Mutua Madrid Open ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ဆာဘာလင်ကာ တက်ရောက်

**မက်ဒရစ် မေ ၂**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပနေသည့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲစတုတ္ထအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ရုရှားတင်းနစ်မယ် အန်ဒရီဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဘာလင်ကာက (၆-၃၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Belta သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၆ နှစ်ရှိ အန်ဒရီဗာသည် Mutua Madrid Open တင်းနစ်ပြိုင်ပွဲတွင် Wildcard ရရှိခဲ့ကာ ပြိုင်ပွဲပထမအဆင့်မှစတင်ယှဉ်ပြိုင်ခွင့်ရခဲ့သည့် အသက်အငယ်ဆုံး ပြိုင်ပွဲဝင်ဖြစ်သလို ပြိုင်ပွဲအတွင်း ကမ္ဘာ့အဆင့် (၂၀) အတွင်းမှ ကစားသမားများအားအနိုင်ယူကာ စတုတ္ထအဆင့်သို့ တက်ရောက်လာနိုင်ခဲ့သူလည်းဖြစ်သည်။

ဆာဘာလင်ကာက "အန်ဒရီဗာဟာ အသက် ၁၆ နှစ်အရွယ်နဲ့ ကမ္ဘာ့အဆင့် ကစားသမားတွေကို အကောင်းဆုံး ယှဉ်ပြိုင်ကစားနိုင်တဲ့ထိ ပါရမီရှိသူတစ်ဦးပါ။ ကျွန်မ အသက် ၁၆ နှစ်အရွယ်တုန်းက မက်ဒရစ်အိုးပင်းမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရဖို့ ဆန္ဒရှိခဲ့ဖူးတယ်။ ဒါပေမဲ့လဲ ပါဝင်ယှဉ်ပြိုင်ခွင့်မရခဲ့ဘူး။ အန်ဒရီဗာဟာ စတုတ္ထအဆင့်ကို အကောင်းဆုံးပုံစံနဲ့ ရောက်ရှိလာတာဖြစ်တဲ့အတွက် သူ့ကိုအနိုင်ရဖို့အတွက် ကျွန်မအနေနဲ့ သေချာပြင်ဆင်ခဲ့တယ်။ ပထမပွဲငယ်မှာ သူ့ရဲ့ကစားဟန်ကို လေ့လာတဲ့သဘောနဲ့ ထိန်းကစားခဲ့တယ်။ သူ့ရဲ့စွမ်းဆောင်ရည်ပိုင်းနဲ့နည်းစနစ်ကို အကဲခတ်ခဲ့ပြီးတော့ ဘယ်လိုပုံစံနဲ့ တုံ့ပြန်ရမလဲဆိုတာသိလာတဲ့အတွက် ကျွန်မ သူ့ကိုအနိုင်ရခဲ့တာဖြစ်ပါတယ်"ဟု ချီးကျူးပြောကြားခဲ့ကြောင်း သိရသည်။

AZL



# ကဆုန်လပြည့်ဗုဒ္ဓနေ့နှင့် ညောင်ရေသွန်းပွဲတော်

နှင်းယဉ်(ရတ်ကန်ကြီး)

**ကဆုန်လ**

ကဆုန်လသည် မြန်မာပြက္ခဒိန်၏ ဒုတိယလဖြစ်သည်။ ပုဂံကျောက်စာတို့တွင် ကုဆုန်ဟူ၍ ဖော်ပြသည့်အပြင် ကုဆုန်၊ ခူဆုန်၊ ခုဆုန်ဟူသော ကွဲလွဲချက်များကို တွေ့ရသည်။ ကုဆုန်ဟူသော စကား၌ ကုသည် ရေကိုဆိုလို၏။ ဆုန်ကား စုန်ဆင်းခြင်း၊ စီးဆင်းခြင်း၊ သွန်းလောင်းခြင်းကို ဆိုလို၏။ ကုမှကသို့ ရွေ့လျားလာခြင်းဖြစ်သည်။ အဓိပ္ပာယ်ကား ရေသွန်းလောင်းသောလဖြစ်၏။ တန်ခူးရေကုန်၊ ကဆုန်ရေခန်းဆိုသည့်စကားနှင့်အညီ ကဆုန်လတွင် အင်းအိုင်၊ ချောင်းမြောင်း၊ ရေတွင်း၊ ရေကန်များ ရေခန်းခြောက်ကြသည်။ ကဆုန်၊ နယုန် ဆွေ့ဆွေ့ခုန်ဆိုသကဲ့သို့ ပူပြင်းလှသည့် နွေရာသီဖြစ်သည်။

အလွန်ပူပြင်းသည့် နွေရာသီ၏အပူဒဏ်ကြောင့် သစ်ပင်ကြီးငယ်တို့ကို ရေလောင်းပေးရသည်ဟု ဆိုလိုသည်။ မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂါယာမှ ဗောဓိညောင်ပင်၏ မျိုးပွားအပင်များကို မြန်မာတို့ ဆောင်ယူလာကြပြီး အထွတ်အမြတ်စိုက်ပျိုးထားလျက် ထိုဗောဓိညောင်ပင်တို့ကိုလည်း ရေသွန်းလောင်းလေ့ရှိပြန်သည်။ ကဆုန်လ၏ အထိမ်းအမှတ်ပန်းမှာ စကားပန်းဖြစ်သည်။

ကဆုန်လသည် အပူချိန်လွန်ကဲသောလဖြစ်သည်။ ပုရစ်ဖူး၊ ပုရစ်ငုံလေးများသည် အစီအရီ အညီအညာ၊ ကြွကြွရွရွ၊ လှလှပပဖြင့် လောက၏အလှတန်ဆာကို ဆင်နေသည်။ ကဆုန်၊ နယုန် လေရူးသုန်ဟုဆိုသည့်အတိုင်း အနောက်တောင်မုတ်သုံလေ၏ လေပြည်လေညင်းလေးများ တိုက်ခတ်စပြုပြီး မိုးပွင့်မိုးစက်လေးများလည်း ပက်ဖျန်းပြန်သည်။ မုတ်သုံမိုးစက်များ၏ ကျီစယ်မှုကြောင့် မြေသင်းရနံ့ သင်းပျံ့ပျံ့ကို ခံစားရစေနိုင်သည်။

လှေသင်းအတွင်းဝန်မင်းကမူ ကဆုန်ကို ဝိဂြိုဟ်ပြုသောအခါ ဥဒကံရေကို ဆနတိ ဖြတ်တတ်၏ဟုဆို၍ ၎င်းလကို ရေပြတ်သောလဟု အဓိပ္ပာယ်ဖွင့်သည်။ သို့ရာတွင် ဆယ့်နှစ်ရာသီဘွဲ့များတွင် ကဆုန်ညောင်ရေသွန်းခြင်းကို အဓိကထား၍ ဖွဲ့ဆိုကြသောကြောင့် ရေသွန်းလောင်းခြင်းဟူသည် ညောင်ရေသွန်းခြင်းပင်ဖြစ်သည်ဟူ၍ မှတ်ယူကြခြင်းဖြစ်သည်။ "နေနန်းရယ်တဲ့ ဖန်သူရိန်၊ တန်ခိုး ဉဏ္ဍာဂုဏ်နှင့်ကဆုန်ဟူသည်မာသမှာ ပြင်းပြပူရှိန် ဝိသာခါ ယှဉ်ဖြိုင်ဝန်းပါလို့ ထွန်းလှတဲ့ ငွေတာရီနိုင်ငယ်၊ ဒွတ္တိံသ နေ့စွဲ ပန်းစံကားဝါနန်းဘမယာ ကေသီဆင်လို့ ရွှေပြည်ခွင် ဗိုလ်ပါပေါင်းရယ်တို့ ငြိမ့်ညောင်းအောင် ထာဝစဉ်ဖြင့် ခါသဘင်ညောင်ရေသွန်းကြတယ် လွမ်းစရာပွဲ"ဟူ၍ စာဆိုဦးပုံးချိုက ကဆုန်လ အခါသမယနှင့် ရေသဘင်ပွဲကို ယှဉ်တွဲရေးဖွဲ့ခဲ့သည်။

**ကဆုန်လပြည့်နေ့**

ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက်ဖြစ်သော ဂေါတမအမည်ဖြင့် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရားထံမှ နိယတဗျာဒိတ်ကို ကဆုန်လပြည့်နေ့တွင် ခံယူခဲ့သည်။ ဂေါတမမြတ်စွာဘုရားလောင်းဖြစ်တော်မူသော သိဒ္ဓတ္ထမင်းသားကို သက္ကတိုင်း ကပိလဝတ် (နီပေါနိုင်ငံ) တွင် ကပိလဝတ်ပြည်ရှင် သာကီဝင်မင်းမျိုးဖြစ်သော သုဒ္ဓေါဒနမင်းကြီးနှင့် မိဖုရားခေါင်ဖြစ်သော သီရိမဟာမာယာမိဖုရားကြီးတို့က လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ခရစ်တော်မပေါ်မီ (ဘီစီ ၆၂၃) မဟာသက္ကရာဇ် ၆၈ ခု ကဆုန်လပြည့်သောကြာနေ့နံနက် ၁ ချက်တီးအချိန် ဝိသာခါနက္ခတ်နှင့် စန်းအယှဉ်တွင် ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်သို့အသွား လုမ္ဗိနီအင်ကြင်းတော၌ ဖွားမြင်တော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့ အရုဏ်တက်ချိန်တွင် ဂေါတမဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကိုရရှိ၍ ဘုရားဖြစ်တော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့်နေ့တွင် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ ဤသို့ ထူးခြားချက်လေးရပ်နှင့် ပြည့်စုံသဖြင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ကဆုန်လပြည့်နေ့ကို "ဗျာ၊ ဖွား၊ ပွင့်၊ စံ" ဤလေးတန်မှတ်ရန် ဗုဒ္ဓနေ့ဟု သတ်မှတ်ခဲ့ကြသည်။

**ညောင်ရေသွန်းခြင်း**

မြတ်စွာဘုရားရှင်သည် ကဆုန်လပြည့်နေ့၌ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရတော်မူရန်အတွက် ဗောဓိပင်ကိုအမှီပြု၍ တရားအားထုတ်တော်မူခဲ့သည်။ ဗုဒ္ဓဘာသာဝင်များသည် ဘုရားပွင့်တော်မူသည့် နေ့ထူးနေ့မြတ်ကို အာရုံပြုပြီး ကဆုန်လပြည့်နေ့တွင် ပရိဘောဂစေတီထိုက်သည့် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းကြသည်။ ဗောဓိညောင်ပင်သည် သဗ္ဗညုတဉာဏ်တော်ရ၍ ဘုရားဖြစ်တော်မူရာ ဌာနဖြစ်ခြင်း၊ ဖွားဖက်တော်ခုနစ်ပါးတွင် စာရင်းဝင်ခြင်းတို့ကြောင့် ထူးခြားသည့် သစ်ပင်တစ်မျိုးဖြစ်သည်။ မြန်မာ့ရိုးရာဆယ့်နှစ်ရာသီပွဲတော်များအနက် ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်ကို ရိုးရာပွဲတော်အဖြစ် အစဉ်အလာ သတ်မှတ်ခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် သက်တော်ထင်ရှား မြတ်စွာဘုရားအား ရည်မှန်းပူဇော်လျက် ဗောဓိပင်ကို ရေသွန်းလောင်းခြင်း၊ ဘုရားရုပ်ပွားတော်များ၊ ဆင်းတုတော်များ ရေသပ္ပာယ်ခြင်း ကုသိုလ်ကောင်းမှုတို့ကိုပြုလုပ်ကြသည်။ ရေသွန်းလောင်းကြသည်မှာ ကဆုန်လတွင် ရေရှားပြတ်လပ်၍ ညှိုးလျော်အံ့ဆဲဖြစ်သော ဗောဓိပင်ကို လန်းဆန်းစိုပြည်စေရန်အတွက် ဖြစ်ပေသည်။ ထိုအလေ့အထသည် ဗုဒ္ဓဘာသာဝင်တို့တွင် ပျောက်ကွယ်သွားခြင်းမရှိဘဲ ယနေ့ထက်တိုင် ရှင်သန်ဆဲဖြစ်သည်။ နှစ်စဉ်အမြဲပင် ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲများ ပြုလုပ်လျက်ရှိကြသည်။

**ညောင်ရေသွန်းပွဲတော်**

ညောင်ရေသွန်းပွဲတော်သည် မြန်မာမင်းအဆက်ဆက်မှ ယနေ့ခေတ်တိုင်အောင် ကျင်းပလာခဲ့သော မြန်မာ့ရိုးရာ ဘာသာရေးပွဲတော်တစ်ခုဖြစ်သည်။ ညောင်ရေသွန်းပွဲတော်များကို ကျေးလက်တောရွာအနှံ့ နိုင်ငံတစ်ဝန်းလုံး စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ညောင်ရေသွန်းပွဲတော်များကို ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူခေတ်ကပင် ဆင်နွှဲခဲ့ကြသည်။ တောင်ငူခေတ်တွင် စာဆိုနတ်သျှင်နောင်၏ "ပေါ်ခွေလလျှင်"ချိုးရတု၌ ညောင်ရေသွန်းပွဲတော်အကြောင်းကို ထည့်သွင်းဖွဲ့ဆိုထားသည်။ "ပေါ်ခွေလလျှင်၊ တောင်က ခြိမ့်မြူး၊ မင်းလွင်ဦးနှင့်၊ ပျံ့ပျူးချပ်ဆိုင်း၊ မုန်တိုင်းဆင်လို၊ တိမ်ညိုမှိုင်းထပ်၊ ပြက်လျှက်ပြကာ၊ စိမ်းဝါမိုးပန်း၊ ထွေထွေစွန်းက၊ ရေသွန်းသာကြည်၊ ပျော်ရမည်ကို၊ မြရည်သတ်မှတ်၊ ရောက်ခဲလတ်ဟု၊ ချစ်ထွတ်တင်သည်"ဟုချစ်သူနှင့်အတူ ညောင်ရေသွန်းပွဲတော် ပျော်ရွှင်စွာဆင်နွှဲချင်သည်ကို ရေးသားဖော်ကျူးထားသည်။ ကုန်းဘောင်ခေတ်စာဆိုတော် လက်ဝဲသုန္ဒရအမတ်ကြီးကလည်း "မဲဇာတောင်ခြေ" ချိုးရတုတွင် "ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်၊ ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူသည်" ဟုလည်း ထည့်သွင်းဖွဲ့ဆိုခဲ့သည်။ ကဆုန်ညောင်ရေသွန်းပွဲတော်ဖြစ်ပေါ်ခြင်းနှင့်ပတ်သက်၍ မဟာအတုလမင်းကြီးက "မြူခြေငယ်စွန်းပါလို့၊ နေဝန်းငယ်စက်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊ ဖန်သူရိန်တေဇာကြောင့်၊ ပူဗျာပါနှင့် ရာသီပြီသ၊ မဟေသီလဲ၊ ရွှေညီခလို့၊ ပန်းမြစကားဝါ၊ ဝိသာခါနှင့်၊ တာရာဖြံရုံ၊ စန်းငွေယုန်ဖန်သည့်နှယ်၊ ဆဒ္ဒန်ပိုင့်ဘွေဘုံမှာ၊ လကဆုန်ညောင်ရေပွဲပေမို့၊ သဲလှတယ်လေး" ဟု ဖွဲ့ဆိုထားသည်။ ညောင်ရေသွန်းပွဲတော်ကျင်းပပုံကို စာဆိုတော်မင်းဇေယျရန္တမိတ်က "ကဆုန်လတွင်၊ ပြာစင်ညက်ဖြူရွှေပြည်သူတို့၊ သင်းမြူကြိုင်စွာ၊ ရေနံ့သာဝယ်၊ ရင်းမာကွမ်းဖူး၊ စကားဦးနှင့်၊ ထွန်းမြူလျှံမောင်း၊ မွေတော်ပေါင်းကို၊ ပျံ့လှောင်းကြိုင်ရွှင်း၊ အဲသီချင်းနှင့်၊ ပြန့်တင်းရည်စောင်၊ အဆောင်ဆောင်သည်၊ ခါညောင်မသွန်းလှည့်လေလော"ဟူ၍ သီကုံးခဲ့ပေသည်။

> ❖ ညောင်ရေသွန်းပွဲတော်သည် မြန်မာမင်းအဆက်ဆက်မှ ယနေ့ခေတ်တိုင်အောင် ကျင်းပလာခဲ့သော မြန်မာ့ရိုးရာဘာသာရေးပွဲတော်တစ်ခုဖြစ်သည်။ ညောင်ရေသွန်းပွဲတော်များကို ကျေးလက်တောရွာအနှံ့ နိုင်ငံတစ်ဝန်းလုံး စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ ညောင်ရေသွန်းပွဲတော်များကို ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူခေတ်ကပင် ဆင်နွှဲခဲ့ကြသည်။ တောင်ငူခေတ်တွင် စာဆိုနတ်သျှင်နောင်၏ "ပေါ်ခွေလလျှင်"ချိုးရတု၌ ညောင်ရေသွန်းပွဲတော်အကြောင်းကို ထည့်သွင်းဖွဲ့ဆိုထားသည်။ ❖

ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းသည့် ညောင်ရေသွန်းပွဲတော်သည် မြန်မာတို့၏ယဉ်ကျေးမှု မြန်မာ့ဓလေ့၊ မြန်မာနည်း၊ မြန်မာ့ဟန်ဖြင့် ပေါက်ဖွားလာသောပွဲတော်တစ်ခုဖြစ်သည်။ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းဓလေ့သည် မဇ္ဈိမဒေသနှင့် သီဟိုဠ်တို့တွင် ဘုရားပွင့်တော်မူရာဒေသဖြစ်သော်လည်း ရှေးကလည်း မရှိခဲ့ပေ။ ယနေ့လည်းမရှိ။ မြန်မာတို့တွင်သာရှိသောကြောင့် မြန်မာ့ပွဲတော်စစ်စစ်ဟု ဆိုရပေမည်။ ရှေးယခင်က ဘုရင့်တပ်မတော် စစ်ထွက်သောအခါတွင်လည်း နန်းတွင်းသူ လှပျိုဖြူလေးများက "အောင်ပါစေ သပြေပန်းနဲ့ ရေချမ်းကိုလောင်း၊ သွန်းလောင်းညောင်ရေ အောင်ပါစေ"ဟု ဆုတောင်းရေးဖွဲ့သည်ကို လေ့လာဖတ်ရှုရပေသည်။ စာဆိုတစ်ဦးက "သပြေပန်းနှင့် လောင်းသွန်းညောင်ရေ၊ အောင်မြင်စေဟု၊ အောင်ဇေယျာ၊ အောင်ကြောင်း ရှု၍ရုံးစုမပျက်၊ ငြိမ့်ငြိမ့်ထွက်သည် အုတ်ကျက်သဘင် တစ်ပွဲတည်း" ဟူ၍ စပ်ဆိုခဲ့သည်။

**ညောင်ရေသွန်းပွဲတော်ကျင်းပပုံ**

ကဆုန်လသည် အပူချိန်လွန်ကဲ၍ ခြောက်သွေ့သောလဖြစ်သည့်အလျောက် တောင်သူဦးကြီးများလည်း အလုပ်နားကြသည်။ ထို့ကြောင့် ညောင်ရေသွန်းပွဲတော်ကို ခြိမ့်ခြိမ့်သဲမျှ စည်ကားစွာ ကျင်းပကြသည်။ ကဆုန်လပြည့်နေ့မရောက်မီ တစ်ရက်အလိုတွင် ရေသွန်းလောင်းကြမည့် ညောင်ပင်ကို အမွှေးနံ့သာများ ဖျန်းပေးခြင်း၊ ထုံးသုတ်ခြင်း၊ အမှိုက်သရိုက် ရှင်းလင်းထားခြင်းများ ပြုလုပ်ကြသည်။ ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် ဆင်ယင်ကျင်းပသော ညောင်ရေသွန်းပွဲတော်သည် ကျက်သရေရှိလှသည်။ အမျိုးသားများက ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ကာ ရေအိုးများထဲ၌ အောင်သပြေပန်းများထည့်ပြီး ကိုင်ဆောင်၍လည်းကောင်း၊ အမျိုးသမီးများက ယောဂီဝတ်စုံများ ဆင်မြန်းပြီး ရေအိုးများကိုယ်စီရွက်၍ လည်းကောင်း ဗောဓိညောင်ပင်ရှိရာသို့ ရေစင်သွန်းလောင်းရန်သွားကြသည်။ ဗုဒ္ဓဘာသာ မြန်မာအမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့၏ပုံရိပ်မှာလည်း မြန်မာ့ဟန်၊ မြန်မာ့သဏ္ဌာန်တို့ဖြင့် ယဉ်ကျေးသိမ်မွေ့လျက် အလှဝေဖြာနေပေတော့သည်။

ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းလောင်းပြီးသည်နှင့် အနယ်နယ်အရပ်ရပ်ရှိ ဘုရားစေတီများတွင် ရဟန်းသံဃာတော်များကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ကျင်းပကြသည်။ ဆွမ်းဆန်စိမ်းလောင်းလှူပြီးနောက် ညနေပိုင်းတွင် သက်ကြီးပူဇော်ပွဲများ၊ ငါးလွှတ်ပွဲများကိုလည်း မြန်မာ့ရိုးရာဓလေ့အတိုင်း အိုးစည်ဗုံမောင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ဗုဒ္ဓဘာသာဝင်တို့သည် ကဆုန်လပြည့်နေ့တွင် သီတင်းသီလဆောက်တည်လျက် ကောင်းမှုများစွာတို့ဖြင့်ပျော်မွေ့ပြီး သက်တော်ထင်ရှားမြတ်စွာဘုရားရှင်အား ရည်မှတ်ပူဇော်ကြသည်မှာ အလွန်ပင်ထူးမြတ်သော ဒါနဖြစ်ပေသည်။ ညောင်ရေသွန်းပွဲတော်သည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ဖြစ်သကဲ့သို့ ကုသိုလ်ယူစရာ၊ ဝမ်းသာကြည်နူးစရာပွဲတော်လည်း ဖြစ်သည်။ သို့ဖြစ်ပါ၍ မြန်မာလူမျိုးများသည် ကဆုန်လရောက်တိုင်း ညောင်ရေသွန်းလောင်းရမည့် အချိန်ကာလကိုစောင့်မျှော်ပြီး ပျော်ရွှင်စွာဆင်နွှဲလျက်ရှိကြပေသည်။

**ညောင်ရေသွန်းလောင်းရခြင်းအကျိုးကျေးဇူး**

ဗုဒ္ဓဘာသာဝင်တို့သည် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းခြင်းအားဖြင့် မြတ်စွာဘုရားရှင်အား ပူဇော်ရသောကြောင့် ကောင်းကျိုးလိုရာဟူသမျှပြည့်စုံကြရသည်ဟု သက်ဝင်ယုံကြည်ကြသည်။ ဗောဓိပင်နှင့်ပတ်သက်၍ အသနဗောဓိယမထေရ် အလောင်းတော်သည် တိဿဘုရားရှင်၏ ဗောဓိပင်ကိုစိုက်ပျိုးပူဇော်ရသော ကုသိုလ်ကြောင့် နတ်ပြည်၌ဖြစ်ရခြင်း၊ စကြာမင်းဖြစ်ရခြင်း၊ အပါယ်ဘေးမှလွတ်ကင်းရခြင်း စသည့်အကျိုးများ ခံစားရသည်ဟု ဓမ္မကျမ်းဂန်တွင် ဟောကြားထားသည်ကို မှတ်သားရသည်။ ဂန္ဓောဒကတိဿမထေရ် အလောင်းတော်သည်လည်း ပဒုမုတ္တရဘုရားရှင်၏ဗောဓိပင်ကို နံ့သာရည်ဖြင့် သွန်းလောင်းသည့်အတွက် နတ်ပြည်၌ဖြစ်ရခြင်း၊ အနာရောဂါမရှိခြင်း၊ သောကကင်းဝေးခြင်းများကို ခံစားရသည်ဟု သိရှိရသည်။ မြတ်စွာဘုရားရှင် ပွင့်တော်မူသည့် မဟာဗောဓိပင်ကို မြတ်နိုးပူဇော်ခြင်းသည်ကား ဘုရားသခင်အား မြတ်နိုးပူဇော်ကန်တော့ခြင်းမည်ပါပေသည်။

ကဆုန်လပြည့် ဗုဒ္ဓနေ့၌ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရာ ဗောဓိညောင်ပင်ကို သန့်စင်မွှေးကြိုင်သည့် ရေကြည်ရေအေးဖြင့် ရေစင်သွန်းဖျန်းကြသည့် ဗုဒ္ဓဘာသာဝင်များသည် ရေအကျိုး ၁၀ ပါး မတောင့်တဘဲနှင့် ပြည့်စုံခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ စိတ်နှလုံးချမ်းမြေ့ခြင်း စသည့်ဂုဏ်ကျေးဇူးကောင်းကျိုးချမ်းသာ လိုအင်ဆန္ဒများပြည့်ဝကြပေမည်။ ပူဇော်ထိုက်သည်ကို ပူဇော်ခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်သောကြောင့် ကဆုန်လပြည့်နေ့တွင် ကောင်းမှုကုသိုလ်များပွားများ၍ အေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်းဖြင့် ရေးသားလိုက်ရပေသည်။

# မှန်နံ့ရုံလေး ဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် မေ ၂**

မှန်နံ့ရုံလေး (Come Back) ရုပ်သံဇာတ်လမ်းတွဲကို မေ ၇ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသည့် ဒါရိုက်တာ မင်းမျိုးက ပြောပြ၍ သိရသည်။

မှန်နံ့ရုံလေး (Come Back) ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထု ဇာတ်လမ်းဇာတ်ညွှန်းနှင့် ဒါရိုက်တာမှာ မင်းမျိုးဖြစ်ပြီး ရွှေကျေး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ရိုက်ကူးထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ Channel K ရုပ်သံလိုင်းမှ မေ ၇ ရက်မှစတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ည ၇ နာရီတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ဇာတ်လမ်းကတော့ ထူးထူးခြားခြား လေးပွင့်ဆိုင်အချစ်ဇာတ်လမ်းလေးတစ်ပုဒ်ပါ။ သူငယ်ချင်း သံယောဇဉ်စည်းကို မကျော်ဖြတ်နိုင်တဲ့ ချစ်သူနှစ်ယောက်ဆီကို နောက်ထပ်နှစ်ယောက် ဝင်လာတဲ့အခါ ဖြစ်ပေါ်လာတဲ့ လူငယ်ကြိုက် အချစ်ဇာတ်လမ်းလေးတစ်ပုဒ်ဖြစ်လာပါတယ်"ဟု ဒါရိုက်တာ မင်းမျိုးက ပြောပြသည်။

မှန်နံ့ရုံလေး (Come Back) ရုပ်သံဇာတ်လမ်းတွဲတွင် အဓိကဇာတ်ဆောင်များအဖြစ် သရုပ်ဆောင် အေးချမ်းမောင်၊ ဇော်ရှိုင်းထက်၊ ရွှေခြူးမေ၊ ရွှေယွန်းငယ်၊ ပိုးသံသာချို၊ ပိုင်ခန့်၊ ရှိုင်းယံ၊ ပိုးအိချစ်တို့ပါဝင်မည်ဖြစ်ပြီး ဝါရင့်ဇာတ်ပို့များဖြစ်ကြသည့် ရွှေမှုံ၊ ဒေါင်းဝေ၊ ဟန်ဝင်းဇော်၊ နွယ်နီ၊ ယမင်းသိမ့် စသည်အနုပညာရှင်များက အားဖြည့်ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH


# မြန်မာ့ရုပ်ရှင်ထူးချွန်ဆုဆန်ခါတင်စာရင်းတွင် ပါဝင်သည့် မဟူရာရုပ်ရှင်ရုံ ဇာတ်ကားကို M Entertainment Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်

**ရန်ကုန် မေ ၂**

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်တို့အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ဆန်ခါတင်စာရင်းတွင်ပါဝင်သည့် မဟူရာရုပ်ရှင်ရုံဇာတ်ကားကို M Entertainment Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ပြည့်ဇော်ဖြိုးက ပြောပြ၍ သိရသည်။

၂၀၁၉ ခုနှစ်က ရုံတင်ပြသခဲ့ပြီး ကြည့်ရှုသူများပြားခဲ့သည့် မဟူရာရုပ်ရှင်ရုံ ရုပ်ရှင်ဇာတ်ကားကို M Entertainment Channel မှ မေ ၆ ရက်နှင့် ၇ ရက် ညနေ ၄ နာရီတွင် M Entertainment Channel ပရိသတ်များအတွက် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ရုံတင်ပြသစဉ်ကလဲ ပရိသတ်တွေ အများအပြားအားပေးခဲ့ကြတဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်သလို နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွေမှာလဲ ပြသခွင့်ရခဲ့တဲ့ ဇာတ်ကားလဲဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တား ရုပ်ရှင်မဂ္ဂဇင်းက ပေးတဲ့ဆုလဲ ရထားပါတယ်။ ရုံတင်စဉ်က မကြည့်လိုက်ရသေးတဲ့ ပရိသတ်တွေ၊ ထပ်ပြီးကြည့်ချင်သေးတဲ့ ပရိသတ်တွေအတွက် M Entertainment Channel က ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ ပြည့်ဇော်ဖြိုးက ပြောပြသည်။




မဟူရာရုပ်ရှင်ရုံ ရုပ်ရှင်ဇာတ်ကားကို ဇာတ်လမ်းဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ပြည့်ဇော်ဖြိုးက တာဝန်ယူ ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ 7th Sense ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ထားခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့အခြေစိုက် နိုင်ငံတကာရုပ်ရှင်မဂ္ဂဇင်းတစ်ခုဖြစ်သည့် Cult Critic Film Magazine က ချီးမြှင့်သည့် JEAN-LUC GODARD AWARD, 2019 ကို Best Horror/ Science Fiction/ Genre Feature ကဏ္ဍတွင် ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ မင်းသွေး၊ ကျော်ကျော်ဗို၊ အိန္ဒိယရုပ်ရှင်သရုပ်ဆောင် ရီဟာရေး၊ နန်းဆုဦး၊ ထွန်းမင်းနှင့် ခေးလရောင်တို့က အဓိကပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# မောင်တောမြို့နယ်တွင် သက်တိုင်းရင်းသားတို့၏ အမျိုးသားနေ့အခမ်းအနား ကျင်းပ

**မောင်တော မေ ၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင် သက်တိုင်းရင်းသားတို့၏ အမျိုးသားနေ့အခမ်းအနားကို မေ ၁ ရက် နံနက်ပိုင်းက မောင်တောမြို့နယ် မြောက်ပိုင်းရှိ သက်တိုင်ညာကျေးရွာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သက်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးထွန်းလှကျော်က ပြောပြ၍ သိရသည်။

သက်တိုင်းရင်းသား မျိုးဆက်သစ်လူငယ်များအနေဖြင့် သက်တိုင်းရင်းသားတို့၏ အမျိုးသားသမိုင်းကြောင်းကို သိရှိစေရန်နှင့် ရခိုင်တိုင်းရင်းသား ညီအစ်ကို အချင်းချင်း ချစ်ခင်ရင်းနှီးစေလိုသည့် ရည်ရွယ်ချက်ဖြင့် သက်အမျိုးသားနေ့အခမ်းအနားကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

"ရည်ရွယ်ချက်ကတော့ လူမျိုးတစ်မျိုးရဲ့ အမှတ်လက္ခဏာလို့ဆိုတဲ့ အမျိုးသားနေ့ကို လူတိုင်းသိအောင်၊ နောက်ပြီးတော့ လတ်တလော ရင်ဆိုင်နေရတဲ့ စာပေယဉ်ကျေးမှုတွေပျောက်ကွယ်နေတာကို စိတ်ဝင်တစားနဲ့ အကောင်အထည်ပေါ်လာအောင်၊ စာပေတွေကို မြန့်ပွားလာအောင်၊ အဓိက ကတော့ အခုသင်ကြားနေတဲ့ စာပေတွေကို လူတိုင်းသင်ချင်တဲ့စိတ်ရှိလာအောင်၊ စာပေယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးစိတ်ရှိအောင်၊ စာပေနဲ့ ယဉ်ကျေးမှုအသင်းရဲ့ ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် အဲဒီအတိုင်း အချက်သုံးချက်ကိုပဲ အဓိကဦးတည်ပြီး ကျင်းပရတာပါ"ဟု ဦးထွန်းလှကျော်က ပြောပြသည်။

အဆိုပါ အခမ်းအနားတွင် သက်တိုင်းရင်းသားရိုးရာ အမျိုးသားဒိုးအားကစားပြိုင်ပွဲ၊ အမျိုးသမီးဒိုးအားကစားပြိုင်ပွဲ၊ ယဉ်ကျေးမှုအကပြိုင်ပွဲနှင့် ရိုးရာယဉ်ကျေးမှုအသုံးအဆောင်ပြခန်းတို့ကို ထည့်သွင်းကျင်းပခဲ့ပြီး အားကစားပြိုင်ပွဲဆုများကိုလည်း အခမ်းအနားတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရခိုင်ယဉ်ကျေးမှုအဖွဲ့က ရခိုင်ရိုးရာအကများဖြင့် ကပြဖျော်ဖြေခြင်း၊ ခမီရိုးရာအကများနှင့် ဒိုင်းနက် ခေါ် သက္ကမရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း၊ သက်တိုင်းရင်းသားတို့၏ ရိုးရာအက၊ ဓလေ့၊ မှတ်တမ်းဓာတ်ပုံများနှင့် ရှေးရိုးရာအစဉ်အလာပစ္စည်းများကို ပြခန်းတစ်ခုအဖြစ် ပြသထားကြောင်း သိရသည်။

ASH

# Bad Boys-4 ဇာတ်ကား၌ မင်းသား လုန်းဂရက်ဖက် ပါဝင်လာ

**နယူးယောက် မေ ၂**

Bad Boys-4 ဇာတ်ကား၌ Mister Fantastic ဇာတ်လမ်းတွဲ မင်းသား လုန်းဂရက်ဖက် ပါဝင်လာကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၁ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား လုန်းဂရက်ဖက်သည် နိုင်ငံရေးသမားအဖြစ် ပြောင်းလဲရပ်တည်ရန် ကြံစည်နေသော ထင်ရှားသည့် ရှေ့နေတစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

Bad Boys-4 ဇာတ်ကားတွင် မင်းသား လုန်းဂရက်ဖက်သည် မင်းသား ဝီစမစ်၊ မာဆင်လောရင့်တို့နှင့်အတူ ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

Bad Boys-4 ဇာတ်ကားကို ဒါရိုက်တာ အဒီးအယ်အာဘီးနှင့် ဘီလားဖာလားတို့က တာဝန်ယူ ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုမူ ဇာတ်ညွှန်းရေးဆရာ ခရစ်ဘရမ်မာက တာဝန်ယူ ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် Bad Boys-4 ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရန် ပြင်ဆင်နေဆဲဖြစ်ရာ ရုံတင်ပြသမည့်ရက်ကို ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း သိရသည်။

KKO




# John Wick: Chapter-4 ၏ ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာသန်း ၄၀၀ ကျော်ရရှိ

**နယူးယောက် မေ ၂**

John Wick: Chapter- 4 ဇာတ်ကားသည် ရုံတင်ပြီး သီတင်းခြောက်ပတ်အကြာတွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော်ထိ ရရှိထားကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က မေ ၁ ရက်တွင် ရေးသားတင်ပြထားသည်။

John Wick: Chapter-4 သည် ဧပြီ ၃၀ ရက်တွင် နိုင်ငံတကာဝင်ငွေ ၁၀ ဒသမ ၁ သန်း ထပ်မံရရှိခဲ့သည့် အဆိုပါဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၀၂ သန်းထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

John Wick: Chapter-4 ၏ ဝင်ငွေပမာဏကြောင့် John Wick ဇာတ်ကားအားလုံး၏ဝင်ငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၉၉၁ သန်းထိရှိလာပြီဖြစ်သည်။

သို့ဖြစ်ရာ John Wick: Chapter-4 ကို ရုံမြန်မချမီမှာ John Wick ဇာတ်ကားအားလုံး၏ စုစုပေါင်းဝင်ငွေသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်သွားနိုင်ကြောင်း သိရသည်။

John Wick: Chapter-4 ကို ဒါရိုက်တာ ချက်စတာဟဲစကီးက ရိုက်ကူးပေးထားပြီး မင်းသား ကီနူးရိဗ်က အဓိကဇာတ်ကောင် John Wick အဖြစ် ပါဝင်ထားကြောင်း သိရသည်။

KKO



# SAC Chairman Prime Minister Senior General Min Aung Hlaing receives Member of State Councilor of the People's Republic of China and Minister of Foreign Affairs H. E. Mr. Qin Gang



Senior General Min Aung Hlaing receives Minister of Foreign Affairs of China H.E. Mr. Qin Gang.


**Nay Pyi Taw May 2**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received Member of State Councilor of the People's Republic of China and Minister of Foreign Affairs H. E. Mr. Qin Gang at the parlour of the Credentials Hall of the SAC Chairman Office in Nay Pyi Taw this afternoon.



Senior General Min Aung Hlaing accepts commemorative gift from Minister H.E. Mr. Qin Gang.

At the meeting, the Senior General extended greetings to the guest. In his speech, the Member of State Councilor of PRC and Minister of Foreign said that it was his first time visit to Myanmar in serving the member of the State Councilor and Minister of Foreign Affairs. He revealed that his visit expressed friendly relations between the two countries as well as standing of China with Myanmar in the international area.



Senior General Min Aung Hlaing presents commemorative gift to Minister H.E. Mr. Qin Gang.

They frankly exchanged views on diplomatic relations and friendly ties between the two countries, further promotion of cooperative measures, political situations of Myanmar and endeavours for ensuring peace and stability as well as development of the country, peace, stability and development of border region, undertakings for promotion of border trade, cooperation in development of energy and electric power sectors, future plans for rising investments, and cooperation in political, foreign affairs and development sectors.

After the meeting, the Senior General and the Member of State Councilor of PRC and Minister of Foreign Affairs exchanged gifts and had documentary photos taken.

Also present at the meeting were Council Joint Secretary Lt-Gen Ye Win Oo, Union Minister for Foreign Affairs U Than Swe, Union Minister for International Cooperation U Ko Ko Hlaing and officials. The Member of State Councilor of PRC and Minister of Foreign Affairs was accompanied by Chinese Ambassador to Myanmar H.E. Mr. Chen Hai and officials. 100

# Sudan crisis: Civilians facing catastrophe as 100,000 flee fighting - UN

**Khartoum May 2**

More than 100,000 people have fled Sudan since heavy fighting broke out between rival forces on 15 April, the UN has said.

Officials warned of a "full-blown catastrophe" if fighting does not end.

A further 334,000 people have been displaced within Sudan.

Fighting is continuing in the capital, Khartoum, between the army and the paramilitary Rapid Support Forces (RSF), despite a ceasefire due to be in force.

Diplomatic efforts are being stepped up to try and get the warring parties to the negotiating table.

On Tuesday, South Sudan's foreign ministry said the army and RSF had agreed "in principle" to a new seven-day truce from 4 May, and had promised to send representatives to talks.

Its statement came a day after the UN special envoy to Sudan, Volker Perthes, told the AP news agency that the two sides had agreed to negotiate a "stable and reliable" ceasefire.

Saudi Arabia was a potential venue for the talks, he added.

If talks take place, it would be the first meeting between the two sides since the conflict started.

More than 500 people have been killed and more than 4,000 have been wounded in the fighting, according to Sudan's health ministry.

A series of temporary ceasefires have failed to hold, with the military continuing to pound Khartoum with air strikes in a bid to weaken the RSF.

The paramilitary group said it shot down a MiG fighter jet over the city, but there is no independent confirmation of the claim. BBC

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses 7th Work Coordination Meeting of COVID-19 Control, Emergency Response Committee



Vice-Senior General Soe Win delivers address at the meeting.

**Nay Pyi Taw May 2**

The 7th Work Coordination Meeting of the COVID-19 Control and Emergency Response Committee was held at the Office of the Chairman of the State Administration Council this afternoon and Chairman of the committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win delivered an address at the meeting.

Also present at the meeting were union ministers U Ko Ko, Dr Pwint San, Dr Nyunt Pe, Dr Thet Khaing Win and Dr Thet Thet Khaing, deputy ministers, senior officers from the Commander-in-Chief of Defence Services and responsible officials.

First, the Vice-Senior General delivered a speech, saying it was learnt that Omicron variant Arcturus XBB.1.16, which has spread in neighbouring countries, has been identified since 1 April, according to studies and the transmission has slightly increased after the Thingyan Festival. However, it was also found that it is not necessary to worry about the transmission compared with previous Omicron transmission. In April, the transmission rate reached its peak with 1.14 percent rise in the transmission rate on 29 April with 130 people infected with the new variant. On the remaining days of the month, transmission rate remained below one percent and only two people died of the new variant. During the period from 1 April to 1 May, about 903 people were infected with the new variant, known as Arcturus, which is known to be less severe than other previously known COVID-19 variants, according to scientists. Common distinctive symptoms of the variant include sore eyes and earaches and it is necessary to conduct further studies and to launch awareness-raising campaigns about the findings. The purpose of the meeting today is to monitor and control the outbreak of the new Arcturus variant, to raise awareness about it and to respond to it quickly. As it was learnt that the infection caused by the new variant can be cured with medicines used for previous variants, it is not necessary to worry about it. It is important to get vaccinated as usual and to take preventive and control measures as usual. Although the situation is not worrisome, it is necessary to take the matter seriously and the new variants must be controlled effectively as soon as they emerge. As for the prevention, control and treatment of the disease, the needs for test kits, oxygen and readiness of quarantine centres must be ensured and the committee is required to resume its tasks by discussing ensuring sufficient medical supplies and full vaccination.

Union Minister for Health Dr Thet Khaing Win reported on Covid-19 outbreaks across the world including the regional countries and deaths over the past 28 days, the infection of XBB.1.16 (Arcturus), findings of the current Covid-19 variants found in Myanmar, domestic cases and infections found in overseas returnees, cases reported in the regions and states over the past 14 days, cluster cases and infections in April 2023, isolation of patients, progress in age-wise vaccinations, storage of vaccines, reviews and preparedness over the outbreak and continued measures, and public campaigns against Covid-19 through PowerPoint presentation.

Next, those in attendance at the meeting reported on prevention, control and treatment of Covid-19, provision of enough medicines, oxygen and protective equipment, cooperation with relevant ministries to educate people about the new Covid variant, cooperation with volunteers and charities during the third wave, campaigns for mobilizing cooperation in the current measures, production of oxygen by factories from Myanmar Economic Corporation and private factories, preparations to produce oxygen as demanded by the Ministry of Health, the discovery of a new variant Arcturus in the global and neighbouring countries and Myanmar, preparedness by hospitals and quarantine centres in the regions and states, cooperation in ensuring those enter and exit the border points in line with the Covid-19 restrictions, no severity of the new variant XBB.1.16 (Arcturus) in comparison with the previous XBB.1 and XBB.1.15 despite rapid infection, the need for individuals to protect themselves with farsightedness instead of restrictions over travels and gatherings, plans to easily monitor individuals' vaccination records and continued records, and supervisory measures for systematic prevention, control and treatment.

The Vice-Senior General said Yangon Region saw 539 cases, the largest number of all, followed by Kayin State with 196 cases. So it is necessary to take control measures to prevent any higher number. Convid-19 testing must be compulsory for those entering the country through borders. Those infected are to be sent to the designated places for treatment. Systematic monitoring is required for any infections at monasteries, schools and teaching monasteries where cluster cases were reported in the previous waves. Constant monitoring for protective equipment demands is also necessary, the Senior General said. He then attended to the needs after reviews over the discussions made by those present.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပိုလန်နိုင်ငံက MBDA ကုမ္ပဏီနှင့် ကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံရှိ လေကြောင်းရန်ကာကွယ်ရေးဝယ်ယူမှုသဘောတူညီချက်ကြေညာ



ပိုလန်နိုင်ငံသည် ဥရောပ၏ MBDA ကုမ္ပဏီနှင့် ပေါင်၁ ဒသမ ၉ဘီလီယံ(အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံ)တန်ဖိုးရှိ ဒုံးကျည်နှင့်ဒုံးပစ်လောင်ချာယာဉ်များ ပံ့ပိုးပေးရန် လေကြောင်းရန်ကာကွယ်ရေး ဝယ်ယူမှု သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း မေ ၂၈ ရက်က ကြေညာခဲ့သည်။

ပြီးခဲ့သည့်တစ်နှစ်ကျော်က ရုရှား၏ ကျူးကျော်မှုနောက်ပိုင်း ယူကရိန်းကို အခိုင်မာဆုံးထောက်ခံသူ EU အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ပိုလန်နိုင်ငံအစိုးရသည် အဆိုပါသဘောတူညီချက်အရ နိုင်ငံ၏ လေကြောင်းကာကွယ်ရေးစွမ်းအားကို မြှင့်တင်နိုင်လိမ့်မည်ဟု ပြောကြားခဲ့သည်။

၎င်းဝယ်ယူမှုတွင် iLaunchers ၄၄ စီးနှင့် CAMM ဒုံးကျည် ရာပေါင်းများစွာအပြင် ဆက်စပ်ပစ္စည်းများပံ့ပိုးမှုတို့ပါဝင်လာမည်ဖြစ်ကြောင်း ပိုလန်၏စစ်လက်နက်ဝယ်ယူရေးအေဂျင်စီက ပြောကြားခဲ့သည်။

"ဝယ်ယူရေးတန်ဖိုးက ပေါင် ၁ ဒသမ ၉ ဘီလီယံလောက်ရှိပါတယ်။ စစ်လက်နက်ပစ္စည်းတွေကို ၂၀၂၅-၂၀၂၉ ခုနှစ်အတွင်းမှာ ပို့ဆောင်ပေးနိုင်မှာပါ"ဟု ပိုလန်၏ စစ်လက်နက်ဝယ်ယူရေးအေဂျင်စီက ပြောကြားခဲ့သည်။

အဆိုပါသဘောတူညီချက်ကို NATO တွင် ဥရောပ၏ အကြီးဆုံးတာတိုပစ်လေကြောင်းကာကွယ်ရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း MBDA ကုမ္ပဏီမှ တာဝန်ရှိသူက ပြောကြားသည်။

ဒုံးကျည်များနှင့် ဒုံးပစ်လောင်ချာများသည် ပိုလန်နိုင်ငံ၏ခေတ်မီတိုးတက်မှုနှင့် စုစုပေါင်း PILICA လေကြောင်းရန်ကာကွယ်ရေးတပ်ခွဲ ၂၂ ခုစာထိ ထုတ်လုပ်သွားနိုင်ရေး ပံ့ပိုးကူညီရန်ဖြစ်ကြောင်း သိရသည်။

ဒေါင်းနင်းလမ်းသတင်းထုတ်ပြန်ချက်တွင် ဗြိတိန်ဝန်ကြီးချုပ် Rishi Sunak က ယူရို-အတ္တလန္တိတ်လုံခြုံရေးအတွက် အဓိကတွန်းအားပေး လုပ်ဆောင်မှုတစ်ခုအဖြစ် အထင်ကရသဘောတူညီချက်ဟု ချီးကျူးခဲ့သည်။ ပိုလန်နိုင်ငံသည် MBDA ကုမ္ပဏီထုတ် CAMM ဒုံးကျည်ကို အသုံးပြုနေပြီဟု ၎င်းက ဆိုသည်။

ထို့ပြင် ရုရှားသမ္မတဗလာဒီမာပူတင်၏ ယူကရိန်းကို အထူးစစ်ဆင်ရေးစတင်လာပြီးနောက် ပိုလန်နိုင်ငံလေပိုင်နက်ကို ကာကွယ်ရန်အတွက် CAMM ဒုံးကျည်များကို တပ်ဖြန့်ချထားပြီးဖြစ်သည်ဟု ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ရုံး ထုတ်ပြန်ချက်တွင်ပါရှိသည်။

အဆိုပါသဘောတူညီချက်သည် ပိုလန်နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို ခိုင်မာအားကောင်းစေမည်ဖြစ်ကြောင်း ပိုလန်နိုင်ငံကာကွယ်ရေးဝန်ကြီး Mariusz Blaszczak က တွစ်တာတွင်ရေးသားခဲ့သည်။

"ဗြိတိန်နိုင်ငံဘက်ကတော့ ဒီသဘောတူညီချက်က အလုပ်အကိုင်ပေါင်း ၅၀၀ ကို ပံ့ပိုးပေးမှာဖြစ်ပြီး ပိုလန်နိုင်ငံအတွက် အရေးကြီးတဲ့ ကာကွယ်ရေးအခြေခံအဆောက်အအုံတွေကို ပံ့ပိုးပေးနိုင်မှာဖြစ်သလို စီးပွားရေးတိုးတက်အောင်ကူညီပေးသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရုရှား၊ ယူကရိန်းတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသော ပိုလန်နိုင်ငံသည် ရုရှားနိုင်ငံ၏ အနောက်ဘက်ပစ်မှတ်နိုင်ငံဖြစ်လာမည်ကို အမေရိကန်ဦးဆောင်သောအနောက်အုပ်စုက စိုးရိမ်နေကြသည်။

ယူကရိန်းနိုင်ငံအတွက် စစ်ရေးအကူအညီများ အရှိန်မြှင့်တင်ရန် ၎င်း၏NATO နှင့် EU မဟာမိတ်နိုင်ငံများကို ပိုလန်နိုင်ငံက တိုက်တွန်းခဲ့ပြီး နိုင်ငံ၏ ကိုယ်ပိုင်စစ်လက်နက်များဝယ်ယူမှုကို အရှိန်မြှင့်လုပ်ဆောင်ရန် တွန်းအားများဖြစ်စေခဲ့သည်။

ပိုလန်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က စစ်ဘက်အတွက် GDP ၏ ၂ ဒသမ ၄ ရာခိုင်နှုန်းထိသုံးစွဲခဲ့ကြောင်းနှင့် အတ္တလန္တိတ်ဖြတ်ကျော်မဟာမိတ်အဖွဲ့၏ ကိန်းဂဏန်းများအရ အဆိုပါသုံးစွဲမှုသည် NATO နိုင်ငံများတွင် တတိယအများဆုံးရာခိုင်နှုန်းတစ်ခုဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ပိုလန်နိုင်ငံ၏ စစ်ရေးအသုံးစရိတ်သည် GDP ၏ သုံးရာခိုင်နှုန်းသို့ ရောက်ရှိသွားနိုင်ကြောင်း နိုင်ငံ၏ဘတ်ဂျက်စာရင်းများအရ သိရသည်။

**Poland Announces $2.4B Air Defense Deal With Europe's MBDA ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားက ယူကရိန်းစစ်ဘက်ဆိုင်ရာစက်မှုလုပ်ငန်းများကို အကြီးစားဒုံးကျည်တိုက်ခိုက်မှုပြုလုပ်



ရုရှားစစ်ဘက်သည် ယူကရိန်း၏ စစ်ဘက်ဆိုင်ရာ စက်မှုလုပ်ငန်းများကို အကြီးစားဒုံးကျည်တိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး စစ်လက်နက်နှင့် ခဲယမ်းများထုတ်လုပ်မှုကို နှောင့်ယှက်ဟန့်တားနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက မေ ၁ ရက်တွင် ပြောကြားခဲ့သည်။

ယူကရိန်း၏ စစ်ဘက်-စက်မှုဆိုင်ရာ အဆောက်အအုံများအပေါ် တာဝေးပစ်တိကျပဲ့ထိန်းလက်နက်များ၊ ဝေဟင်နှင့် ပင်လယ်အခြေပြုတိကျပဲ့ထိန်းဒုံးကျည်များဖြင့် ရုရှားတပ်ဖွဲ့များက အုပ်စုဖွဲ့၍ တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ၎င်း၏ နေ့စဉ်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

သတ်မှတ်ထားသော ပစ်မှတ်များအားလုံးကို ရည်မှန်းချက်အတိုင်းတိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင်ပါရှိသည်။

ရုရှားတပ်ဖွဲ့များသည် မည်သည့်နေရာများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ကို အတိအကျမဖော်ပြသော်လည်း ယူကရိန်းမီဒီယာများအဆိုအရ မြို့တော်ကိယက်ဗ်၊ Sumy နှင့် Dnepropetrovsk ဒေသတို့တွင် တိုက်ခိုက်မှုများအပေါ် အစီရင်ခံတင်ပြထားသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် Pavlograd မြို့ ဆင်ခြေဖုံးတွင် ကြီးမားသောပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး အဆိုးရွားဆုံးပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

အွန်လိုင်းမီဒီယာများပေါ်တွင် ပျံ့နှံ့နေသည့် အတည်မပြုနိုင်သော ဗီဒီယိုပိုင်များသည် မြို့အနီးတွင်ဖြစ်ပွားခဲ့သောတိုက်ခိုက်မှုများ၏နောက်ဆက်တွဲဖြစ်ရပ်များကို တွေ့မြင်နိုင်သည်။ အဆိုပါမြို့တိုက်ခိုက်မှုတွင် ပေါက်ကွဲမှုများစွာ ဖြစ်ပွားခဲ့ကြောင်းလည်း သတင်းများအရ သိရသည်။

Pavlograd မြို့တိုက်ခိုက်မှုတွင် ယူကရိန်း အမှတ်(၄၆)လေကြောင်းချီတပ်မဟာ၏ လောင်စာဆီများနှင့်ခဲယမ်းမီးကျောက်သိုလှောင်ရုံများကို ဖျက်ဆီးပစ်နိုင်ခဲ့သည်။ Zaporozhye ဒေသရှိ ရုရှားအကြီးတန်းအရာရှိ ဗလာဒီမာရော်ဂေါ့ဗ်က ဒေသခံများထံမှ သတင်းများကိုကိုးကားပြီး ယူကရိန်း၏တန်ပြန်ထိုးစစ်အတွက် အဆင်သင့်ဖြစ်နေသည့် တပ်မဟာတစ်ခုလည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် တိုက်ခိုက်မှုများကြောင့် အဆိုပါဒေသအတွင်း တပ်ဖြန့်ချထားသော S-300 လေကြောင်းရန်ကာကွယ်ရေးတပ်ခွဲနှစ်ခွဲကိုလည်း တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက TASS သတင်းဌာနသို့ ပြောကြားခဲ့သည်။

ယူကရိန်းအရေးပေါ်ကယ်ဆယ်ရေးဝန်ဆောင်မှုဌာနများအရ Pavlograd မြို့တွင် ပေါက်ကွဲမှုများကြောင့် နေအိမ်အလုံး ၈၀ နှင့် အထပ်မြင့်အဆောက်အအုံ ၂၄ လုံးခန့်ပျက်စီးခဲ့သည်။ အရေးပေါ်ဝန်ဆောင်မှုများသည် ပျက်စီးဆုံးရှုံးမှုများအပေါ် အတိအကျမဖော်ပြဘဲ ထိုဒေသရှိ စက်မှုလုပ်ငန်းအဆောက်အအုံများအပြားပျက်စီးခဲ့ကြောင်း အသိအမှတ်ပြုပြောကြားခဲ့သည်။

မကြာသေးမီရက်များအတွင်း ရုရှားနှင့် ယူကရိန်း နှစ်နိုင်ငံစလုံးသည် တာဝေးပစ်တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်လာပြီး ယူကရိန်း၏ ကာလကြာရှည်စွာကြေညာထားသော တန်ပြန်ထိုးစစ်မတိုင်မီ စစ်ရေးလှုပ်ရှားမှုများ ပိုမိုလုပ်ဆောင်လာခြင်းလည်းဖြစ်သည်။ ရုရှားနိုင်ငံသည် ယူကရိန်းစစ်ဘက်မှ အသုံးပြုလျက်ရှိသည့် ကွပ်ကဲမှုစခန်းအများအပြားကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်းကြေညာခဲ့ပြီး ယူကရိန်းစစ်ဘက်၏ အရန်အင်အားစုဖွဲ့ထားမှုများကိုလည်း တိုက်ခိုက်နိုင်ခဲ့သည်။

ယူကရိန်းသည် ရုရှားနိုင်ငံ၏ Donetsk မြို့အပြင် အခြားနယ်စပ်ဒေသများ၏လူနေရပ်ကွက်များကို ပစ်ခတ်တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်လာခဲ့ပြီး အရပ်သားအများအပြား သေဆုံးဒဏ်ရာရခဲ့ကြသည်။

ယူကရိန်းတပ်ဖွဲ့ဝင်များသည် ကရိုင်းမီးယားရှိ ရေနံတင်ပို့သည့်နေရာကိုလည်း တိုက်ခိုက်ခဲ့ကြောင်း ယူကရိန်းစစ်ဘက်တောင်ပိုင်းကွပ်ကဲမှုဌာနချုပ်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ နာတာလီယာဂူမင်ယွတ်က ပြောကြားခဲ့ပြီး အဆိုပါတိုက်ခိုက်မှုသည် ယူကရိန်းတန်ပြန်ထိုးစစ်အတွက် ပြင်ဆင်မှုဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

**Russia launches large-scale attack on Ukrainian military-industrial facilities ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးစပါး ၄၀၂၇၁ ဧက စိုက်ပျိုးမည်



**ထီးချိုင့် မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ်၌ မိုးစပါး ၄၀၂၇၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၀၂၇၁ ဧက စိုက်ပျိုးမည်ဖြစ်ပြီး မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ထီးချိုင့်မြို့နယ်မှာ လာမဲ့မိုးသီးနှံစိုက်ပျိုးချိန် မိုးစပါး ၄၀၂၇၁ ဧက စိုက်ပျိုးမှာဖြစ်ပါတယ်။ ဒီနှစ် မိုးစပါးသီးနှံဧကကို လျာထားချက် ပြည့်မီအောင်တော့ စိုက်ပျိုးသွားမှာပါ။ မိုးစပါးစိုက်ပျိုးမှုကတော့ ပုံမှန်အတိုင်းပါပဲ။ အထွက်နှုန်းကောင်းဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်နေတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးမည့်တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခင်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၀၂၇၁ ဧက စိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် အထွက်နှုန်းအနေဖြင့် ၉၂ ဒသမ ၆၅ တင်း ထွက်ရှိကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခင်နှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၀၆၂၁ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ စိုက်ပျိုးခဲ့ကာ ယနေ့ထိ ၁၀၂၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# သာယာဝတီမြို့နယ် ချောင်းသုံးခွကျေးရွာ၌ လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်းဖွင့်

**သာယာဝတီ မေ ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်း ထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ချောင်းသုံးခွကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နည်း သင်တန်း ဖွင့်လှစ်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းတို့က သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။



အဆိုပါသင်တန်းကို ချောင်းသုံးခွကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ဖိနပ်ချုပ်နည်းအမျိုးမျိုး၊ ဦးထုပ်ချုပ်နည်းအမျိုးမျိုး၊ အိတ်ချုပ်နည်းအမျိုးမျိုးနှင့်ပတ်သက်သည့် သင်ခန်းစာများကို သင်တန်းနည်းပြဆရာက စာတွေ့၊ လက်တွေ့ဖြင့် မေ ၁ ရက်မှ မေ ၁၀ ရက်ထိ ၁၀ ရက်ကြာအခမဲ့ သင်ကြားပို့ချပေးခဲ့သည်။

လူသုံးကုန်ပစ္စည်း ထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲသို့ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ချောင်းသုံးခွကျေးရွာမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သုတ**

# ကျောက်မဲမြို့နယ် မိုင်းတင်း(ရွာမ)ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ကျောက်မဲ မေ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်မဲမြို့နယ် မိုင်းတင်း(ရွာမ)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုကို မေ ၁ ရက် နံနက် ၁၀နာရီ က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဇော မြင့်ထွန်း၊ ခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မိုင်းတင်း(ရွာမ)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ပြီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက တည်ဆောက်ပြီးစီးသည့် ကျေးရွာဘက်စုံသုံးခန်းမကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမသည် အလျား ၂၄ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၁၂ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၃သိန်း စုစုပေါင်းငွေကျပ် ၁၀၅ ဒသမ ၃သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးပြီး အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မိဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂-၅-၂၀၂၃**

**ရွှေ**

| | | |
|---|---|---|
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၂၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၆၀၀၀၀ |

**(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၉၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၂၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# အမရာနန်းတော် ဝိုင်ယာကြိုးကုမ္ပဏီလီမိတက်စက်ရုံဖွင့်ပွဲကျင်းပ

**မန္တလေး မေ ၂**

အမရာနန်းတော် ဝိုင်ယာကြိုးကုမ္ပဏီလီမိတက်စက်ရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်ရှိ အဆိုပါစက်ရုံ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ ကုမ္ပဏီမှတာဝန်ရှိသူတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်စကားပြောကြားပြီး အမရာနန်းတော် ဝိုင်ယာကြိုးကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးရဲမင်းလတ်က မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက် 0.4KV, 11KV, 33KV လျှပ်စစ်ဓာတ်အားလိုင်းများ ဆက်သွယ်နိုင်ရေးအတွက်လိုအပ်သော အလူမီနီယံဝိုင်ယာကြိုးများဖြစ်သည့် 35 $mm^2$, 50 $mm^2$, 70 $mm^2$, 95 $mm^2$, 120 $mm^2$ Cable များကို ယခုစက်ရုံတွင်ထုတ်လုပ်နိုင်ပြီဖြစ်၍ ပြည်ပသွင်းကုန်အစားထိုးဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်းနှင့် စက်ရုံ၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက် (၇)ရပ်၊ ဆက်လက်ထုတ်လုပ်ရန် လျာထားသည့် Cable အရွယ်အစား၊ အမျိုးအစားများ၊ ဈေးကွက်အတွင်းဖြန့်ချိမှုအခြေအနေများနှင့် ကျေးဇူးတင်စကားများကို ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မန်နေးဂျင်းဒါရိုက်တာတို့က စက်ရုံဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က စက်ရုံအတွင်းလှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



# ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ တိုက်ရိုက်(Live)ထုတ်လွှင့်သွားမည်

**နေပြည်တော် မေ ၂**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကို မေ ၃ ရက်**(ယနေ့)** ညနေပိုင်းနှင့် ညပိုင်းတို့တွင် နေပြည်တော် ဉပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်း၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ခမ်းနားထည်ဝါစွာ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။နေပြည်တော် ဉပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းတွင် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကို စီစဉ်ကျင်းပသွားမည်ဖြစ်ရာ ည ၆ နာရီ ၄၅ မိနစ်မှစတင်၍ ဆီမီးတိုင်များ ကိုင်ဆောင်လှည့်လည်ပူဇော်ပွဲနှင့် ည ၈ နာရီတွင် ကျင်းပမည့် ဓမ္မပူဇာသဘင် ဆင်ယင်ကျင်းပပွဲတို့ကို MRTV Farmers' Channel၊ MRTV Parliament Channel၊ MRTV Sports Channel၊ MWD EDUCATION, KNOWLEDGE & SPORTS Channel၊ TVM Channel၊ Channel LIGHT နှင့် WAF Channel တို့မှ တိုက်ရိုက်(Live)ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ပြီး MRTV–HD Channel မှ ဆီမီးတိုင်များကိုင်ဆောင်လှည့်လည်ပူဇော်ပွဲစတင်ချိန်မှ ည ၈ နာရီ သတင်းမတိုင်မီအထိ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ဓမ္မပူဇာသဘင် ဆင်ယင်ကျင်းပပွဲကို ည ၈ နာရီသတင်းများအပြီး ည ၉ နာရီခန့်မှစ၍ ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ဓမ္မပူဇာသဘင်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသက ငါးပါးသီလချီးမြှင့်ပေးမည်ဖြစ်ပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရက တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးသွားမည်ဖြစ်ပါကြောင်း မိဘပြည်သူများအား ကြိုတင်အသိပေးအပ်ပါသည်။

# SARS-CoV-2 Variant Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုးထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

**နေပြည်တော် မေ ၂**

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသော ဓာတ်ခွဲအတည်ပြုလူနာများထံမှ ဓာတ်ခွဲနမူနာများရယူ၍ ဓာတ်ခွဲစစ်ဆေးလျက်ရှိပြီး Omicron(အိုမီခရွန်) အပါအဝင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုးတွေ့ရှိမှုများနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုးတွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ်ဓာတ်ခွဲနမူနာ ၂၂ ခုကို ဆေးသုတေသနဦးစီးဌာနတွင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ၂၉-၄-၂၀၂၃ ရက်တွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး XBB.1.9.1 ကို ဓာတ်ခွဲနမူနာ ရှစ်ခုတွင်လည်းကောင်း၊ XBB.1.16 ကို ဓာတ်ခွဲနမူနာ ရှစ်ခုတွင်လည်းကောင်း၊ XBB.2.3 ကို ဓာတ်ခွဲနမူနာ နှစ်ခုတွင်လည်းကောင်း၊XBB.1.9.2 ကို ဓာတ်ခွဲနမူနာ တစ်ခုတွင်လည်းကောင်း၊ XBB.1.5 ကို ဓာတ်ခွဲနမူနာ တစ်ခုတွင်လည်းကောင်း၊ XBB.1 ကိုဓာတ်ခွဲနမူနာ တစ်ခုတွင်လည်းကောင်း၊ BA.2.75 ကို ဓာတ်ခွဲနမူနာ တစ်ခုတွင်လည်းကောင်း အသီးသီးတွေ့ရှိရသည်။အဆိုပါလူနာများကို ကိုဗစ်-၁၉ ရောဂါပိုးဓာတ်ခွဲအတည်ပြုခဲ့စဉ်ကပင် သတ်မှတ်ရက်အတိုင်း စနစ်တကျသီးခြားထားရှိကုသမှုပေးခဲ့ပြီး ကျန်းမာရေးအခြေအနေများမှာ ကောင်းမွန်လျက်ရှိသည်။

၃။ Omicron(အိုမီခရွန်)မျိုးရိုးဗီဇပြောင်း XBB.1.16 (Arcturus) ရောဂါပိုးကူးစက်ဖြစ်ပွားမှုကို ယခုနှစ် ဇန်နဝါရီလတွင် အိန္ဒိယနိုင်ငံ၌စတင်၍ တွေ့ရှိခဲ့ရပြီး မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၃၇ နိုင်ငံတွင် ကူးစက်မှုများရှိကြောင်း သိရှိရသည်။ ယခုမြန်မာနိုင်ငံတွင်တွေ့ရှိရသော XBB.1.16 ရှစ်ဦးအနက်တစ်ဦးမှာ ပြည်ပမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူဖြစ်ပြီး ကျန်ခုနစ်ဦးမှာ ပြည်တွင်းကူးစက်မှုများမှ တွေ့ရှိရခြင်းဖြစ်ပါသည်။ ယခုတွေ့ရှိရသည့် မျိုးရိုးဗီဇပြောင်းရောဂါပိုးများဖြစ်သည့် XBB.1၊XBB.1.5၊ XBB.1.9.1၊XBB.1.9.2၊ XBB.2.3၊ BA.2.75 တို့မှာလည်း ကမ္ဘာ့နိုင်ငံများတွင် ယခင်ကပင် ကူးစက်ပြန့်ပွားလျက်ရှိသော မျိုးရိုးဗီဇပြောင်းရောဂါပိုးများဖြစ်ကြောင်း သိရှိရသည်။

၄။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါမျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများကို ပိုမိုအရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မန္တလေးမြို့ ကျုံး လေးပြင်လေးရပ်တွင် သံဃာတော် ၁၀၂၆၈ ပါးကို ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂**

မေ ၃ ရက်**(ယနေ့)**တွင် မန္တလေးမြို့ ကျုံး လေးပြင်လေးရပ်၌ နံနက် ၆ နာရီမှစတင်ကျင်းပမည့် သံဃာတော် ၁၀၂၆၈ ပါးကို နန်းမြို့ရိုးတစ်ဖက်လျှင် သံဃာတော် ၂၅၆၇ ပါးစီဖြင့် ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားကို MRTV HD Channel, MRTV Farmer's Channel, MRTV Parliament Channel, MRTV Sports Channel, MWD Variety HD Channel, MWD EDUCATION, KNOWLEDGE & SPORTS Channel, TVM Channel, WAF Channel နှင့် Channel Light Channel တို့တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်သည်။

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှ ယူ-၂၂ မြန်မာအမျိုးသားဘောလုံးအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့၏ ဘောလုံးပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၃ ခုနှစ် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မေ ၅ ရက်မှ ၁၇ ရက်ထိ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်အားကစားနည်းများအနက် အသက် ၂၂ နှစ်အောက်အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ၏ အုပ်စုအဆင့်ပြိုင်ပွဲများကို ဧပြီ ၂၉ ရက်မှစတင်ကျင်းပလျက်ရှိသည်။

အဆိုပါ အမျိုးသားဘောလုံးပြိုင်ပွဲ၏ အုပ်စု(က)မှ မြန်မာအမျိုးသားဘောလုံးအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့သည် မေ ၄ ရက် ညနေ ၃ နာရီခွဲတွင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အဆိုပါပွဲစဉ်ကို MRTV HD Channel, MRTV Sports Channel, MRTV Parliament Channel, MRTV Farmer's Channel, နှင့် မြန်မာ့အသံရေဒီယိုတို့က တိုက်ရိုက်(Live)ထုတ်လွှင့်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**


## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၁ / ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်)

**ရခိုင့်ဦးဆောင်ပါတီ[Arakan Front Party(AFP)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ် စစ်တွေမြို့ မင်းဂံရပ်ကွက် မင်းစောမွန်လမ်း အိမ်အမှတ်(၁/ယ/၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရခိုင့်ဦးဆောင်ပါတီ[Arakan Front Party (AFP)]**ကို ၂၀၂၃ ခုနှစ် မေ ၂ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရခိုင့်ဦးဆောင်ပါတီ[Arakan Front Party (AFP)]**၏ မှတ်ပုံတင်အမှတ်မှာ(၆)ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၃ / ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်)

**ရှမ်းနီ(တိုင်းလျန်)သွေးစည်းညီညွတ်ရေးပါတီ[Shan-Ni Solidarity Party (S.S.P)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အေးသာယာရပ် မြို့ပတ်လမ်း အမှတ်(၁/၈၉)တွင်ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရှမ်းနီ(တိုင်းလျန်)သွေးစည်းညီညွတ်ရေးပါတီ[Shan-Ni Solidarity Party (S.S.P)]**ကို ၂၀၂၃ ခုနှစ် မေ ၂ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရှမ်းနီ(တိုင်းလျန်)သွေးစည်းညီညွတ်ရေးပါတီ[Shan-Ni Solidarity Party (S.S.P)]**၏ မှတ်ပုံတင်အမှတ်မှာ (၈)ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၄ / ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်)

**ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် (၈)ရပ်ကွက် (၅)လမ်း အမှတ် (၂၅၄) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**ကို ၂၀၂၃ ခုနှစ် မေ ၂ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၉)ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## "မျက်ခုံးဖြူငှက်ပြာခြောက်" ငှက်ပုံ(၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်ထုတ်ဝေ

**နေပြည်တော် မေ ၂**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌သာကျက်စားသည့်ဒေသရင်းငှက်မျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထားမှတ်ချက်ပြုထားသည့်** မြန်မာ့ဒေသရင်း **"မျက်ခုံးဖြူငှက်ပြာခြောက်"**ငှက်ပုံ(၂၀၀ ကျပ်တန်)စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို မေ ၄ ရက်(ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ မေ ၄ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




## ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ယွန်းလုပ်ငန်း၊ ယွန်းပညာကောလိပ်၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်တို့ကို လေ့လာ

**နေပြည်တော် မေ ၂**

မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်အထင်ကရ ဘုရားပုထိုးစေတီများကို ဖူးမြော် လေ့လာကာ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယွန်းလုပ်ငန်းများ၊ ယွန်းပညာကောလိပ်၊ အောင်မြေကုန်းနန်းတော်ရာနှင့် ပုဂံရှေးဟောင်းသုတေသနပြတိုက်တို့ကို လေ့လာကြသည်။

ဦးစွာ လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများသည် ကြီးကြပ်သူဆရာ၊ ဆရာမများနှင့်အတူ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေ ပုဂံမြို့သစ်ရှိ ဦးဘငြိမ်း ယွန်းထည်လုပ်ငန်းကိုလည်းကောင်း၊ ပုဂံမြို့ဟောင်းရှိ ပုဂံယွန်းပညာကောလိပ်ယွန်းနှီးစဉ်ခန်းမ၌ ယွန်းလုပ်ငန်းပြုလုပ်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ သီရိဇေယျဘူမိပုဂံရွှေနန်းတော်ကြီးကိုလည်းကောင်း၊ အနော်ရထာမင်းကြီးနှင့် ကျန်းစစ်သားမင်းကြီးတို့ နန်းစံခဲ့သည့် အောင်မြေကုန်းနန်းတော်ရာကို လည်းကောင်း၊ ပုဂံရှေးဟောင်းသုတေသပြတိုက်ကို လည်းကောင်း လေ့လာကြရာ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)တာဝန်ရှိသူများ၊ ပုဂံရှေးဟောင်းသုတေသနပြတိုက် တာဝန်ခံ ဒေါ်ခက်ခက်လှနှင့် ဝန်ထမ်းများ၊ ပုဂံယွန်းပညာကောလိပ်ဝန်ထမ်းများက ရှင်းလင်းပြသကြရာ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များမေးမြန်းကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၂ / ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်)

**တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ[TAI-LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ရွာသစ်ကုန်းကျေးရွာအုပ်စု အာလဗီကုန်းရပ် အလဝ-၁၃ တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ[TAI-LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)]** ကို ၂၀၂၃ ခုနှစ် မေ ၂ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်းကြေညာလိုက်သည်။

**တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ[TAI-LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)]**၏ မှတ်ပုံတင်အမှတ်မှာ(၇)ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် မေ ၂**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသောပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၃ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် အောက်ပါအဖွဲ့နှစ်ဖွဲ့သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည် -

(၁) **ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)**
(၂) **ဒီမိုကရက်တစ်ပါတီ**

ပါတီတည်ထောင်ခွင့်ရရှိသော ဖော်ပြပါအဖွဲ့နှစ်ဖွဲ့သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့ထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ငါးပါတီဖြစ်ကြောင်းနှင့်တည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး လေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများကို ထောက်ပံ့ငွေများပေးအပ်စဉ်။

**နေပြည်တော် မေ ၂**

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံ လေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၆၀၊ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၉၇ ဦးနှင့် ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၁ ဦးတို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်စခန်း ၁၁ ခု၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းများကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၄၀၊ ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၄၀၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ မကွေးလေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၄၀ နှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၄၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော်(လေ) လေကြောင်းလူငယ်စခန်း ၁၇ ခု၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၆၈၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံ လေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းများ လေ့ကျင့်သင်ကြား ပို့ချနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သင်တန်းသား၊ သင်တန်းသူများနှင့် သင်တန်းနည်းပြများအတွက် ထောက်ပံ့ငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများကို သင်တန်းနည်းပြများက လေ့ကျင့်သင်ကြားပေးစဉ်။



# တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းမှ လူရည်ချွန် ကျောင်းသား၊ကျောင်းသူများ တောင်ကြီးမြို့နှင့် ကျောက်တလုံးကြီးမြို့တို့ရှိ သမိုင်းဝင် အထင်ကရ ရှေးဟောင်းဘုရား၊ စေတီများဖူးမြော်

**တောင်ကြီး မေ ၂**

တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းမှ လူရည်ချွန်ကျောင်းသား၊ကျောင်းသူများသည် ကြီးကြပ်ဆရာ၊ ဆရာမများ၊ လူရည်ချွန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နှင့် ကျောက်တလုံးကြီးမြို့တို့ရှိ သမိုင်းဝင် ရှေးဟောင်းဘုရား၊ စေတီများအား သွားရောက်ဖူးမြော်ကြသည်။

ဦးစွာ လူရည်ချွန်မောင်မယ်များသည် တောင်ကြီးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်ဘုရားသို့ရောက်ရှိပြီး စေတီတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်၍ ဖူးမြော်ကန်တော့ကြသည်။ ထို့နောက် ရွှေဘုန်းပွင့်ဘုရားအနောက်ဘက်ရှိ တောင်ကြီးမြို့ ရှုမျှော်ခင်းကြည့်စင်တွင် တောင်ကြီးလူရည်ချွန် စခန်းမှူး၊ ကြီးကြပ်ဆရာ၊ ဆရာမများနှင့် လူရည်ချွန်မောင်မယ်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ကျောက်တလုံးကြီးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူ ဘုရားသို့ရောက်ရှိကြရာ လူရည်ချွန်မောင်မယ်များကို ဒေသခံ ပအိုဝ်းတိုင်းရင်းသားများက အိုးစည်ဗုံမောင်းများတီးခတ်၍ နွေးထွေးလိုက်လှဲစွာ ကြိုဆိုကြသည်။

ဆက်လက်၍ လူရည်ချွန်အဖွဲ့များသည် မွေတော်ကက္ကူဘုရားစေတီများအား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဘုရားပရိဝုဏ်အတွင်းလေ့လာကာ ကျောက်တလုံးကြီး အခြေခံပညာ အလယ်တန်းကျောင်း၌ နေ့လယ်စာသုံးဆောင်ကြသည်။

ထို့နောက် လူရည်ချွန်အဖွဲ့များသည် တောင်ကြီးမြို့ကျက်သရေဆောင် စူဠာမုနိဘုရားကြီးသို့ရောက်ရှိကာ ပန်း၊ ရေချမ်းများဆက်ကပ်၍ ဖူးမြော်ကန်တော့ကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ ထိုမှတစ်ဆင့် လူရည်ချွန်အဖွဲ့များသည် တောင်ကြီးမြို့မဈေးကို လှည့်လည်လေ့လာ၍ အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူကြသည်။

ညပိုင်းတွင် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲနှင့် စခန်းပိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ညစာစားပွဲအပြီးတွင် လူရည်ချွန်မောင်မယ်များသည် တောင်ကြီးလူရည်ချွန် အပန်းဖြေစခန်းတွင် စခန်းသိမ်းပွဲအထိမ်းအမှတ်မီးပုံပွဲကို တပျော်တပါး စုပေါင်းဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# မေ ၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၉ ဦးတွေ့ရှိ

**နေပြည်တော် မေ ၂**

မေ ၁ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၉၉၂၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၉ ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၅၁၀၂ ဦး |
| သေဆုံးသူ | ၁၉၄၉၂ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၉၁၈ ဦး |

# “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“ထားဝယ်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသွားမော်တော်ယာဉ်အားလက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသမီး တစ်ဦးသေဆုံးမှု”** ခေါင်းစဉ်ဖြင့် ၃-၅-၂၀၂၄ ရက်**(ယနေ)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ရဟန်းသံဃာ အယောင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ဝင်ရောက်တိုက်ခိုက်သည်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် ၁၁၁၁၁ ပါးတို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်တော်စုပေါင်းလောင်းလှူပွဲမင်္ဂလာပြုလုပ်



ဆရာတော်၊ သံဃာတော်များအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ဆွမ်းဆန်တော်များ လောင်းလှူစဉ်။



ဆရာတော်၊ သံဃာတော်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆွမ်းဆန်တော်များ လောင်းလှူစဉ်။

**နေပြည်တော် မေ ၂**

သာသနာတော်နှစ် ၂၅၆၆-၆၇ ကဆုန်လပြည့် (ဗုဒ္ဓနေ့)ကိုရည်မှန်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပမည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် ၁၁၁၁၁ ပါးတို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာနှင့် ဆွမ်းဆန်တော် စုပေါင်းလောင်းလှူပွဲမင်္ဂလာကို ယနေ့နံနက်ပိုင်းက ရွှေတိဂုံစေတီတော် ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ကျင်းပသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တက်ရောက်လာကြသူများက အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ကြသည်။ ထို့နောက် စောင်းပညာရှင် ဦးထွန်းဝဏ္ဏစိုး တွဲဖက်ပါမောက္ခ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် တွဲဖက်၍ တေးသံရှင်ခိုင်ဇင်ရွှေ(ကထိက)က "ဗုဒ္ဓရောင်ခြည်တော်ဘွဲ့ ထူးမခြားနား"သီချင်းခံ့ သုံးပိုဒ်ဖြင့် သီကျူးပူဇော်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၊ တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ စေတိယင်္ဂဏ သိရီပဝရ မဟာဓမ္မဂုရု သ. စ. အ ဓမ္မာစရိယ(ဝဋံသကာ) ပါဠိပါရဂူ ဘဒ္ဒန္တ နာရဒါဘိဝံသဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနားကို ရွှေတိဂုံစေတီတော် အထက်ပစ္စယံ၌ ဆက်လက်ကျင်းပရာ ဆရာတော်၊ သံဃာတော် ၁၁၁ ပါးနှင့် ပြည်သူရင်ပြင်တွင် သီတင်းသုံးနေသည့် ဆရာတော်၊သံဃာတော် အပါး ၁၁၀၀၀ တို့က ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသိက်သွန်းလောင်းတော်မူသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရွှေတိဂုံစေတီတော်ရင်ပြင်တော်၌ ဆရာတော်၊သံဃာတော် ၁၁၁ ပါးနှင့် ပြည်သူရင်ပြင်တွင် သီတင်းသုံးနေသည့် ဆရာတော်၊ သံဃာတော် အပါး ၁၁၀၀၀ တို့ကို ဆွမ်းဆန်တော်များ စုပေါင်းလောင်းလှူကြပြီး အနုပညာရှင်များက ဓမ္မပူဇာ တေးသီချင်းများဖြင့် ပူဇော်ကန်တော့ကြကြောင်း သတင်းရရှိသည်။

## ကျိုင်းတုံမြို့ရှိ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန အမှတ်စဉ် (၂၇) တွင် တက်ရောက်နေသော သူနာပြုနှင့်သားဖွားသင်တန်း ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်း



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် သူနာပြုနှင့်သားဖွားသင်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ၌ အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အမှတ်စဉ်(၂၇)တွင် တက်ရောက်နေသော သူနာပြုနှင့် သားဖွားသင်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ကျိုင်းတုံမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ကျောင်းအုပ်(စီမံ)ဒေါ်နော်ထူးက ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးက သူနာပြုနှင့်သားဖွားသင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ ကျောင်းအုပ်(စီမံ) ဒေါ်နော်ထူးက လက်ခံရယူခဲ့ပြီး တာဝန်ရှိသူများက သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ အမှတ်စဉ် (၂၇) တွင်တက်ရောက်နေသော ကျောင်းသား၊ကျောင်းသူများကို ဂျူတီကုတ်နှင့် ဦးဆောင်းများ အသီးသီးအပ်နှင်းကြရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။ ၎င်းနောက် အကြိုသင်တန်းကာလအတွင်း အရည်အချင်းစစ်စာမေးပွဲတွင် ဆုရရှိကြသူများကို ကျိုင်းတုံမြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာလှဌေးမင်းက ပေးအပ်ရာ ဆုရရှိသူများက အသီးသီးလက်ခံရယူကြပြီး အမှတ်တရ ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## (၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်တွေတပ်နယ်တွင် စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး သွေးအလှူရှင် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် မေ ၂**

(၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး(ခုတင်-၅၀၀)၌ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း ၁၂၅ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ထမ်းများက သွေးလှူဒါန်းမည့် သွေးအလှူရှင်များကို သွေးပေါင်ချိန်ခြင်း၊ သွေးအမျိုးအစားခွဲခြားခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၂-၅-၂၀၂၃

| စဉ် | မြို့အမည် | | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ငစိန် | ပဲဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၀၀၀ | ၂၉၀၀ | ၁၆၀၀ | ၁၃၉၀၀ | ၂၂၀၀၀ | ၁၆၀၀-၁၈၉၀ | ၄၁၀၀-၄၆၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၈၆၀၀ | ၁၅၀၀၀ | ၂၅၀ | ၃၀၀ |
| ၂ | ရန်ကုန် | ၄၅၀၀ | ၂၆၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀-၁၅၀၀၀ | ၁၂၅၀-၂၀၀၀ | ၅၀၀၀-၇၀၀၀ | ၁၈၀၀-၂၈၀၀ | ၉၅၀၀-၁၀၀၀၀ | ၁၀၀၀၀-၁၂၀၀၀ | ၈၀၀၀-၁၀၀၀၀ | ၂၂၀၀၀-၂၅၀၀၀ | ၂၅၀-၃၀၀ | ၃၀၀-၃၅၀ |
| ၃ | မန္တလေး | ၄၈၀၀ | ၂၉၀၀ | - | ၁၃၅၀၀ | ၁၄၀၀၀ | ၁၈၀၀-၂၀၀၀ | ၅၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၁၀၀၀-၁၃၀၀၀ | ၂၇၀ | ၃၂၀ |
| ၄ | မော်လမြိုင် | ၄၁၀၀ | ၂၆၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၁၄၀၀-၁၅၀၀ | ၅၀၀၀-၅၅၀၀ | ၂၅၀၀-၃၀၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၈၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၂၅၀-၃၀၀ | ၃၅၀-၄၀၀ |
| ၅ | ပုသိမ် | ၃၁၂၅ | ၂၃၇၅ | ၂၃၀၀ | ၁၅၀၀၀ | ၁၃၀၀၀-၁၈၀၀၀ | ၁၅၀၀-၁၇၅၀ | ၅၀၀၀-၅၅၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၈၅၀၀ | ၂၂၀၀၀-၂၄၀၀၀ | ၂၇၀ | ၃၀၀-၃၂၀ |
| ၆ | တောင်ငူ | ၃၉၈၀ | ၂၅၀၀ | ၂၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀-၂၃၅၀၀ | ၁၂၀၀-၁၄၀၀ | ၄၀၀၀-၄၅၀၀ | ၁၈၀၀-၂၀၀၀ | ၈၀၀၀-၁၀၀၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၈၀၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၂၅၀ | ၃၀၀ |
| ၇ | ကျိုင်းတုံ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၃၅၀၀-၄၅၀၀ | ၄၀၀၀-၅၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | - | ၂၀၀၀၀ | ၂၅၀ | ၃၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၅-၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၂၃၃၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၂၃၃၂၇၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၉၈၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၉၈၀ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၁၉၀၀ ကျပ် | ၁၉၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၈၀ ကျပ် | ၂၀၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၉၅ ကျပ် | ၂၀၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၇၅ ကျပ် | ၂၁၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၉၉ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၇၁ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၁ . ၃၇၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၂၈ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၀ . ၄၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၃ . ၈၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၆၄၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင်ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့် တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် ပြင်းထန်စွာခံစားရပါကအသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ် လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တ အနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓါတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ချိုင်းကြားနှစ်ဖက်နှင့်ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့ကို ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ၊ဆေးခန်း၊ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(ဧပြီလ၊ ၂၀၂၃)

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေး ကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကမ်းပျိုကျေးရွာနေ မင်းမင်းထိုက်(ခ)မင်းထိုက်သည် ၎င်းအသုံးပြုသည့် “ Hein Hein Thu” TikTop အကောင့်၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျီးစုကျေးရွာနေ ပန်းအိဖြူသည် ၎င်းအသုံးပြုသည့် “Pen Ei Phyu” Facebook အကောင့်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် တောင်သူစုရပ်ကွက်နေ ထက်ထက်ဝင်းသည် ၎င်းအသုံးပြုသည့် “Htet Htet Win” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ အောင်ချမ်းသာ(ခ)အောင်ကောင်းစံသည် ၎င်းအသုံးပြုသည့် “Aung Kaung San” Facebook အကောင့်တို့ဖြင့်အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# ဖိလစ်ပိုင်နိုင်ငံ နီဂရော့စ်ကျွန်းရှိ Kanlaon မီးတောင် လှုပ်ရှားမှုများပိုတိုးလာ



**မနီလာ မေ ၂**

ဖိလစ်ပိုင်နိုင်ငံ နီဂရော့စ်ကျွန်းပေါ်ရှိ Kanlaon မီးတောင်သည် ယခုသီတင်းပတ်ကုန်တွင် လှုပ်ရှားမှုများပိုတိုးလာကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒဆိုင်ရာသိပ္ပံ၏ ထုတ်ပြန်ချက်များကို ကိုးကား၍ Philippine Star သတင်းဌာနက မေ ၁ ရက်တွင် ရေးသားဖော်ပြထားသည်။

Kanlaon မီးတောင်သည် ယခုသီတင်းပတ်ကုန် ဧပြီ ၃၀ ရက်က လှုပ်ရှားမှုများ ပိုမိုတိုးလာပြီး ဆာလဖာဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု ၁၀၉၉ တန်ထိထုတ်လွှတ်ခဲ့ကြောင်း၊ ယခင်က တစ်ရက်လျှင် ပျမ်းမျှ ၁၂၄ တန်သာ ထုတ်လွှတ်လေ့ရှိကြောင်း သိရသည်။

"မတ်လကစပြီး ဆာလဖာဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုက တစ်ရက်ကို ပျမ်းမျှ ၁၂၄ တန်ထက် ပိုများလာတယ်။ ဧပြီလမှာ စံချိန်တင်ထုတ်လွှတ်မှု ဖြစ်ပေါ်ခဲ့တဲ့အတွက် အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်စစ်ဆေးတာကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒဆိုင်ရာသိပ္ပံမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မီးတောင်သည် ပုံမှန်မဟုတ်သောအခြေအနေတွင်ရှိနေပြီး ပြည်သူများကို ဒေသဆိုင်ရာအစိုးရက သတိပေးချက် အဆင့်(၁)ထုတ်ပြန်ထားပြီး မီးတောင်နှင့် လေးကီလိုမီတာအကွာအဝေးကို အမြဲတမ်းအန္တရာယ်ဇုန်အဖြစ် သတ်မှတ်ထားကာ အချိန်မရွေးပေါက်ကွဲနိုင်သဖြင့် ဝင်ရောက်မှုများကို တားမြစ်ထားကြောင်း သိရသည်။

ဧပြီ ၁ ရက်မှ ၃၀ ရက်အတွင်း မီးတောင် အနီးတစ်ဝိုက်တွင် မီးတောင်ငလျင်လှုပ်ခတ်မှု ၁၄၁ ကြိမ်လှုပ်ခတ်ခဲ့ပြီး မီးတောင်၏ ထိပ်ဝတွင် အန္တရာယ်ရှိသောအခြေအနေများ ဖြစ်ပေါ်လျက်ရှိသဖြင့် လေကြောင်းပျံသန်းမှုများကို ရှောင်ရှားပျံသန်းနိုင်ရေးဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒဆိုင်ရာသိပ္ပံမှ သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

AZH

# ကင်ညာနိုင်ငံ ညန်ဒိုဒေသတွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်း

**နိုင်ရိုဘီ မေ ၂**

ကင်ညာနိုင်ငံ ညန်ဒိုဒေသတွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ညန်ဒိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Africa News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် နေအိမ် ၄၅၀၀ ထိ ရေလွှမ်းနေပြီး လမ်းမကြီးတချို့လည်း ရေမြုပ်နေသည့်အတွက် လမ်းပန်းဆက်သွယ်အခက်အခဲများရှိနေကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများမှာ အသုံးအဆောင်နှင့် အစားအသောက်များ လိုအပ်ချက်ရှိနေပြီး ယာယီရှက်ဖျင်တဲများလည်း လိုအပ်နေကြောင်း ညန်ဒိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပါတယ်။ မိုးသည်းထန်စွာရွာသွန်းနေဆဲဖြစ်တဲ့အတွက် ရေကြီးရေလျှံမှုအခြေအနေက ပိုဆိုးလာနိုင်တယ်။ ရေဘေးအန္တရာယ်နဲ့ရင်ဆိုင်နေရတဲ့နေအိမ် ၄၅၀၀ လောက်ထိ ရှိနေတယ်။ ညန်ဒိုမြစ်ကြောင်းတစ်လျှောက်မှာနေထိုင်တဲ့ ဒေသခံတချို့ နေရပ်ကို စွန့်ခွာတာမရှိသေးပါဘူး။ အန္တရာယ်များတဲ့အခြေအနေဖြစ်တဲ့အတွက် ဘေးလွတ်ရာရွှေ့ပြောင်းဖို့တော့ သတိပေးချက်တွေ ထပ်မံထုတ်ပြန်ထားပါတယ်"ဟု ကင်ညာအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ညန်ဒိုအာဏာပိုင်အဖွဲ့အစည်းအနေဖြင့် ကယ်ဆယ်ရေးဝန်ထမ်းများစေလွှတ်ပေးထားပြီး နေအိမ်အတွင်းပိတ်မိနေသည့် ဒေသခံတချို့ကို အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရကြောင်း၊ ရေကြီးရေလျှံမှုသည် ညန်ဒိုဒေသတွင် အဓိက ဖြစ်ပေါ်နေခြင်းဖြစ်သကဲ့သို့ ညန်ဒိုဒေနှင့် နီးကပ်သည့် ကာဒီဘိုဒေသတွင်လည်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လျက်ရှိကြောင်း ကင်ညာအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ညန်ဒိုမြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားခဲ့ခြင်းဖြစ်ပြီး ညန်ဒိုမြစ်အနီးတွင် နေထိုင်သောဒေသခံတချို့မှာ နေရပ်ကိုစွန့်ခွာခြင်းမရှိသေးသည့်အတွက် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်များ ထပ်မံထုတ်ပြန်လျက်ရှိသည်။ **နိုင်းဆက်**



# အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်တွင် သဲမုန်တိုင်း တိုက်ခတ်မှုကြောင့် လူခြောက်ဦးထက်မနည်း သေဆုံး

**ဝါရှင်တန် မေ ၂**

အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ် တောင်ဘက်ပိုင်းတွင် မေ ၁ ရက်က သဲမုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးသူ ခြောက်ဦးထက်မနည်းရှိခဲ့ကြောင်း အီလီနွိုက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Fox News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

သဲမုန်တိုင်းသည် ဖားမားစီးမြို့အနီးတွင် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ယာဉ်မတော်တဆမှုများဖြစ်ပွားကာ ထိခိုက်ဒဏ်ရာရရှိသူများလည်းရှိခဲ့ကြောင်း၊ ယာဉ်မတော်တဆမှုတွင် ခရီးသည်တင်ယာဉ် အစီး ၄၀ မှ ၆၀၊ ကုန်တင်ယာဉ်အစီး ၃၀ ကျော်နှင့် အခြားယာဉ်အမျိုးအစားများပါဝင်ခဲ့ကြောင်း၊ သဲမုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့သော ယာဉ်မတော်တဆမှု၏ ကားတန်းရှည်မှာ နှစ်မိုင်ခန့်ထိရှိခဲ့ပြီး အဆိုးရွားဆုံးသော ယာဉ်မတော်တဆမှုဖြစ်ကြောင်း၊ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူဦးရေ ၃၀ ထက် မနည်းရှိနေပြီး ဆေးကုသမှုခံယူနေကြောင်း အီလီနွိုက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မေ ၁ ရက်မှာ သဲမုန်တိုင်းတိုက်ခတ်တာကြောင့် ယာဉ်မတော်တဆမှုဖြစ်ပေါ်ခဲ့ပါတယ်။ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူခြောက်ယောက်ထက်မနည်းရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ အယောက် ၃၀ ထက်မနည်း ရှိခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူတွေကိုတော့ ဆေးရုံပို့ဆောင်ပေးထားပြီး လိုအပ်တဲ့ဆေးကုသမှုတွေ ပြုလုပ်ပေးနေပါတယ်။ ယာဉ်မတော်တဆမှုကြောင့် လမ်းပိတ်ဆို့မှုတွေဖြစ်ပေါ်နေပြီး ယာဉ်တန်းကလဲ နှစ်မိုင်လောက်ထိရှိနေပါတယ်"ဟု အီလီနွိုက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂျီလက်တာက ပြောကြားသည်။

သဲမုန်တိုင်းကြောင့် မြင်ကွင်းမရှင်း၍ ဆိုးရွားသည့်ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ပြီး သဲမုန်တိုင်းကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်ကာ လမ်းမကြီးကို ခေတ္တပိတ်ထားကြောင်း အီလီနွိုက်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **နိုင်းဆက်**

# အပူချိန်မြင့်တက်မှုကြောင့် တူရကီနိုင်ငံ အရှေ့တောင်ပိုင်းရှိ ငလျင်ဒဏ်ခံပြည်သူများ အခက်အခဲပြဿနာများတိုးလာ

**အင်ကာရာ မေ ၂**

အပူချိန်မြင့်တက်လာမှုကြောင့် တူရကီနိုင်ငံအရှေ့တောင်ပိုင်းရှိ ငလျင်ဒဏ်ခံပြည်သူများအနေဖြင့် သင့်လျော်သောနေရာထိုင်ခင်းဆိုင်ရာများနှင့် အခြားလိုအပ်ချက်အခက်အခဲပြဿနာများ တိုးလာကြောင်း ငလျင်ဒဏ်ခံဒေသခံများ၏ပြောကြားချက်များကို ကိုးကား၍ တူရကီနိုင်ငံအခြေစိုက် The Independent သတင်းဌာနက မေ ၁ ရက်တွင် ရေးသားဖော်ပြထားသည်။

တူရကီနိုင်ငံတွင် ယခုနှစ် ဖေဖော်ဝါရီ ၆ ရက်က ငလျင်တစ်ခုနှင့် နောက်ဆက်တွဲငလျင်များလှုပ်ခတ်မှုကြောင့် လူသန်းနှင့်ချီ၍ အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ပြီး ယခုအခါ နွေရာသီ အပူချိန်မြင့်တက်လာမှုကြောင့် ဒုက္ခသည်များအနေဖြင့် နေရာထိုင်ခင်းအဆင်မပြေမှု၊ တစ်ကိုယ်ရေသန့်ရှင်းရေးထိန်းသိမ်းမှုဆိုင်ရာအခက်အခဲများဖြင့်ရင်ဆိုင်နေရပြီး ယင်ကောင်များနှင့် အင်းဆက်ပိုးမွှားများကြောင့် ဆိုးရွားသောပြဿနာများ၊ ရောဂါများဖြစ်ပွားလာမှုနှင့်ပတ်သက်၍ စိုးရိမ်မှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"အင်္ဂါနေ့နဲ့ ကြာသပတေးနေ့တိုင်း ရေ ၁၈ လီတာပေးပါတယ်။ ဒါပေမဲ့ မလုံလောက်ဘူး။ ရေချိုးရမှာလား၊ မီးဖိုချောင်သုံးရမှာလား ဒါမှမဟုတ် အိမ်သာအတွက်သုံးရမှာလား။ အနီးဆုံးရေရနိုင်တဲ့နေရာက ၁၂ ကီလိုမီတာဝေးတယ်။ ဒီကနေ နေ့စဉ်ဘယ်လိုသွားနိုင်မှာလဲ"ဟု ငလျင်ဒဏ်ခံပြည်သူတစ်ဦးက ပြောကြားသည်။

တူရကီနိုင်ငံ တဲလ်အဗစ်မြို့ရှိ ကွန်တိန်နာအတွင်း နေထိုင်ရလျက်ရှိသော ဒုက္ခသည်များအနေဖြင့် ရေအခက်အခဲပြဿနာများဖြစ်ပေါ်လျက်ရှိသည့်အပြင် အဝတ်အစားနှင့် အစားအသောက်ဆိုင်ရာလိုအပ်ချက်များ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် အဝတ်အထည်များစွာလှူဒါန်းမှုများရှိခဲ့သော်လည်း ဆောင်းအဝတ်အထည်များသာ ဖြစ်သောကြောင့် ယခုအခါ နွေရာသီအဝတ်အထည်၊ ဖိနပ်နှင့် အတွင်းခံအဝတ်အစားများ လိုအပ်လျက်ရှိကြောင်း သိရသည်။ AZH

# အမေရိကန်နိုင်ငံ ဟာဂျီးနီးယားကမ်းခြေတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်တချို့ပျက်စီး

**ဝါရှင်တန် မေ ၂**

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် ဗာဂျီးနီးယားကမ်းခြေတွင် ဧပြီ ၃၀ ရက်က အားကောင်းသည့် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်တချို့ပျက်စီးကာ လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်နေကြောင်း ဗာဂျီးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟုNBC Newsသတင်းဌာနက မေ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လေဆင်နှာမောင်းအားကောင်းသည့်အတွက် သစ်ပင်ကြီးများလဲကျကာ ဓာတ်တိုင်များလဲကျမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ဓာတ်တိုင်များလဲကျမှုကြောင့် နေအိမ် ၂၀၀၀ ကျော်ထိ လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်လျက်ရှိကြောင်း၊ အမေရိကန်နိုင်ငံကမ်းခြေဒေသများတွင် ဧပြီလနောက်ဆုံးပတ်အတွင်း လေဆင်နှာမောင်းတိုက်ခတ်မှု အကြိမ်ရေစိပ်နေပြီး လေဆင်နှာမောင်းအန္တရာယ်နှင့်ပတ်သက်၍ အမေရိကန်အမျိုးသားမိုးလေဝသဦးစီးဌာနက ကြိုတင်သတိပေးချက်များ ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ လေဆင်နှာမောင်းသည် ညအချိန်တွင် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး နေအိမ် ၂၀ မှ ၅၀ ကြား ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ဧပြီ ၃၀ ရက် ညအချိန်မှာ ဗာဂျီးနီးယားပြည်နယ် ဗာဂျီးနီးယားကမ်းခြေမှာ အားကောင်းတဲ့ လေဆင်နှာမောင်း တိုက်ခတ်ခဲ့ပါတယ်။ ဧပြီလနောက်ဆုံးပတ်အတွင်းမှာ လေဆင်နှာမောင်းတွေ နေရာအနှံ့အပြားတိုက်ခတ်ခဲ့တယ်။ ဒီနှစ်အတွင်း လေဆင်နှာမောင်းတိုက်ခတ်တာ အကြိမ်ရေတော်တော်လေးစိပ်နေပါတယ်။ လေဆင်နှာမောင်းအန္တရာယ်နဲ့ပတ်သက်ပြီး ရေဒါကတစ်ဆင့် အချိန်နဲ့ပြည့်စောင့်ကြည့်နေပါတယ်။ လေဆင်နှာမောင်းနဲ့ပတ်သက်ပြီး သတိပေးချက်တွေကိုလဲ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါတယ်"ဟု အမေရိကန်အမျိုးသားမိုးလေဝသဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မွန်တီဖူးဆိုက ပြောကြားကြောင်း သိရသည်။

**နိုင်းဆက်**

0w Kv M @

# အိုဖော်

လင်းနွေးအိမ်




(၁)

"ဟာ ဒီမိန်းမကတော့ကွာ။ ငါသေချာပြောထားလျက်နဲ့"

စိုးထက်တစ်ယောက် အကြီးအကျယ်မိုးမီးလောင်နေ၏။ ထမင်းစားပွဲကလည်း ပြန့်ကျဲနေရာ ငရုတ်သီးဟင်းဆီရည်များက စားပွဲပေါ်မှ စီးကျနေ၏။ ထိုသို့ လင်ယောကျ်ားဖြစ်သူ ဒေါသထွက်သည့်အခါတိုင်း သီရိအဖို့နေစရာနေရာမရှိ။ ယခုလည်း မီးဖိုချောင်ထဲတွင် တိတ်တိတ်ကလေးငြိမ်နေရ၏။ ငွေကြေးဥစ္စာမပြည့်စုံသည့် သီရိဘဝက ယနေ့အချိန်ထိ မလှပခဲ့။ စိုးထက်နှင့် လူငယ်သဘာဝမေတ္တာမျှခဲ့ရာမှ အဆင့်အတန်းကကွာခြားလွန်း၍ မျက်နှာငယ်ခဲ့ရသည်။ ယောက္ခမဖြစ်သူ ဒေါ်စိန်ငွေးက သဘောမတူ။ သူ့သားကို လာပတ်သက်ရကောင်းလားဆိုပြီး ကြိမ်းဝါးခဲ့ဖူး၏။ အချစ်ဆိုတာကပဲ တန်ခိုးကြီးမားနေသည်လား။ ဒါမှမဟုတ် သီရိအတွက် အတိတ်ကဝဋ်ကြွေးပဲ ကြီးမားခဲ့၍လား။ စိုးထက်နှင့်ဆုံရာလိုက်ပြေးခဲ့မိသည်။ တစ်နေ့ထက်တစ်နေ့ ပိုပြီးသိလာရသည်က စိုးထက်၏စိတ်ဓာတ်အောက်တန်းကျမှုများ။ သူသည် အတ္တကြီးသည်။ သူ့အမေနည်းတူ ငွေဂုဏ်မောက်သလို ငွေနောက်လိုက်သည်။ အိမ်ထောင်သက်တမ်း ရလာသည့်အချိန်တွင် ရည်းစားဘဝက ချစ်ခြင်းမေတ္တာများကလည်း တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားခဲ့ထင်ပါသည်။ လင်မယားချင်းပြဿနာတက်တိုင်း သူ့မိဘများပါလာတတ်၏။ ကြာလာသည်နှင့်အမျှ စိုးထက်ကို သီရိရွံလာမိသည်။ ကြောက်လည်းကြောက်သည်။ မည်သို့ဆိုစေ လင်ယောကျ်ားအပေါ်၌ သီရိဝတ္တရား မပျက်ခဲ့ပါ။

(၂)

သီရိတို့မိသားစုမှာက အဖေရယ်၊ စိုးထက်ရယ် သမီးလေးတစ်ယောက်ရယ်။ မိသားစုဝင်မများသော်လည်း အိမ်တွင်းရေးပြဿနာကတော့ နေ့တိုင်းလိုလို။ ဟိုတစ်ချိန်က မိသားစုလေးတစ်စု။ အဖေရယ်၊ အမေရယ်၊ ညီအစ်ကိုမောင်နှမအစုံအလင်နှင့် အချိန်လေးများကို သတိရမိသည်။ အဖေက စီးပွားရှာပြီး သားသမီးသုံးယောက်ကို ဝမ်းဝအောင် ကျွေးနိုင်ခဲ့သည်။ ငွေပိုငွေလျှံဆိုတာကတော့ မရှိခဲ့။ တစ်ဦးကိုတစ်ဦး ချစ်ချစ်ခင်ခင်ဖြင့် မရှိအတူ၊ ရှိအတူ ဝေမျှစားခဲ့ကြသည်။ အခက်အခဲများကို ကာကွယ်ပေးနေသည့် အဖေ၏ အပြုအမူများနှင့် နွေးထွေးသော အမေ့ရင်ခွင်ကြားမှာ အေးချမ်းစွာခိုလှုံဖြစ်ခဲ့သည်။ လေးတန်းစာလောက်သာ သင်ခဲ့ရသောအဖေက လောက၏အခက်အခဲများ၊ ရှုပ်ထွေးမှုများကို မနည်းကြိုးစားပြီး ခုခံနေရ၏။ ဆင်းရဲသည့်အသိုင်းအဝိုင်းများမှ နှုတ်ခမ်းပဲ့ချင်းမီးမှုတ်လိုက်ရသည့်အဖေနှင့်အမေအဖြစ်က လုပ်ကိုင်စရာ လယ်တစ်ကွက်မရှိခဲ့။ ကိုယ့်အိုးကိုယ့်အိမ်နှင့် နေထိုင်နိုင်ရန် အဖေဖြစ်သူက သူရင်းငှားဘဝဖြင့် ပိုက်ဆံစုခဲ့ရသည်။ အမေဖြစ်သူက မိဘများနှင့်အတူ နေထိုင်ရင်းက ကောက်စိုက်၊ ပေါင်းပေါက် စသော အငှားအရမ်းအလုပ်များဖြင့် ငွေစုခဲ့ရ၏။ သူတို့ဘဝများက ကြမ်းခဲ့သည်မို့ သားသမီးများကို အမြင့်ရောက်ရေး ကြိုးစားတွန်းတင်ပေးခဲ့သည်။ သားသမီးအားလုံးကို ကျောင်းထားပေးသည်။ ပုဆိုးအဖာ၊ ထဘီအစုတ်ဖြင့် ရုန်းကန်ပေးခဲ့သော်လည်း သူတို့၏ရည်ရွယ်ချက်က အထမမြောက်ခဲ့။ သားကြီးက ငှက်ဖျားရောဂါဖြင့် ဆုံးပါးသွားခဲ့သည်။ သမီးလတ်က တောထဲကို ထင်းခွေသွားရင်း ပိုးထိ၍ ဆုံးပါးခဲ့ပြန်သည်။ သီရိတစ်ယောက်သာ ကျန်တော့သည်မို့ တိုးပြီးချစ်သလို ပို၍ဂရုစိုက်ကြ၏။ သီရိ တက္ကသိုလ်ကျောင်းသူကြီးဘဝကို ပိုင်ဆိုင်နိုင်ခဲ့သည်။ ထိုအချိန်ထိတိုင် အသက်အရွယ်ရလာသော အဖေနှင့်အမေက မာန်မလျှော့။ သီရိ၏ ကျောင်းစရိတ်အတွက် နေ့မအား ညမအား ဆိုသလို အလုပ်လုပ်ခြင်းဖြင့် ငွေရှာသည်။ အမေက နံနက်စောစော ပဲပြုတ်တောင်းကို ခေါင်းပေါ်ရွက်ပြီး ရွာတစ်ပတ် ပတ်ရသည်။ ထိုအချိန်ကား ပိုက်ဆံရှိသူလူတန်းစားတချို့အတွက် ဇိမ်ခံ၍ကောင်းတုန်းထင်ပါ၏။ ပဲပြုတ်ရောင်းပြီးပြန်တော့ ရွာနီးချုပ်စပ်ပန်းရောင်းထွက်ရပြန်၏။ အမေက မိန်းမသားပီပီ တောင့်ခံစေသည်။ ညနေခင်းဆိုလျှင် အကြော်အိုးကြီးကို ရှေ့မှာချပြီး အကြော်ရောင်းသေး၏။ ရွာထဲမှာ အိမ်တစ်လုံးဆောက်တော့မည်ဆိုလျှင် အဖေ့ဆီကိုလာကြသည်။ အဖေက သူတို့လိုချင်သော ထရံကို အခကြေးငွေဖြင့် ရက်လုပ်ပေးရသည်။ သည်လိုနှင့် သီရိ ဘွဲ့ရလာခဲ့သည်။ ပညာလည်းစုံ ကြင်ရာလည်းစုံဆိုသလို သီရိမှာ ချစ်သူရည်းစားလည်း ရှိနေပါပြီ။ သို့သော် သီရိ အိမ်ထောင်မပြုချင်သေး။

(၃)

"သမီးရယ် အမေ့အကြောင်း အမေသိပါတယ်။ သွားခေါ်မနေပါနဲ့တော့"

"အမေကလဲ ဘာလို့ဒီလိုစကားတွေ ပြောရတာလဲ။ ဆေးထိုးလိုက်ရင် ပျောက်သွားမှာပါ"

အိပ်ရာထဲ လဲနေသည့်အမေ့မှာ အသားအရေကဝါဖျော့နေလေပြီ။ အရိုးပေါ်အရေတင်နေသည့် အခြေအနေက အပေါ့အပါးပင် ထပြီးမသွားနိုင်တော့။ အလုပ်ကို ပင်ပန်းဆင်းရဲကြီးစွာ လုပ်ကိုင်ခဲ့ရခြင်းကြောင့်ဖြစ်ပေမည်။ ယခုလည်း ဆရာဝန်သွားခေါ်ရန်ပြောသည်ကို အမေကလက်မခံ။ သူ့အတွက်နှင့် ငွေကုန်ကြေးကျ များလွန်းနေပြီမို့ ရှေ့ဆက်လက်မခံချင်တော့ထင်ပါသည်။

"မခေါ်ပါနဲ့တော့။ ငွေကုန်ခံပြီး အသက်ရှင်နေရတဲ့ဘဝကို အမေ မလိုချင်တော့ပါဘူး။ အမေ မရှိတော့တဲ့နောက်ပိုင်း သမီးရဲ့အဖေကို သမီးဂရုစိုက်ပေးပါနော်။ မိဘတွေရဲ့ နေဝင်ခါနီးအချိန်မှာ သားသမီးတွေရဲ့ ဂရုစိုက်ပေးမှုက တကယ်အားဖြစ်စေပါတယ် သမီးရယ်"

"ဟုတ်ကဲ့ပါ အမေ။ စိတ်ချပါ။ စကားတွေအများကြီးမပြောပါနဲ့ အမေရယ်။ အမေ မောနေပါ့မယ်"

အမေ့ကို ပြုစုပေးနေရင်းက အဖေရှိရာသို့ မျက်တောင်ပင့်ကြည့်လိုက်မိသည်။ အိမ်ရှေ့ရှိ သစ်ပင်ရိပ်အောက်တွင် တကုပ်ကုပ်ဖြင့် အလုပ်လုပ်နေသည့် အဖေ။ သတိထားပြီးသေချာကြည့်လိုက်တော့မှ သီရိ စိတ်မကောင်းဖြစ်ရပြန်သည်။ အဖုအထစ်များထနေခဲ့သည့် လက်မောင်းလုံးကြီးများက ယခုတော့ ပျော့တွဲတွဲဖြစ်နေ၏။ ပါးရေတွန့်နေသည့် မျက်နှာကို ဆံဖြူများက အုပ်မိုးထားသေး၏။ အဖေလည်း ခွန်အားများကျသွားပြီ။ သို့သော် အဖေက စိတ်ဓာတ်ခွန်အားကတော့မကျသေး။ သူ့ကိုယ်သူ အသက်ကြီးလာပြီဆိုသည်ကို မေ့ပျောက်ထားသည်ထင်။

(၄)

ဘာလိုလိုနှင့် အမေဆုံးပါးသွားခဲ့သည်မှာ တစ်နှစ်ပင် ပြည့်တော့မည်။ သားအဖနှစ်ယောက်တည်း နေထိုင်လာရင်းက ချစ်သူ၏ဂျီကျမှုကြောင့် စိတ်ညစ်ရပြန်သည်။

"သီရိ မောင်တို့လက်ထပ်ကြရအောင်ကွာ။ အခုဆို မောင့်ရဲ့မိဘတွေကလဲ လက်လျှော့သွားကြပါပြီ။ အရေးကြီးတာက မောင်နဲ့သီရိ သာယာတဲ့ဘဝလေးကို ထူထောင်နိုင်ဖို့"

"မောင်ရယ် အမေဆုံးတာဖြင့် အခါမလည်သေးဘူးလေ။ နောက်ပြီး သီရိသာ အိမ်ထောင်ပြုသွားရင် အိမ်မှာ အဖေတစ်ယောက်တည်းမဟုတ်လား"

အိမ်ထောင်တစ်ခု ထူထောင်ဖို့အတွက် သီရိဘက်မှ အဆင်မပြေသေးမှုများကို ပြောလိုက်တိုင်း စိတ်ပျက်လက်ပျက်ဖြစ်သွားသည့် စိုးထက်၏မျက်နှာထား။ သီရိကတော့ ယခုဆို ပို၍ပင်ဝမ်းနည်းစရာများဖြစ်နေရ၏။ ဘယ်မိန်းကလေးမဆို ကိုယ့်ချစ်သူကို စိတ်ချမ်းသာစေချင်သည်။ အဝေးကို ငေးကြည့်နေရင်းက သီရိ သက်ပြင်းရှည်ကြီးကို လေးပင်စွာချလိုက်မိသည်။ စိုးထက်က လက်ထပ်ရန်ပြောတိုင်း ခဏစောင့်ပါဦးဆိုပြီး နှစ်သိမ့်လာခဲ့သည်မှာကြာခဲ့ပါပြီ။ ချစ်သူသက်တမ်းကလည်း ကြာလာလေလေ တစ်ယောက်နှင့်တစ်ယောက် ဝေးနေကြရသည့်အဖြစ်များကို ခံပြင်းလေလေ။ ဖူးစာပဲမပါခဲ့၍လားဟု တစ်ခါတစ်ခါ တွေးကြည့်မိပြန်သည်။ ဘာပဲဖြစ်ဖြစ် အဖေ့ကို သီရိ ပစ်ခွာမသွားရက်။ မိသားစုတစ်စုလုံးထဲကမှ နောက်ဆုံးကျန်နေခဲ့သည့် သားအဖနှစ်ယောက်၏ သံယောဇဉ်ကို အပျက်အစီးမခံနိုင်။

လောကကြီးမှာ လက်တစ်ကမ်းမှာရှိနေသည့် ကိုယ်ဖြစ်ချင်သည်များကို ဖြစ်ခွင့်မရနိုင်သောအခါ ရင်မောရသည်။ စိတ်ပျက်မိသည်။ ကိုယ့်အဖြစ်ကို ပြန်စဉ်းစားမိတိုင်း မှိုင်တွေငေးမောနေမိသည့် သီရိ အဖြစ်ကို အဖေက အကဲခတ်မိထင်ပါသည်။

"သမီး အခုဆို ညည်းလဲ ငယ်တော့တာမဟုတ်ဘူး။ကိုယ့်ဘဝရှေ့ရေးအတွက် အဆင်ပြေမဲ့လုပ်ငန်းတစ်ခုလဲရနေပြီပဲ။ မိန်းကလေးဆိုတာ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရတယ်"

ကျောင်းကအပြန် ကိုယ်လက်မအီမသာဖြင့် ထိုင်နေသည့် သီရိ။ အဖေဖြစ်သူက ရေနွေးအိုးတစ်လုံးဖြင့် ကျွေရရှိနေရင်းက အမှတ်မထင်စကားဆိုလိုက်ခြင်းဖြစ်သည်။ အဖေ့စကားသံများက သီရိအတွက်တော့ စိတ်ဝင်စားရသည်မှာ အမှန်။ သီရိ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်သည်။

(၅)

"သီရိ မောင့်ဘက်ကိုလဲ ထည့်စဉ်းစားပါအုံးကွာ။ မောင်နဲ့သီရိ ချစ်လာတာ အခုဆို ၅ နှစ်တောင်ပြည့်တော့မယ်။ အခုထိ မောင်တို့အဖြစ်တွေက"

"ကိုယ်ချင်းစာပါတယ် မောင်ရယ်။ သီရိမှာလဲ ခံစားတတ်တဲ့နှလုံးသားနဲ့ပါ။ မောင့်ကို ပွင့်ပွင့်လင်းလင်းပဲပြောမယ်နော်"

ပြောနေရင်းက စိတ်ထဲတွင် စိုးတထိတ်ထိတ်ဖြစ်နေမိသည်။ အတွေးထဲကနေ အဖေ့မျက်နှာကိုပုံဖော်ကြည့်လိုက်ပြီး သီရိ မာန်တင်းလိုက်ရတော့သည်။

"သီရိလဲ မောင့်လိုပဲ လက်ထပ်ချင်ပါတယ်။ အဲဒီတော့ အဆင်ပြေဖို့နည်းလမ်းက တစ်ခုပဲရှိတယ် မောင်။ မောင်ကပဲ သီရိတို့အိမ်ကိုလိုက်ခဲ့ပါ။ သျှောင်နောက် ဆံထုံးပါဆိုတာက သီရိအတွက်တော့ မဖြစ်နိုင်ဘူးမောင်"

ပါးစပ်အဟောင်းသားဖြင့် နားထောင်နေရင်းက စိုးထက်၏ မျက်လုံးများက ပုံမှန်ထက် ပိုပြူးလာ၏။ တဒင်္ဂအတွင်းမှာပင် သူက ပြုံးနေပြန်၏။ သီရိကို ကြည့်နေသည့် သူ့အကြည့်များကို ဘာသာပြန်ရန်ခက်ခဲလှ၏။

"အေးပါကွာ။ ငါက ပိုချစ်တဲ့သူဆိုတော့ ငါကပဲလိုက်ခဲ့ရတော့မှာပေါ့"

သီရိ ရိပ်မိလိုက်ပါပြီ။ စိုးထက်၏စကားထဲက ငါဆိုသည့် အသုံးအနှုန်းမှာ မကျေနပ်မှုတချို့ပါဝင်နေသည်ဆိုတာ။ တစ်လခန့်ကြာသော် သီရိတို့ လက်ထပ်ဖြစ်သွားသည်။ စိုးထက်၏ မိဘများက သီရိကို မထိတထိစကားများဖြင့် ရိလိုက်သေး၏။

"အေးပေါ့လေ။ ငါ့သားလေးကို အမြင့်ပျံပါဆိုမှ သူက ခုန်ချသွားတော့လဲ။ ထားလိုက်ပါလေ။ ကဲ. . . သီရိ ညည်းအိမ်မှာဆိုတော့ အစစအရာရာ ညည်းမှာ တာဝန်ရှိတယ်နော်။ ငါ့သားကို စိတ်ချမ်းသာအောင် ထားပေးပါ"

(၆)

စိုးထက် ရောက်လာပြီးကတည်းက အဖေနှင့် သီရိတို့၏သားအဖချင်းဆက်ဆံရေးက ယခင်ကလောက်

စာမျက်နှာ ၂၅ သို့

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးနယ်စပ်ကုန်သွယ်ရေးစခန်း သုံးခုက ထိုင်းနိုင်ငံသို့ ပုစွန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၄၆ သန်း ရရှိထား



**ထားဝယ် မေ ၂**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ထိုင်းနိုင်ငံသို့ တနင်္သာရီတိုင်းဒေသကြီးရှိ နယ်စပ်ကုန်သွယ်ရေးစခန်းသုံးခုမှ ရေထွက်ကုန်မွေးမြူရေးပုစွန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၄၆ သန်း ရရှိထားကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ညီတိုးက ပြောပြ၍ သိရသည်။

ထိုသို့ တနင်္သာရီတိုင်းဒေသကြီးမှ ထိုင်းနိုင်ငံသို့ ရေထွက်ကုန်တင်ပို့ရာတွင် ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်း၊ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှ တင်ပို့နေခြင်းဖြစ်ပြီး ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ အများဆုံး တင်ပို့နေရကြောင်း သိရသည်။

"၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တစ်နှစ်တာ ကာလအတွင်းမှာ ထိုင်းနိုင်ငံကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ တနင်္သာရီတိုင်းဒေသကြီးကထွက်ရှိတဲ့ ရေထွက်ကုန် မွေးမြူရေးပုစွန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၄၆ သန်း ရရှိထားပါတယ်။ လက်ရှိမှာ ပုစွန်မွေးမြူရေးကုမ္ပဏီခြောက်ခု၊ ဧကပေါင်း ၃၀၀၀ က ထွက်ရှိတဲ့ တန်ချိန် ၈၄၀၇ တန် တင်ပို့ထားတာ ဖြစ်ပါတယ်။ ဒီလိုတင်ပို့ရာမှာ မွေးမြူရေးပုစွန်အနေနဲ့ ပုစွန်မျိုးစိတ် သုံးမျိုး တင်ပို့ပါတယ်။ ဒါ့ပြင် ငါးမျိုးစိတ် ၆၅ မျိုးနဲ့ အခြားရေထွက်ကုန် ၁၂ မျိုးကိုလဲ တင်ပို့နိုင်ခဲ့ပါတယ်။ ရေထွက်ကုန် တင်ပို့ရာမှာ ကော့သောင်း-ရနောင်းလမ်းကြောင်းက အများဆုံး တင်ပို့နိုင်တာဖြစ်ပါတယ်"ဟု ဦးအောင်ညီတိုးက ပြောပြသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ထိုင်းနယ်စပ်ဒေသများတွင် မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်၊ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်း၊ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်း၊ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း ဟူသည့်နယ်စပ်ကုန်သွယ်ရေးစခန်း ခုနစ်ခု ဖွင့်လှစ်ကာ ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ASH

➤စာမျက်နှာ ၂၄ မှအဆက်

သွေးမနွေးတော့။ သီရိက မနက်ဆို သမီးလေးကိုခေါ်ပြီး တာဝန်ကျသည့်ကျောင်းကို စာသင်သွားရသည်။ ကျောင်းက အိမ်နှင့်အတော်ဝေးသည်မို့ ညနေကျောင်းဆင်းချိန်မှသာ ပြန်လာနိုင်သည်။ နေ့လယ်စာအတွက် ထမင်းကို အိမ်ကတစ်ခါတည်း ထုပ်ယူသွားရင်း အဖေ့အတွက် လိုလေသေးမရှိအောင် စီစဉ်ပေးခဲ့သည်။ စိုးထက်ကလည်း Taxi မောင်းနေသည်မို့ အိမ်မှာက အဖေတစ်ယောက်တည်း။ ကျောင်းကပြန်လာသည့်အခါတိုင်း အဖေက အပြုံးနှင့် ဆီးကြိုပေးနေကျ။ သို့သော် အဖေက တစ်နေ့ထက်တစ်နေ့ အသက်ကြီးလာ၍လား အဖေ့စကားသံများ သိပ်မကြားရတော့။ တောင်ဝှေးလေးတစ်ချောင်းကို အနားတွင်ထားပြီး တရားစာအုပ်ဖတ်လိုက်၊ ပုတီးစိပ်လိုက်နှင့်ရှိနေ၏။ ထူးခြားသည်ကား အဖေက သူ့မြေးမလေးနှင့်ဆုံဖြစ်လျှင်တော့ စကားဖောင်ဖွဲ့နေတတ်၏။

"အဖေ ထမင်းစားရအောင်လေ။ သမီးလေး ဘဘကိုသွားပြီး လက်ဆွဲခေါ်လိုက်ပါအုံး"

အိမ်ဦးခန်း၌ မျက်လုံးကလေး ကလယ် ကလယ်နှင့် ဟိုဟိုဒီဒီကြည့်နေသည့်အဖေက ငြိမ်ချက်သားကောင်းနေ၏။ ငယ်ငယ်တုန်းကလောက် ကြည်လင်ပြတ်သားမှုမရှိတော့သည့် အဖေ့စကားသံက ထွက်ပေါ်လာ၏။

"အဖေ မဆာသေးပါဘူး သမီးရယ်။ ဆာမှပဲ စားတော့မယ်"

ထိုသို့ပြောပြီး တောင်ဝှေးလေးကိုကောက်ကိုင်ကာ ထသွားတော့သည်။ အဖေ့စိတ်ကို သီရိ သိနေသည်။ သမက်ဖြစ်သူ၏မျက်နှာက အခုတစ်လော မကြည်မသာဖြစ်နေသည်ကို အဖေ အကဲခတ်မိနေလိမ့်မည်။ သားသမီးများကို အဆင်ပြေမှုများသာ ပေးချင်သည့်အဖေ။ စိုးထက်၏ အဖေ့အပေါ် ဆက်ဆံမှုကို အဖေရိပ်မိသလို သီရိလည်းသိသည်။ အဖေ့ကို မလေးမစားဆက်ဆံသည့်အခါတိုင်း သီရိစိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြင့် မျက်ရည်လည်နေမိခဲ့သည်။ ပြဿနာတက်သည့်အခါများလည်း မနည်းတော့ပေ။

"မောင်ရယ် အဖေ့အပေါ်ကို ပြေပြေလည်လည်ဆက်ဆံပေးပါ။ သီရိမှာ ကျေးဇူးဆပ်စရာဆိုလို့ ဒီအဖေပဲရှိတော့တာပါ"

သီရိ ဘယ်လိုပင်ပြောပြော။ ဘယ်လောက် တောင်းပန်တောင်းပန် ယောက္ခမနှင့်သမက်၊ ယောက္ခမနှင့်ချွေးမဆိုသည်ကား အဆင်ပြေမှုရှိသူနည်းလှ၏။ သမားရိုးကျဖြစ်လေ့ဖြစ်ထရှိသည်များထဲတွင် စိုးထက်လည်းပါဝင်နေပေမည်။ အိမ်ပြန်လာသည့်အခါတိုင်း စိုးထက်မျက်နှာက စူပုပ်နေ၏။ အဖေက သူ့ဘာသာသူနေတာပါ။ ဒါကိုတောင် သူက အဖေနှင့် ရန်ဖြစ်ထားသူလိုလို၊ စကားများထားကြသူလိုလို အပြုအမူများနှင့်။ တစ်ခါတစ်ခါ သည်လိုယောကျ်ားတစ်ယောက်ကို ယူမိလေခြင်းဟု နောင်တရမိခြင်းနှင့်အတူ ကွာရှင်းပစ်လိုက်ချင်သည်။ သို့သော် အောင်မြင်မှုမရနိုင်ခဲ့။ တစ်ချိန်လုံး အလျှော့ပေးပြီးနေလာခဲ့ခြင်းမှာ သမီးလေးကို မိတကွဲ ဖတကွဲမဖြစ်လိုတာလည်းပါသည်။ သမီးလေးမျက်နှာကို ကြည့်ရသေး၏။

(၇)

အိမ်ရှေ့ရှိ လမ်းမကြီးထက်တွင် အဖေ့ကို မြင်နေရသည်။ မှုန်ဝါးဝါးအကြည့်များဖြင့်လမ်းလျှောက်နေသည့်အဖေ့ကို ချိုင့်ခွက်တွေ့လျှင် တောင်ဝှေးလေးက အချက်ပေး၏။ ခြေလှမ်းတချို့သတိလက်လွတ်ယိမ်းချော်သွားသည့်အခါ တောင်ဝှေးလေးက အားပြုပေး၏။ အဖေ့သမီး သီရိက အဖေ့ကို ဂရုစိုက်နေပါသည်။ သည်အဖြစ်များကို တမလွန်ကအမေသိလျှင်လည်း ကျေနပ်မည်ထင်ပါ၏။ နေဝင်ခါနီးအချိန်ကာလတွင် အားငယ်မှုများနှင့် အဖေ့ကို သီရိအစွမ်းကုန်ထိ အားပြုပေးချင်ပါသည်။ လောက၌ လူတချို့က ကျေးဇူးတရားကိုမသိတတ်ကြ။ သိတတ်ကြပြန်သော်လည်း သိသလောက်ထိ မဆပ်ပေးနိုင်ကြ။ ပြုမှုမပေးနိုင်ကြ။ ထိုအထဲတွင် သီရိလည်း ပါဝင်ပေလိမ့်မည်။ ဘဝက ရှုပ်ထွေးနေသည့် ပုစ္ဆာတစ်ပုဒ်လိုပင်။ တာဝန်နှင့်ဝတ္တရားများကလည်း များပြားနေသည်။ သွေးသားမတော်စပ်သူ တစ်စိမ်းတစ်ယောက်ကို အချစ်ဆိုသော အရာတစ်ခုတည်းဖြင့် ပတ်သက်ဆက်ဆံနေရ၏။ သားသမီးများအပေါ် ကြွေးသစ်ချပေးရသည်။ ကိုးလလွယ် ဆယ်လဖွားပြီး လူတစ်လုံးသူတစ်လုံးဖြစ်အောင် မွေးထုတ်ပေးခဲ့သည့် ကျေးဇူးရှင် မိဘနှစ်ပါးကိုလည်း ကြွေးဟောင်း ဆပ်ပေးရပြန်ပါသည်။ တကယ်တော့ နေဝင်ချိန်ရောက်နေသည့်အဖေ့အတွက် တောင်ဝှေးလေးက အကောင်းဆုံးအဖော်တစ်ခုပါ။ အဖေမျှော်လင့်သလို သမီးဖြစ်သူဆီမှ ချစ်ခြင်းမေတ္တာကိုတော့ ရပါသည်။ သို့သော် စိတ်အေးချမ်းမှုကိုတော့ အပြည့်အဝရနိုင်ခဲ့လိမ့်မည် မထင်ပါ။ တောင်ဝှေးလေးက အဖေလိုသည့်အခါတိုင်း အမြဲအဖော်ပြုပေး၏။ အဖေ့ကို အားဖြည့်ကူညီပေးရင်းက စိတ်ဆင်းရဲစရာများလည်း ပြန်မပေး။

"ဩော်. . . ငါက တောင်ဝှေးလေးတစ်ချောင်းလောက်တောင် အဖေ့ကို စိတ်ချမ်းသာမှုမပေးနိုင်ခဲ့တာပါလား"

တွေးရင်းက မျက်ရည်များလည်လာသည်။ တရွေ့ရွေ့ဖြင့် အဖေက လမ်းဆက်လျှောက်နေ၏။

"ဟဲ့ ဟာ ဒီမိန်းမကတော့"

အတွေးများနှင့်အတူ ရှိနေရင်းက စိုးထက်၏စကားသံကိုကြားလိုက်ရသည်။ လျှပ်တစ်ပြက်အတွင်းမှာပဲ နားအုံတစ်ခုလုံး ပူထူသွား၏။ ပျာပျာသလဲဖြစ်ကာ စားပွဲပေါ်မှဟင်းရည်များကို လက်သုတ်ဝတ်ဖြင့် ခပ်မြန်မြန်သုတ်လိုက်သည်။ အိမ်ထရံကြားမှ မှိန်ပျပျအလင်းရောင်က မပီဝိုးတဝါးဖြစ်နေ၏။ မကြာမီ အိမ်လေးလည်း အမှောင်ကျသွားတော့မည်။ သီရိ၏ ဘဝကဖြင့် အမှောင်ကျနေသည်မှာကြာခဲ့ပါပြီ။

## မင်းကွန်းမြေ

\- သာသနာ့ ရွှေရောင်လွှမ်းတဲ့
တောတောင်တန်း မင်းကွန်းမြေ၊
သူတော်စင် ရဟန်းမြတ်
ကိန်းဝပ်တည်နေ၊
တိပိဋက သံဃာထေရ်
မွေးဖွားပေ ဌာနေအစစ်၊
စာပညာ တန်ခိုးထွားတယ်
ကြိုးစားထုဆစ်။

\- သမိုင်းဝင် အမွေအနှစ်
ထိန်းသိမ်းချစ် တန်ဖိုးဝင်၊
ပုထိုးတော် ခေါင်းလောင်းကြီးဖြင့်
ဂုဏ်ဟည်းစံတင်၊
ခြင်္သေ့ကြီး နှစ်ကောင်ပင်
မြင်ရလျှင် အံ့မခန်း၊
မြသိန်းတန် စေတီထူးက
ကြည်နူးမှုလွှမ်း။

\- ကျောက်စာစုံ ကမ္ပည်းဆန်းနဲ့
ခရီးလမ်း သာသာယာ၊
မြစ်ရော အနောက်ဘက်
ထွန်းလျက်သာသနာ၊
ကမ္ဘာကျော်တဲ့ မင်းကွန်းရွာ
လေ့လာစရာ သုတများ၊
ချစ်မိတ်ဆွေ တစ်ခါတစ်ခေါက်
လာရောက်ပါလား။

\- ထုံးဖြူဖြူ ပုထိုးဘုရားနဲ့
သာသနာ့အား ထွန်းကားသည်၊
စိတ်တည်ငြိမ် မေ့လမ်း
ရွှင်လန်းရမည်၊
မြတ်ပဌာန်း အသံကြည်
ပျံ့လွင့်တည် ရွာမင်းကွန်း၊
သာသနာ့ စာဝါအကျိုး
သယ်ပိုးလို့ထွန်း။ ။


**မောင်မျိုးချစ်(အညာမြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလအတွင်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀၃ ဒသမ ၇၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် မေ ၂**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ယခုနှစ် ဧပြီလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀၃ ဒသမ ၇၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူထံမှ သိရသည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ယခုနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းများအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ကုန်သွယ်မှုပြုလုပ်နေပြီး မူဆယ် ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၄၄ ဒသမ ၆၃ သန်း အများဆုံးရရှိထားကြောင်း သိရသည်။

"မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုအခြေအနေကတော့ အခုဘဏ္ဍာနှစ်ရဲ့ ဧပြီလမှာ အမေရိကန်ဒေါ်လာ ၂၀၃ ဒသမ ၇၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၄၄ ဒသမ ၆၃ သန်း၊ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းက အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၆၃ သန်း၊ ကံပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းက အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၅၈ သန်း၊ ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေးစခန်းက အမေရိကန်ဒေါ်လာ သုည ဒသမ ၃ သန်း၊ လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းက အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၃ သန်း ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းတွေမှာ ကုန်သွယ်မှု ဆောင်ရွက်ရာမှာ အမေရိကန်ဒေါ်လာ၊ ယွမ်၊ ဘတ်စတဲ့ငွေကြေးတွေကို ပြန်လည်အသုံးပြုခွင့် ပေးထားတဲ့အတွက် ကုန်သည်တွေအတွက် အဆင်ပြေပါတယ်"ဟု ဒေါ်ချိုသက်မူက ပြောပြသည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်း၊ ကျိုင်းတုံ နယ်စပ်ကုန်သွယ်ရေးစခန်း၊ ကံပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်း စသည့်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲအပါအဝင် လယ်ယာထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်းနှင့် အခြားစားသောက်ကုန်ပစ္စည်းများကို တင်ပို့နေပြီး တရုတ်နိုင်ငံမှ ဆောက်လုပ်ရေးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်း၊ အသင့်စားစားသောက်ကုန်နှင့် ဆေးဝါးများ ပြန်လည်တင်သွင်းလျက်ရှိကြောင်း ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပြ၍ သိရသည်။

ASH

# လပွတ္တာမြို့နယ် ကျောက်ဖြူကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

**လပွတ္တာ မေ ၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေ အမျိုးသမီးများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ကျောက်ဖြူကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို မေ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်သူက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ၊ သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များအကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံလွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းသို့ လပွတ္တာမြို့နယ်အတွင်းရှိ ကျောက်ဖြူကျေးရွာမှ သင်တန်းသူဦးရေ ၃၀ တက်ရောက်ကြပြီး သင်တန်းတွင် အခြေခံစက်ချုပ်နည်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြနှစ်ဦးက စာတွေ့၊လက်တွေ့ဖြင့် မေ ၁ ရက်မှ ၃၀ ရက်ထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်သူက ပြောပြ၍ သိရသည်။

**မောင်နိုင်**

စာအုပ်စာပေ လူ့မိတ်ဆွေ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၂၀ | ၂၀၇၀ | ၂၀၆၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၀ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၅ | ၂၈၁၀ |
| 95 Ron | ၂၀၉၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၅ | ၂၁၅၀ | ၂၁၂၅ | ၂၂၂၅ | ၂၂၄၀ | ၂၁၃၅ | ၂၁၅၀ | ၂၁၈၀ | ၂၁၈၀ | ၂၁၈၀ | ၂၄၁၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၁၅ | ၁၉၆၅ | ၁၉၆၀ | ၁၉၂၅ | ၁၉၆၀ | ၁၉၈၅ | ၁၉၈၀ | ၁၉၅၀ | ၂၀၆၅ | ၂၀၆၀ | ၁၉၅၅ | ၁၉၆၅ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၅ | ၂၂၃၀ | ၂၉၀၀ |
| HSD (50 ppm) | ၁၉၉၅ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၅ | ၂၀၆၀ | ၂၀၃၀ | ၂၁၄၅ | ၂၁၄၀ | ၂၀၃၅ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၃၁၀ | ၂၉၃၀ |
| HSD (10 ppm) | ၁၉၉၅ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၅ | ၂၀၆၀ | ၂၀၃၀ | ၂၁၄၅ | ၂၁၄၀ | ၂၀၃၅ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၃၁၀ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၄ | ၁၉၈၆ |
| 95 Ron | ၁၉၈၆ | ၂၀၆၀ |
| HSD (500 ppm) | ၁၈၁၆ | ၁၈၈၂ |
| HSD (50 ppm) | ၁၈၉၀ | ၁၉၅၇ |
| HSD (10 ppm) | ၁၈၉၀ | ၁၉၅၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ ဧပြီလတွင် ဒေသထွက်သီဟိုဠ်စေ့ ပိဿာချိန် ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ပုသိမ် မေ ၂**

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ ဧပြီလတွင် ဒေသထွက်ကုန် သီဟိုဠ်စေ့ ပိဿာချိန် ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပုသိမ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဦးကြည်ဆွေက ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ လယ်ယာထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ မတ်လအတွင်းက သီဟိုဠ်စေ့ပိဿာချိန် ၂၃၇၀၀၀ သာ တင်ပို့ရောင်းချခဲ့ရပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း သီဟိုဠ်စေ့ ပိဿာချိန် ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ပြည်ပဈေးကွက် ရှိလာတာကြောင့် တင်ပို့ရောင်းချအား တက်လာတာပါ။ သီဟိုဠ်စေ့ကုန်တွေကို ပုသိမ်ကနေတစ်ဆင့် ရန်ကုန်မြို့ကို ကုန်ချောအဖြစ် အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ကနေ ပြည်ပဈေးကွက်ကို အများအပြား တင်ပို့ရောင်းချလာရတာကြောင့် ရန်ကုန်ဈေးကွက်ကလဲ အဝယ်လိုက်နေတာပါ။ ပြီးခဲ့တဲ့ တစ်လအတွင်း သီဟိုဠ်စေ့တွေကို ကုန်ချိန်တော် တော်များများ တင်ပို့ရောင်းချထားရပါတယ်။ သီဟိုဠ်စေ့တွေက မိုးမရွာခင်အချိန်ထိ ဈေးကွက်မှာအရောင်းအဝယ်ဖြစ်ပါတယ်" ဟု ပုသိမ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဦးကြည်ဆွေက ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးမှ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက်ကုန် သီဟိုဠ်စေ့များသည် ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါ သီဟိုဠ်စေ့ကို မြောင်းမြခရိုင်၊ ဟင်္သာတခရိုင်၊ လပွတ္တာခရိုင်၊ ပုသိမ်ခရိုင် စသည့်ခရိုင်များတွင် စုစုပေါင်းဧက ၆၅၀၀၀ ထိ စိုက်ပျိုးထားကြောင်း၊ အဆိုပါ ဒေသထွက်ကုန် သီဟိုဠ်စေ့များကို ပုသိမ်မြို့ရှိ ပွဲရုံများကဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း၊ ထို့နောက် ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်လေးပင်မြို့နယ် တာဦးကျေးရွာ၌ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ညောင်လေးပင် မေ ၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပေါ်သောင်ကျေးရွာအုပ်စု တာဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်း ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ တာဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်း ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

တာဦးကျေးရွာ ကျေးရွာတွင်းလမ်း အရှည်ပေ ၁၄၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၆၅ သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဧပြီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သုသု**

# မိုင်းဖြတ်မြို့နယ် ဝမ်ပုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**မိုင်းဖြတ် မေ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဝမ်ပုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မေ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အရှည်ပေ ၃၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး လိုက်နာဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့သည်။



ဝမ်ပုံကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၆၆ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၈ ဒသမ ၁ သိန်း စုစုပေါင်း ၉၄ ဒသမ ၁ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ မေ ၁ ရက်ထိ လုပ်ငန်းများအားလုံး ၅၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ ထုတ်ကုန်ထွက်ကုန်များ ဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**ဇင်မာ**

# စေတုတ္တရာမြို့နယ် ကျောက်မွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ မေ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ကျောက်မွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာ တာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့မွန်က စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၏ တာဝန်နှင့်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့၏ ကြီးကြပ်မှုဖြင့် ကျောက်မွဲကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၇ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၁၁ ဒသမ ၆ သန်း၊ ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် နှစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၃ ဦးကို စုစုပေါင်း ငွေကျပ် ၃၁ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# ဗီယက်နမ်နိုင်ငံ၌ကျင်းပမည့် EWEC International Trade, Tourism, and Investment Fair-Da Nang 2023 သို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်မည်

**ရန်ကုန် မေ ၂**

ဗီယက်နမ်နိုင်ငံ ဒါနန်မြို့တွင် ကျင်းပပြုလုပ်မည့် East-West Economic Corridor (EWEC) International Trade, Tourism, and Investment Fair-Da Nang 2023 သို့ မြန်မာစီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာအောင်ဝင်းထံမှ သိရသည်။

အဆိုပါကုန်စည်ပြပွဲကို ယခုနှစ် ဩဂုတ် ၃ ရက်မှ ဩဂုတ် ၈ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ကုန်စည်ပြပွဲတွင် တက်ရောက်မည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအတွက် ပွဲကျင်းပရေးကော်မတီက ပြခန်းနှစ်ခန်းကို အခမဲ့ပြသနိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။


"ဗီယက်နမ်နိုင်ငံ ဒါနန်မြို့မှာ ကျင်းပပြုလုပ်မဲ့ East-West Economic Corridor (EWEC) International Trade, Tourism, and Investment Fair-Da Nang 2023 ကို မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းရှင် ဦးရေ ၃၀ လောက် တက်ရောက်ပြီးတော့ ထုတ်ကုန်တွေကို ပြသဖို့ရှိပါတယ်။ မြန်မာနိုင်ငံက သွားရောက်ပြီးတော့ ကုန်စည်တွေပြသမဲ့ မြန်မာစီးပွားရေးလုပ်ငန်းရှင်တွေအတွက် အကျယ် ၃၀ စတုရန်းမီတာရှိတဲ့ပြခန်းနှစ်ခန်းကို(အခမဲ့) ကုန်စည်ပြပွဲ စီစဉ်ပေးတဲ့ ဗီယက်နမ်နိုင်ငံဘက်က ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်"ဟု ဒေါက်တာ အောင်ဝင်းက ပြောပြသည်။

၎င်းကုန်စည်ပြပွဲသည် အာဆီယံနှင့် မိတ်ဖက်နိုင်ငံများဖြစ်သည့် နိုင်ငံပေါင်း ၂၀ ခန့်မှကုမ္ပဏီနှင့် အဖွဲ့အစည်းပေါင်း ၂၀၀ ကျော်က ထုတ်ကုန်များကို ခင်းကျင်းပြသသွားမည်ဖြစ်ပြီး စုစုပေါင်း ပြခန်း ၅၀၀ ခန့် ပါဝင် ပြသသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ASH**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ရေတ်သီး၊ ရေတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာပဋိပက္ခများဖြေရှင်းရာတွင် အောင်မြင်မှုရရှိလာသောတရုတ်

ဝင်းဇင်(သုတေသန)

အရှေ့အလယ်ပိုင်းဒေသတွင် ဆက်ဆံရေးဆိုင်ရာ တိုးတက်ပြောင်းလဲဖြစ်ပေါ်လာမှုများသည် တရုတ်နိုင်ငံကို ကြားဝင်စေ့စပ်ညှိနှိုင်းသူနှင့် နိုင်ငံပေါင်းစုံ ပါဝင်သော ဆွေးနွေးညှိနှိုင်းမှုများတွင် မှီခိုအားထားရသူအဖြစ် သဘောထားလာသည့်အပြင် နိုင်ငံတကာ ပဋိပက္ခများ ဆွေးနွေးရာတွင် လက်တွေ့ကျကျပါဝင်ဆောင်ရွက်သွားရန် တွန်းအားဖြစ်စေလာခဲ့သည်။

သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရန် ဆော်ဒီအာရေဗျနှင့် အီရန်တို့၏ဆုံးဖြတ်ချက်သည် တရုတ်၏သံခင်းတမန်ခင်းအခန်းကဏ္ဍနှင့် နိုင်ငံရေးဆိုင်ရာ လွှမ်းမိုးမှုကို ပိုမိုထင်ပေါ်လာစေလျက်ရှိသည်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံအဖြစ်ပါဝင်ရန် ဆော်ဒီအာရေဗျ၏ ဆုံးဖြတ်ချက်ချမှတ်ပြီးနောက်ပိုင်း တရုတ်နှင့် အခြားသောဒေသတွင်းနိုင်ငံများ၏ ပံ့ပိုးဆောင်ရွက်မှုကြောင့် ရန်လိုနေကြသည့် အရှေ့အလယ်ပိုင်းအင်အားကြီး နိုင်ငံများကြား ဆက်ဆံရေးပြန်လည်ထူထောင်ရန် သဘောတူညီချက် ထွက်ပေါ်လာခြင်းဖြစ်ပြီး တရုတ်နိုင်ငံကို ငြိမ်းချမ်းရေးအကျိုးဆောင်တစ်ဦးအဖြစ် ရပ်တည်သွားလိုသော သဘောထားကို ပိုမိုခိုင်မာလာစေခဲ့သည်။

ဧပြီ ၆ ရက်က ပေကျင်းမြို့၌ ဆော်ဒီနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးပြီးနောက် ကနဦးသဘောတူညီချက်ရရှိခဲ့သည်။ အဆိုပါအစည်းအဝေး၌ နှစ်နိုင်ငံကြား တိုက်ရိုက်လေကြောင်းပျံသန်းပြေးဆွဲသွားရန်၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ အပြန်အလှန် သွားရောက်လည်ပတ်ရန်အတွက် ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံကြား တင်းမာမှုများ လျော့နည်းလာခြင်းသည် ပုံမှန်ဆက်ဆံရေးကိုပြန်လည်ရောက်ရှိလာပြီဟု မဆိုနိုင်သေးသော်လည်း တရုတ်နိုင်ငံ၏သံခင်းတမန်ခင်းအောင်မြင်မှုသည် ပဋိပက္ခဖြေရှင်းရာတွင် ပါဝင်ဆောင်ရွက်နိုင်ရေး ၎င်း၏ဆန္ဒနှင့် စွမ်းဆောင်ရည်တို့ကိုတိုးမြှင့်ပေးနိုင်သည့်အပြင် ကြားဝင်စေ့စပ်ညှိနှိုင်းမှုရလဒ်များကိုလည်း ပုံဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ပဋိပက္ခစီမံခန့်ခွဲရေးဆိုင်ရာ တရုတ်၏ ချဉ်းကပ်ဆောင်ရွက်မှုသည် စီးပွားရေးဆိုင်ရာအကျိုးအမြတ်များပါဝင်နေပြီး ပုံရိပ်တိုးမြှင့်သွားရန်လည်း ဆန္ဒရှိနေကြောင်းနှင့် နက်နက်ရှိုင်းရှိုင်းပါဝင်ဆောင်ရွက်ခြင်း မဟုတ်ကြောင်း ရေးသားဖော်ပြမှုများလည်းရှိနေသည်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံသည် နက်ရှိုင်းစွာပါဝင်ဆောင်ရွက်ရေးအတွက် ခိုင်မာသောအုတ်မြစ်ချလျက်ရှိပြီး စံနှုန်းကိုအခြေခံသော ပဋိပက္ခစီမံခန့်ခွဲမှုများ လုပ်ဆောင်လျက်ရှိသည်။

**ရပ်ဝန်းနှင့်ပိုးလမ်းစီမံကိန်းကျော်လွန်လျက်**

ကြားဝင်စေ့စပ်ဖျန်ဖြေပေးသူအဖြစ် ဆောင်ရွက်သည့် တရုတ်နိုင်ငံ၏အခန်းကဏ္ဍသည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း သိသာထင်ရှားလာလျက်ရှိသည်။ တရုတ်သည် စေ့စပ်ညှိနှိုင်းမှုရလဒ်များထွက်ပေါ်လာရန်နှင့် အဆိုပါရလဒ်အပေါ် လွှမ်းမိုးထိန်းချုပ်နိုင်စွမ်းလည်းရှိသည်။ ၂၀၁၃ ခုနှစ်တွင် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (BRI)စတင်ထုတ်ပြန်ကြေညာကတည်းက ပဋိပက္ခများတွင် တရုတ်၏ပါဝင်ဆောင်ရွက်မှုသည် အစဉ်အလာအရ အကန့်အသတ်ဖြင့် ထိတွေ့ဆက်ဆံမှုကို ကျော်လွန်လာခဲ့သည်။ ၂၀၁၃ ခုနှစ် မတိုင်မီက တရုတ်နိုင်ငံသည် နိုင်ငံတကာစေ့စပ်ညှိနှိုင်းဖျန်ဖြေမှုများတွင် ပါဝင်ဆောင်ရွက်မှုနည်းပါးခဲ့ပြီး ကြားနေဝါဒနှင့် လိုက်လျောညီထွေမှုဝါဒကိုသာ ထိန်းချုပ်သွားလိုသည်။

အရှေ့အလယ်ပိုင်းဒေသ၊ အာဖဂန်နစ္စတန်၊ မြန်မာနှင့်အီသီယိုးပီးယားနိုင်ငံတို့တွင် မကြာသေးမီက တရုတ်၏ သံခင်းတမန်ခင်းအရ ပါဝင်ဆောင်ရွက်မှုသည် ပဋိပက္ခဇုန်များတွင် နိုင်ငံရေးနှင့် သံတမန်အခန်းကဏ္ဍ ပိုမိုဆောင်ရွက်သွားလိုသောဆန္ဒကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ထို့ပြင် စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ အကျိုးစီးပွားများကို အဓိကကာကွယ်ကာ တရုတ်နိုင်ငံ၏ကြားဝင်စေ့စပ်ဖျန်ဖြေမှုသည် စီးပွားရေးဆိုင်ရာအကျိုးစီးပွားများနှင့် နိုင်ငံတကာ ပုံရိပ်ကောင်းတို့ကို ပေါ်လွင်လာစေလျက်ရှိသည်။ အရှေ့အလယ်ပိုင်းဒေသ၊ အာဖရိကနှင့် အာရှဒေသတို့တွင် BRI အကောင်အထည်ဖော်ရာ၌ တရုတ်နိုင်ငံ၏ အကျိုးစီးပွားများအပြင် အခြားကုန်သွယ်မှုနှင့်စွမ်းအင်စီးဝင်မှုသည် တရုတ်ကို သံခင်းတမန်ခင်းဆိုင်ရာ စေ့စပ်ဖျန်ဖြေမှုများမှ ထွက်ပေါ်လာသောရလဒ်များကို ပုံဖော်ရာတွင် ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်လာစေသည်။

ဆော်ဒီအာရေဗျ-အီရန် ပြန်လည်သင့်မြတ်ရေးအတွက် တရုတ်၏ပါဝင်ဆောင်ရွက်မှုသည် စွမ်းအင်တင်သွင်းရေးမှာ များစွာထင်ရှားလျက်ရှိသည်။ ၂၀၂၁ ခုနှစ်တွင် ဆော်ဒီအာရေဗျသည် တရုတ်နိုင်ငံ၏ရေနံလိုအပ်ချက် ၁၈ ရာခိုင်နှုန်းခန့်ကို တင်ပို့ပေးလျက်ရှိသည်။ တရုတ်သည် ဆော်ဒီအာရေဗျ၏အကြီးမားဆုံးရေနံဝယ်ယူသူဖြစ်သည်။ ဆော်ဒီအာရေဗျ-တရုတ်ဆက်ဆံရေးတွင် အပြန်အလှန်မှီခိုမှုသည် တရုတ်နိုင်ငံကို လွှမ်းမိုးမှုရှိသောစေ့စပ်ဖျန်ဖြေသူအဖြစ် ပါဝင်လာစေရန် တွန်းအားပေးလျက်ရှိသည်။

အလားတူ တရုတ်နိုင်ငံသည် အီရန်၏အရေးပါသော စီးပွားရေးမိတ်ဖက်ဖြစ်သောကြောင့် အီရန်ကို ဆော်ဒီအာရေဗျနှင့် သံခင်းတမန်ခင်းအရ ဆွေးနွေးညှိနှိုင်းရာတွင် အဓိပ္ပာယ်ရှိရှိ ထိတွေ့ဆက်ဆံနိုင်စေသည်။ အီရန်နှင့် ဆော်ဒီအာရေဗျတို့အပေါ် တရုတ်နိုင်ငံ၏ စီးပွားရေးအရလွှမ်းမိုးမှုသည် စေ့စပ်ဖျန်ဖြေမှုများမှတစ်ဆင့် အဆိုပါနိုင်ငံများ၏ နိုင်ငံရေးဆိုင်ရာ စီမံခန့်ခွဲမှုများကို တည့်မတ်ပေးခြင်းအားဖြင့် လွှမ်းမိုးထိန်းချုပ်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

**ရေရှည်အကျိုးမျှော်ကိုးဆောင်ရွက်ခြင်း**

အရှေ့အလယ်ပိုင်းဒေသတွင် တရုတ်နိုင်ငံ၏သမိုင်းကြောင်းဆိုင်ရာ နောက်ခံအကြောင်းတရားများမရှိခြင်းသည်လည်း တရုတ်ကို ကြားဝင်စေ့စပ်ဖျန်ဖြေသူဆိုသော ပုံရိပ်ကောင်းကို ထင်ဟပ်လာစေခဲ့သည်။ တရုတ်၏ BRI ရင်းနှီးမြှုပ်နှံမှုများ၊ စွမ်းအင်မှီခိုမှုနှင့် ကုန်သွယ်ရေးဆိုင်ရာဆက်ဆံရေးတို့သည် ရေရှည်ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ရန် ခိုင်မာသေချာလာစေလျက်ရှိသည်။ တည်ငြိမ်အေးချမ်းသောအရှေ့အလယ်ပိုင်းဒေသခိုင်မာသေချာအောင် ဆောင်ရွက်ခြင်းသည် တရုတ်နိုင်ငံ၏အကျိုးစီးပွားဖြစ်ပြီး တရုတ်နိုင်ငံနှင့် တည်ငြိမ်သောဆက်ဆံရေးထိန်းသိမ်းထားခြင်းသည် ဆော်ဒီအာရေဗျနှင့်အီရန်တို့၏ အကျိုးစီးပွားပင်ဖြစ်သည်။

ပုံရိပ်ကောင်းမွန်မှုသည် ပဋိပက္ခများတွင် တရုတ်နိုင်ငံ၏ပါဝင်ဆောင်ရွက်မှုကို အဆုံးအဖြတ်ပေးစေနိုင်ပြီး ယူကရိန်းအရေးတွင် ၎င်း၏ငြိမ်းချမ်းရေးအဆိုပြုချက်က သက်သေပြသလျက်ရှိသည်။ ယူကရိန်းနိုင်ငံတွင် တရုတ်၏ ငြိမ်းချမ်းရေးစီမံကိန်းသည် ပဋိပက္ခအဆုံးသတ်ရေးထက် ၎င်း၏ငြိမ်းချမ်းရေးဖော်ဆောင်မှုပုံရိပ်ကောင်းမွန်လာစေရန်ဟုဆိုသည်။ မည်သို့ပင်ဆိုစေ ကြားဝင်ဖျန်ဖြေသူအဖြစ် ဆောင်ရွက်သည့် တရုတ်နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် လွှမ်းမိုးထားလျက်ရှိသည်။

ပြင်သစ်သမ္မတ အင်မြူရယ်မက်ခရွန်က ပဋိပက္ခတွင် တရုတ်နိုင်ငံ၏ အလားအလာကောင်းသော ငြိမ်းချမ်းရေးဖော်ဆောင်မှုအခန်းကဏ္ဍကို မီးမောင်းထိုးပြသခဲ့ပြီး တရုတ်သမ္မတရှီကျင့်ဖျင်ကို သက်ဆိုင်ရာနိုင်ငံများကို စေ့စပ်ဆွေးနွေးညှိနှိုင်းရေးစားပွဲဝိုင်းသို့ ခေါ်ဆောင်ရန် တိုက်တွန်းလျက်ရှိသည်။ ပဋိပက္ခများဖျန်ဖြေရာတွင် အဓိပ္ပာယ်ရှိသောအဖြေများပေါ်ထွက်ရေးအတွက် တရုတ်၏ပါဝင်ဆောင်ရွက်မှုလိုအပ်ကြောင်းကို မီးမောင်းထိုးပြသလျက်ရှိသည်။



တရုတ်သည် အာဖရိကတွင်လည်း BRI ၏ ဗဟိုချက်မအဖြစ် ၎င်း၏သံခင်းတမန်ခင်း ထိတွေ့ဆက်ဆံမှုကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အီသီယိုးပီးယားနိုင်ငံတွင် ဆက်ဆံရေးပိုမိုတိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ဒေသတွင်း၌ အငြင်းပွားနေသူများနှင့် အမေရိကန်၏ဆက်ဆံရေးဆိုးရွားလာသည့်အချိန်တွင် တရုတ်သည် အငြင်းပွားမှုများပြေလည်မှုရအောင် စေ့စပ်ဆောင်ရွက်ပေးရန် ကမ်းလှမ်းလျက်ရှိသည်။

တရုတ်နိုင်ငံ၏ စေ့စပ်ဆောင်ရွက်ပေးမှုသည် အကန့်အသတ်ဖြင့် ပါဝင်ဆောင်ရွက်မှုနှင့်အတူ မူဝါဒအရ ထိတွေ့ဆက်ဆံဆောင်ရွက်ခြင်းဖြစ်ပြီး ရလဒ်ထွက်ပေါ်ရေးအတွက် ၎င်း၏အင်အားကိုအသုံးချခြင်းမရှိဘဲ ဆွေးနွေးမှုတွင် ပါဝင်ခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေ လွန်ခဲ့သောဆယ်စုနှစ်အတွင်း တရုတ်အနေအထားသည် တဖြည်းဖြည်းပြောင်းလဲလာခဲ့ပြီး ပဋိပက္ခများတွင် နိုင်ငံရေးအရ ပိုမိုတက်ကြွစွာပါဝင်ဆောင်ရွက်လာခဲ့သည်။

တရုတ်သည် အငြင်းပွားမှုဖြစ်ပွားနေသော နိုင်ငံများကြားတွင် ကြားနေဝါဒကျင့်သုံးပြီး စီးပွားရေးအရ မက်လုံးပေးဆွဲဆောင်နိုင်စွမ်းလည်းရှိသည်။ တရုတ်နိုင်ငံအနေဖြင့် အနာဂတ်ပဋိပက္ခများတွင် ကြားနေဝါဒစွဲကိုင်ထားခြင်းမှသည် နိုင်ငံရေးအရ ပိုမိုဆောင်ရွက်သွားလိုသော အမြင်သဘောထားရှိနေသည်။ ပဋိပက္ခများတွင် တရုတ်နိုင်ငံ၏ပါဝင်မှုသည် အကျိုးစီးပွား၏ တွန်းအားကြောင့်ပင်ဖြစ်သည်။ တရုတ်နိုင်ငံသည် အငြင်းပွားမှုအဖြေရှာရာတွင် တန်ဖိုးထားမှုနှင့် စံနှုန်းသတ်မှတ်ချက်များဖြင့် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးလုပ်ငန်းစဉ် (GSI) သည် ဖွံ့ဖြိုးဆဲကမ္ဘာကြီးတွင် ပဋိပက္ခဖြေရှင်းနိုင်ရေးအတွက် စံနှုန်းများသတ်မှတ်ထားသော လုံခြုံရေးဗိသုကာကိုဖန်တီးရာ၌ ကြိုးပမ်းမှုများကို သိသာထင်ရှားစွာ တွေ့မြင်လာရပြီဖြစ်သည်။ အီရန်-ဆော်ဒီအာရေဗျ ဆက်ဆံရေးပြန်လည်ထူထောင်မှုသည် လက်တွေ့နယ်ပယ်တွင် GSI ဥပမာတစ်ခုဖြစ်ကြောင်းကို တရုတ်နိုင်ငံက ဖော်ပြခဲ့ပြီးဖြစ်သည်။

ပဋိပက္ခများကို ပြေလည်အောင်စေ့စပ်ညှိနှိုင်းရာတွင် ပိုမိုတက်ကြွစွာပါဝင်ဆောင်ရွက်သွားလိုသော တရုတ်နိုင်ငံ၏ စိတ်ကူးရည်မှန်းချက်သည် ပဋိပက္ခဇုန်များတွင် အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ပိုမိုပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အမေရိကန်နှင့် ဒေသတွင်းရှိ အခြားသောအင်အားကြီးနိုင်ငံများကို တွန်းအားပေးသွားလိုဖွယ်ရာရှိနေသည်။ ပဋိပက္ခများမှ ထွက်ပေါ်လာသောရလဒ်များကို ပုံဖော်ရန် တရုတ်ကို ခွင့်ပြုသွားခြင်းသည် အကျိုးစီးပွားတိုးချဲ့ရန်အပြင် အမေရိကန်၊ အိန္ဒိယနှင့် ဂျပန်တို့ကဲ့သို့သော အခြားနိုင်ငံများအပေါ် လွှမ်းမိုးမှုပိုမိုရှိလာစေမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံသည် ဆော်ဒီအာရေဗျ-အီရန်အရေးအပါအဝင် နိုင်ငံတကာ ပဋိပက္ခများဖြေရှင်းရာတွင် အောင်မြင်မှုများ ပိုမိုရရှိလာကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **China wins the mediation medal by Asia Times.**

---

## ဆော့လော်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်မှု စစ်ဆေး

**ဆော့လော် မေ ၂**

ကချင်ပြည်နယ် ချီဖွေခရိုင် ဆော့လော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆော့လော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသူ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ဘမ်ခမ်-မန်ဖျော့-ငါမောဇွပ်-မျောကျောင်း-မျောမောကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားမှုနှင့် စာရင်းဇယားများ မှန်ကန်စွာရေးသွင်းထားမှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်း၊ အတိုးပြန်လည်ပေးဆပ်ရေးကာလတွင် စီမံကိန်းလည်ပတ်ရန်ပုံငွေများကို သေချာစွာ စိစစ်ကောက်ခံရန်၊ ကြွေးကျန်မဖြစ်ပေါ်စေရန်နှင့် စာရင်းဇယားများ မှန်ကန်စွာရေးသွင်းထားရှိရန် ဆွေးနွေးပြောကြားသည်။

ဆော့လော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာများ၊ ချေးငွေများ ပံ့ပိုး၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး ဘမ်ခမ်-မန်ဖျော့-ငါမောဇွပ်-မျောကျောင်း-မျောမော ကျေးရွာတို့၌ လက်ရှိတွင် စီမံကိန်းအသင်းသား၊ အသင်းသူ ၁၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉ ဒသမ ၄ သန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

**အေးသူ**

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိဇ္ဇာဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၅-၄-၂၀၂၃** ရက်နေ့မှစတင်၍ **၂၄-၆-၂၀၂၃** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဇွန်လ ၂၉ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့် အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
- (ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- (ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
- (ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူလူထုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
- (ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့အနေဖြင့် မည်သည့်စိန်ခေါ်မှုပင်ရှိပါစေ၊ ပြည်တွင်းအားသည် ပြည်တွင်း၌သာရှိသည် ဟူသည့် ခံယူချက်ဖြင့် မိမိတို့၏ အမျိုးသားရေး မူဝါဒနှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး နှင့် စားရေရိက္ခာဖူလုံရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ပြုလုပ်သော ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး (၂/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂**

ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

### ရွှေတိဂုံစေတီတော် မြတ်ကြီးအား သံဃာတော် ၁၁၁၁၁ ပါးတို့ဖြင့် ပုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်တော် စုပေါင်း လောင်းလှူပွဲ မင်္ဂလာပြုလုပ်

စာမျက်နှာ - ၂၁

### SARS-CoV-2 Variant Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်

စာမျက်နှာ - ၁၀

### ထူးခြားသည့် နေ့အပူချိန်များ

(၂-၅-၂၀၂၃)

| | | |
|---|---|---|
| ချောက်မြို့ | ၄၅ | ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မြင်းမူမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ရမည်းသင်းမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |

Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



- ကုမ္ပဏီအခမ်းအနားများ
- ပြင်ပအစည်းအဝေးပွဲများ
- ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
- နှစ်ပတ်လည် အခမ်းအနားပွဲများအား

ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..